# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ညီညွတ်ခြင်းသည် ချမ်းသာခြင်း

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ (ဓမ္မပဒ - ၁၉၄)


၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၂၈)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့ တွေ့ဆုံ

# မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ခိုင်မာစေရေး၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖော်ဆောင်နိုင်ရေး ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆင်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**ဆီရမ်ရိ(ပ်) ဖေဖော်ဝါရီ ၄**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆင်တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဖနောင်ပင်မြို့ရှိ Peace Palace ၌ တွေ့ဆုံသည်။

**သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်ခိုင်မာစေရေး၊ မြန်မာနိုင်ငံရှိ ပုဂံဒေသနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ ဆီရမ်ရိ(ပ်) ဒေသတို့အကြား ညီအစ်မမြို့တော်ထူထောင်ထားရှိပြီးဖြစ်သောကြောင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ မြန်မာနိုင်ငံ ပုဂံမြို့နှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့သို့ မြန်မာနိုင်ငံမှ ယခင်က ပျံသန်းပြေးဆွဲခဲ့သည့် လေကြောင်းလိုင်းအား ပြန်လည်ပျံသန်းပြေးဆွဲရေးနှင့် နှစ်နိုင်ငံအစိုးရချင်းသာမက ပြည်သူများအကြား ပူးပေါင်းဆက်နွှယ်မှု ပိုမိုမြှင့်တင်နိုင်ရန် နှစ်နိုင်ငံဘာသာစကားနှင့် စာပေများအား အပြန်အလှန် ဖလှယ်သင်ကြားရေး၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲကုန်သွယ်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ရန် အခွန်နှစ်ထပ်မကောက်ခံရေး နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နေအိမ်သို့ မွန်အမျိုးသားနေ့အကြို တေးသီချင်းများ လာရောက်ဖျော်ဖြေ

စာမျက်နှာ » ၈




မြန်မာ့အလင်း

# ပြည်ထောင်စုသားအားလုံးအတွက် မမေ့လျော့သော ယုံကြည်ချက်ဖြင့်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပဋိသန္ဓေဖြစ်သော ပြည်ထောင်စုနေ့သည် အနှစ်ခုနှစ်ဆယ်ပြည့်မြောက်ရန် ရက်သတ္တတစ်ပတ်ခန့်သာလိုပါတော့သည်။ ထိုနှစ်ပေါင်းခုနှစ်ဆယ်သက်တမ်းကို ကျွန်ုပ်တို့မြန်မာနိုင်ငံသားများ မည်သို့ဖြတ်သန်းခဲ့ကြရလေသနည်းဟု အရွယ်ရောက်ပြီး မဲပေးခွင့်ရှိသူတိုင်း စိတ်ဝင်စားသင့်သော အချိန်အခါနှင့်လည်း တိုက်တိုက်ဆိုင်ဆိုင်ကြုံတွေ့နေရပါသည်။ တချို့သော နိုင်ငံသားများအတွက်မူ မမျှော်လင့်ဘဲကြုံတွေ့နေရသည်ဟုဆိုလျှင် ပိုမှန်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စု၏ ပဋိသန္ဓေနှင့်အပြိုင်ဖြစ်စေ၊ ပြည်ထောင်စု၏ မွေးနေ့ဖြစ်သော လွတ်လပ်ရေးနေ့နှင့်အပြိုင် သို့မဟုတ် မတိမ်းမယိမ်းဖြစ်စေ မွေးဖွားလာခဲ့ကြသော ပြည်ထောင်စုသားမှန်သမျှသည် ၁၉၄၅ / ၁၉၄၆ ခုနှစ်များအတွင်းမှာမှ တန်းဝင်နိုင်ငံသားအဖြစ် ဥပဒေအရအသိအမှတ်ပြုခံရသည့် အသက် ၁၈ နှစ်အရွယ်သို့ ရောက်ခဲ့ကြရပါ သည်။ သို့ဖြစ်၍ သူတို့ ၁၈ နှစ်ပြည့်သောအခါ ဘာကိုအမှန်တကယ်ရင်ဆိုင်ခဲ့ရသည်၊ အဘယ်သို့သော အုပ်ချုပ်မှုမျိုးတွေ့ကြုံနေကြရသည်ကို ယနေ့ခေတ်လို အခြေအနေတွင် သူတို့၏တူသားနောင်မယ်များ အကယ်၍စိတ်ဝင်စားလျှင် လွယ်ကူစွာလှန်လှောရှာဖွေ လေ့လာမှတ်သားခံစားကြည့်နိုင်ကြပြီဖြစ်ပါသည်။

ထိုမျှမက ထိုထို ဘကြီး၊ ဦးရီး၊ မိခင်၊ ဖခင်တို့မွေးဖွားခါစမှာ ပြည်ထောင်စုရဲ့သန္ဓေဖြစ်ပေါ်လာပုံ အသေးစိတ်ပါမကျန် ပြန်လှန်လေ့လာသုံးသပ်နိုင်ခွင့်လည်း ရကြပါပြီ။ ဤသို့ လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုနိုင်ရုံသာမဟုတ်သေး လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲမှာလည်း သန်းပေါင်းများစွာသောလက်သန်းများ စုပေါင်းအားဖြင့် နိုင်ငံသားတိုင်းသွားလိုရာ၊ ရှေးရှုရာလမ်းကိုလည်း ဖြောင့်တန်းစွာ ရွေးချယ်နိုင်ခဲ့ကြပြီ။ သို့ရာတွင် အထက်မှာဖော်ပြခဲ့သလို မိမိတို့၏ ဘကြီး၊ ဘထွေး၊ မိဘ၊ အရီး၊ ဒွေးလေးတို့သာမက မျက်မှောက်ကာလမှာ မဲပေးခွင့်ရခဲ့ပြီးသူ အသက်နှစ်ဆယ်ဝန်းကျင်တို့၏ အဘိုးအဘွားများ အပါအဝင် ပြည်ထောင်စု၏ သန္ဓေနှင့်အပြိုင် မွေးဖွားလာသူများအဖို့တော့ နှစ်ဆယ့်တစ်ရာစုထဲကို ဆယ့်ငါးနှစ်ကျွံဝင်လာပြီးခါမှ ဤသို့သော အခွင့်အရေးကို မြင်ဖူး ရဖူးခဲ့ကြတာဖြစ်ကြောင်း မေ့လျော့မသွားစေရန် အရေးကြီးလှပါသည်။

ဒီလ ( ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ) မှာ “အသက် ဘယ်လောက်ရှိပြီလဲ” ဟုမေးလျှင် ၆၉ သို့မဟုတ် ၇၀ ရှိပြီဟု ဖြေကြရမည့်သူမှန်သမျှသည် လွန်ခဲ့သော တစ်နှစ်နှင့်သုံးလခန့်ကမှ အပြောင်းအလဲကို တောင့်တသော မိမိ၏ကိုယ်ပိုင်ဆန္ဒတစ်ခုတည်းဖြင့်သာ ရွေးချယ်လိုက်သည့် ပါတီက အစိုးရသစ်ဖွဲ့စည်းပြီး မိမိကိုယ်စား တိုင်းပြည်တာဝန်ထမ်းဆောင်နေခြင်းကို ဘဝတစ်သက်တာတွင် ပထမဦးဆုံးအကြိမ်အဖြစ် မျက်ဝါးထင်ထင်တွေ့မြင်ဖူးကြသူများဖြစ်ပါသည်။ သူတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ခဲ့ရသောဘဝတွင် အနှစ်ခုနှစ်ဆယ်ခန့်တိတ်ဆိတ်စွာ ခေါင်းငုံ့လိုက်ပါရှင်သန်ဖြတ်သန်းခဲ့ရပြီးမှ တစ်သက်တာအတွက် မမျှော်လင့်တော့သောအခွင့်အရေးကို ရခဲ့ကြသူများသာဖြစ်ကြောင်း ထိုထို ဘိုးဘွား၊ မိဘတို့နေရာတွင် ပူးဝင်မျှဝေခံစားကြည့်ဖူးမှသာ နားလည်နိုင်ပါလိမ့်မည်။

တစ်ဆက်တည်းမှာပင် ဒီထက်ပို၍ အလေးအနက်ထားပြီး တွေးရဦးမည့် နောက်တစ်ချက်မှာ ဤသို့ပြည်ထောင်စုနှင့်အပြိုင် မွေးဖွားလာကြသူအားလုံးထဲမှာမှ ယုံကြည်နိုင်ရန်ပင်ခက်ခဲလှသော ဤအခွင့်ထူးကို ဘယ်နှရာခိုင်နှုန်းလောက်ကများ ရရှိခဲ့ကြလေသနည်းဟု တွေးတောဆန်းစစ်ကြည့်ခြင်းပင်ဖြစ်ပါသည်။ ထိုအခါ ပြည်ထောင်စုနေ့ပေါ်ထွန်းလာသည့် ၁၉၄၇ ခုနှစ်တွင် မွေးဖွားခဲ့ကြသော မြန်မာပြည်သားအများစုကြီးမှာ ကိုယ်တိုင်မဲပေးရွေးချယ်ရသည့် ကိုယ့်အစိုးရကိုပင် မမြင်ဖူးလိုက်ဘဲ တစ်သက်တာကုန်ဆုံးခဲ့ရတာဖြစ်ကြောင်း ရုပ်လုံးပေါ်လာပါလိမ့်မည်။ ခေတ်နှင့်အညီအသိဉာဏ်ပညာပြည့်စုံသော၊ အသက်ငယ်ရွယ်သေးသော လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များအပါအဝင် လူမျိုးပေါင်းစုံ ပြည်ထောင်စုသားလူငယ်လူရွယ်တိုင်း ဒီရှုထောင့်ကကြည့်ပြီး ရင်ဆိုင်ရဦးမည့် အခက်အခဲအတားအဆီးများနှင့် အဖြေရှာရဦးမည့် ပြဿနာများအားလုံးအပေါ်မှာ စိတ်ရှည်စွာ၊ သဘောထားကြီးစွာ၊ ကိုယ်ချင်းစာနာနားလည်စိတ်ကြီးမားစွာဖြင့် မျှဝေခံစားကြပါမှ ပြီးပြည့်စုံသော ပြည်ထောင်စုခေတ်ကိုရောက်သည်အထိ ကာလတစ်ခုသတ်မှတ်ပြီး တစ်သမတ်တည်း လျှောက်လှမ်းနိုင်ကြလိမ့်မည်ဖြစ်ပါသည်။

အစိုးရသစ်၊ လူထု၏ဘဝသစ်နှင့် မျှော်လင့်ချက်အသစ်မှန်သမျှသည် အဟောင်းအဆွေး အပြိုအပျက်အတားအဆီး အပုံလိုက်ကြားမှာ ခိုအောင်းနေသော ပြဿနာများကို ရင်ဆိုင်ဖြတ်သန်းရင်းတည်ဆောက်ယူရမည်ဖြစ်ကြောင်း မမေ့လျော့ပါမှ သဒ္ဒါနှင့်ဝီရိယမြဲမြံလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊



## နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အများပြည်သူများအား အခမဲ့ဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ တိုင်းဒေသကြီးနှစ်ခုနှင့် ပြည်နယ်ခုနစ်ခုတို့မှ ယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့်လည်းကောင်း၊ မြို့ရွှေမန်းသားလေး ဖိုးချစ်ဇာတ်သဘင်အဖွဲ့က အကအလှများဖြင့် လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက သီရိဝံသဇာတ်ကြီးဖြင့်လည်းကောင်း အများပြည်သူများအား အခမဲ့ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုနေ့အကြို ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ရေတာရှည် ဖေဖော်ဝါရီ ၄**

တောင်ငူခရိုင် ရေတာရှည်မြို့နယ်၌ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ပြည်ထောင်စုနေ့အကြို ဉာဏစွမ်းရည်ပြိုင်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အင်္ဂလိပ်စာစွမ်းရည်၊ ဉာဏ်စမ်းမေးခွန်းဖြေဆိုခြင်း၊ ရိုးရာအကယှဉ်ပြိုင်ခြင်း၊ သရုပ်ဖော်ပြိုင်ပွဲ၊ ပုံတူပန်းချီဆွဲပြိုင်ပွဲများကို ထည့်သွင်း၍ အဖွဲ့လိုက်ယှဉ်ပြိုင်စေခဲ့ပြီး မင်္ဂလာသီရိ၊ ရွှေကျင်၊ ကံမြင့်၊ မြို့လယ် ဓမ္မစကူးကျောင်းများမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၄-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၆ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ · ၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဖနောင်ပင်မြို့ရှိ ဝပ်ဖနောင်စေတီတော်အား ဖူးမြော်ကြည်ညိုစဉ် (သတင်းစဉ်)

*ရှေ့ဖုံးမှ

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ သာသနာပြန့်ပွားရေးအတွက် မြန်မာနိုင်ငံမှ လိုအပ်သည့် အကူအညီများ ဆက်လက်ထောက်ပံ့ ကူညီသွားရေးနှင့် နှစ်နိုင်ငံပူးတွဲကော်မရှင် အစည်းအဝေး ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

**အလှူငွေများပေးအပ်**

နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ဖနောင်ပင်မြို့ဝပ်ဖနောင် (Wat Phnom) စေတီတော်သို့သွားရောက် ဖူးမြော်ကြည်ညိုကာ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အလှူငွေများပေးအပ်လှူဒါန်းသည်။

**တွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ ကမ္ဘောဒီးယားနိုင်ငံရောက် သံရုံး၊ စစ်သံရုံးမိသားစုများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တပ်မတော်မှ ပညာတော်သင်များ၊ ကမ္ဘောဒီးယား-မြန်မာ ချစ်ကြည်ရေးအသင်းဝင်များ၊ လုပ်ငန်းရှင်များ၊ လာရောက်အလုပ်လုပ်ကိုင်နေကြသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ကမ္ဘောဒီးယားနိုင်ငံရောက် မြန်မာမိသားစုများအား ယခုလို စုံစုံညီညီတွေ့ခွင့်ရ၍ ဝမ်းသာမိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မိမိတို့နိုင်ငံသည် ယဉ်ကျေးမှုချင်းတူညီသည့်အတွက် မြန်မာမိသားစုများအနေဖြင့် နေထိုင်မှုနှင့် အလုပ်အကိုင်များ အဆင်ပြေကြမည်ဟု ယုံကြည်ပါကြောင်း။

**ဆောင်ရွက်ပေးမည်**

မိမိတို့နိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်း အခြေအနေအရ ရေကြည်ရာမြက်နုရာရှာ၍ ရေခြားမြေခြားတွင် လာရောက်လုပ်ကိုင်နေကြသူများအနေဖြင့် မိမိတို့နေထိုင်သည့် နိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကိုလည်း သိရှိလိုက်နာရန် လိုအပ်ပါကြောင်း၊ မြန်မာမိသားစုများအတွက် နိုင်ငံတော်တွင် တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် အခက်အခဲနှင့် အဆင်မပြေမှုများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ပါကြောင်း၊ တင်ပြချက်များအပေါ် တတ်နိုင်သည်များကို ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကြိုးစားဆောင်ရွက်**

ကမ္ဘောဒီးယားနိုင်ငံရောက် မြန်မာမိသားစုများအနေဖြင့် မိမိတို့တတ်မြောက်ထားသည့် အတတ်ပညာ၊ နည်းပညာ၊ အတွေ့အကြုံများကို ပြန်လည်အသုံးချပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းသယ်ပိုးဆောင်ရွက်ကြစေလိုပါကြောင်း၊ တစ်ချိန်ချိန်တွင် ပြန်လာပြီး မိမိတိုင်းပြည် ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဖနောင်ပင်မြို့ရှိ မြန်မာသံရုံးမိသားစုဝင်များအား တွေ့ဆုံစဉ် (သတင်းစဉ်)

ထို့အတူ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံးနှင့် စစ်သံရုံး မိသားစုဝင်များနှင့် သီးခြားတွေ့ဆုံ၍ လမ်းညွှန်အမှာစကား ပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ သံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**ကြိုဆိုနှုတ်ဆက်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ရေးရာဝန်ကြီး Mr. Samdech Chaufea Veang Kong Som Ol နှင့်

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ကမ္ဘောဒီးယားနိုင်ငံရောက် မြန်မာမိသားစုဝင်များနှင့် တွေ့ဆုံ ဩဝါဒစကား ပြောကြားစဉ် (သတင်းစဉ်)

**မြန်မာနိုင်ငံ ပုဂံမြို့နှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့သို့ မြန်မာနိုင်ငံမှ ယခင်က ပျံသန်းပြေးဆွဲခဲ့သည့် လေကြောင်းလိုင်းအား ပြန်လည်ပျံသန်းပြေးဆွဲရေးနှင့် နှစ်နိုင်ငံအစိုးရချင်းသာမက ပြည်သူများအကြား ပူးပေါင်းဆက်နွယ်မှု ပိုမိုမြှင့်တင်နိုင်ရန် နှစ်နိုင်ငံဘာသာစကားနှင့် စာပေများအား အပြန်အလှန် ဖလှယ်သင်ကြားရေး၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲကုန်သွယ်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ရန် အခွန်နှစ်ထပ်မကောက်ခံရေး နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးတို့ကို ဆွေးနွေး**

*စာမျက်နှာ ၃ မှ*

တာဝန်ရှိသူများလိုက်ပါလျက် ဖနောင်ပင်မြို့မှ အထူးလေယာဉ်ဖြင့် ဆီရမ်ရိ(ပ်) မြို့သို့ရောက်ရှိရာ ဆီရမ်ရိ(ပ်)မြို့တော်ဝန် Mr.Khlm Bunsong နှင့် တာဝန်ရှိသူများက ဆီရမ်ရိ(ပ်) အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဆီရမ်ရိ(ပ်)မြို့ရှိ အန်ကောပြတိုက်သို့ သွားရောက်ပြီး ခင်းကျင်းပြသထားသည့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် အဆူ ၁၀၀၀ ပြခန်း၊ ခမာအင်ပါယာခေတ် ခမာလူမျိုးများ၏ လူနေမှုဘဝပုံစံပြခန်း၊ အန်ကောခေတ် ခမာလူမျိုးများ၏ ကိုးကွယ်မှုနှင့် သက်ဝင်ယုံကြည်မှုပြခန်း၊ အန်ကောခေတ် ခမာဘုရင်မင်းမြတ်များပြခန်း၊ အန်ကောဝပ်ကျောင်းပုံစံငယ်ပြခန်း၊ အန်ကောသုန်ကျောင်း ပုံစံငယ်ပြခန်း၊ အန်ကောခေတ် သမိုင်းဝင်ကျောက်စာများ ပြခန်းနှင့် ရှေးခေတ် ခမာလူမျိုးများ၏ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများပြခန်းတို့အား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ညစာစားပွဲသို့ တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ ဆီရမ်ရိ(ပ်)မြို့တော်ဝန်က Sokha Angkor Resort ဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်သည် ဖနောင်ပင်မြို့ရှိ ဗဟိုဈေးကြီးသို့ သွားရောက်၍ လက်ဝတ်ရတနာများ၊ အဝတ်အထည်များ၊ ရိုးရာလက်မှု ပစ္စည်းများဖြစ်သည့် ကြွေထည်၊ ငွေထည်များ၊ ပန်းပုလက်ရာများ၊ လက်မှုအနုပညာ ပစ္စည်းများအား လှည့်လည်ကြည့်ရှုလေ့လာသည်။ **(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဆီရမ်ရိ(ပ်)မြို့သို့ သွားရောက်ရန် ဖနောင်ပင်လေဆိပ်မှ ထွက်ခွာလာစဉ်** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင် ဖနောင်ပင်မြို့ရှိ ဗဟိုဈေးကြီး၌ လက်မှုအနုပညာပစ္စည်းများအား လှည့်လည်ကြည့်ရှုလေ့လာစဉ်** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့်အဖွဲ့ ဖနောင်ပင်မြို့ရှိ ဝပ်ဖနောင်စေတီ ရင်ပြင်တော်ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်နိုင်မည့် လေ့လာသုံးသပ်ချက်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဟားဗက်ဒ်တက္ကသိုလ် အုပ်ချုပ်မှုပညာဆိုင်ရာ ကနေဒီကျောင်း အက်ရှ်စင်တာမှ ပါမောက္ခ Mr. Thomas J. Vallely နှင့် အဖွဲ့အား ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံလက်မှတ်(NV Card) ထုတ်ပေးမှုနှင့် ရခိုင်ပြည်နယ်အတွင်း NV Card ထုတ်ပေးပြီးစီးမှု၊ NV Card ကိုင်ဆောင်ထားသူအတွက် ရရှိခံစားနိုင်သည့် အခွင့်အရေးနှင့် အကျိုးကျေးဇူးများ၊ NV Card ထုတ်ပေးပြီးနောက် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်နိုင်မည့် လေ့လာသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဟားဗက်ဒ်တက္ကသိုလ် အုပ်ချုပ်မှုပညာဆိုင်ရာ ကနေဒီကျောင်း အက်ရှ်စင်တာမှ ပါမောက္ခ Mr. Thomas J. Vallely တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ **(မိုး/ဇလ)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တွန်းဇန်မြို့နယ်နှင့် ကျီခါးမြို့နယ်အား ဆက်သွယ်ပေးမည့် မဏိပူရမြစ်ကူးတံတား (နတ်ဇန်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)



❄ *ကျောဖုံးမှ*

တင်ပြချက်များနှင့် ပတ်သက်၍ ဒုတိယသမ္မတက ဒေသများဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးသည် အလွန်အရေးပါကြောင်း၊ မဖွံ့ဖြိုးသေးသည့် ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုမြန်ဆန်လာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တွန်းဇန်မြို့နယ်လူထုနှင့် မြို့နယ်အားကစားခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေအများကို မေးမြန်းဆွေးနွေးပြီး ဒေသခံများအား စောင်များနှင့် ကျေးလက်မီးလင်းရေးအတွက် ဆိုလာပြားများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် ရိဒ်ခေါဒါရ်မြို့ ရိဒ်ရေကန်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကန်အနီးရှိ သဘာဝပတ်ဝန်းကျင်အခြေအနေ၊ ကန်အတွင်းရေဝင်ရောက်မှုနှင့် ကန်ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ထားမှုအခြေအနေများကို တင်ပြကြပြီး ဒုတိယသမ္မတက ရိဒ်ရေကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အသေးစိတ်စစ်ဆေးမှုများပြုလုပ်သွားရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရိဒ်ရေကန်ကိုအခြေခံ၍ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ရိဒ်ခေါဒါရ်မြို့ အိန္ဒိယ-မြန်မာနယ်စပ်ချစ်ကြည်ရေးတံတားကြံ့ခိုင်မှု အခြေအနေကို သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တီးတိန်မြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ခွဲစိတ်ခန်းနှင့် ဆေးဝါးကုသဆောင်များကို ကြည့်ရှုစစ်ဆေးကာ လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တီးတိန်မြို့နယ် ပြည်သူလူထုအား ကမ်းဟောက်အားကစားခန်းမ၌ တွေ့ဆုံ၍ ဒေသ၏ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသ၏ပညာရေးနှင့် ကျန်းမာရေးအတွက်အသုံးပြုရန် ငွေကျပ်သိန်း ၁၀၀၊ ကျောင်းသုံးဗလာစာအုပ်နှင့် ဆိုလာပြားများကို ထောက်ပံ့ပေးအပ်သည်။

လူထုတွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ချင်းပြည်နယ်အတွင်း ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန်နှင့် ချင်းပြည်နယ်၏ ပကတိအခြေအနေကို သိရှိနိုင်ရန် လာရောက်ကြည့်ရှုခြင်းဖြစ်ပါကြောင်း၊ ဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို အတတ်နိုင်ဆုံး ကူညီဆောင်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အဘက်ဘက်တွင် နောက်ကျကျန်ခဲ့သည့်အတွက် အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြု၍ ကြိုးစားဆောင်ရွက်နေပါကြောင်း။

ချင်းပြည်နယ်တွင် ဆောင်ရွက်နေသည့် ရွှေ့ပြောင်းတောင်ယာစနစ်သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေပါကြောင်း၊ ဒေသနှင့်လိုက်လျောညီထွေရှိသည့် နှစ်ရှည်ပင်များကို စနစ်တကျစိုက်ပျိုးသင့်ပါကြောင်း၊ ချင်းပြည်နယ်တွင် ယခင်က အောင်မြင်ဖြစ်ထွန်းခဲ့သည့် ပိုးမွေးမြူရေးလုပ်ငန်းနှင့် ကော်ဖီပင် စိုက်ပျိုးရေးလုပ်ငန်းကို တစ်ဦးချင်းဖြစ်စေ အဖွဲ့အလိုက်ဖြစ်စေ ပူးပေါင်းဆောင်ရွက် စေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံး နိုင်ငံဖြစ်လာမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများက အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ သို့မှသာ မိမိတို့၏ ရည်မှန်းချက်ဖြစ်သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် လျင်လျင်မြန်မြန် အကောင်အထည်ပေါ်လာမည်ဖြစ်ပါကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယင်းဒေသ၏ တည်ငြိမ်အေးချမ်းမှုသည် များစွာအရေးပါပါကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ မိမိတို့လိုလားသည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို အောင်အောင်မြင်မြင်ရောက်ရှိမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကိုဖွဲ့စည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို အောင်အောင်မြင်မြင် ကျင်းပခဲ့ပါကြောင်း၊ မကြာခင်ကာလတွင်လည်း ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို ထပ်မံကျင်းပရန်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းများကို အစွမ်းကုန်ကြိုးစား ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

❄ *ကျောဖုံးမှ*

ချစ်ကြည်ရင်းနှီးမှုတိုးတက်လာဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံရဲ့ ဆက်ဆံရေးဟာ ပိုမိုတိုးတက်တဲ့ ဆက်ဆံရေးတစ်ခုအဖြစ်သို့ ရောက်ရှိလာပါတယ်။ ဒီမိုကရေစီအစိုးရသစ်တက်လာပြီးတဲ့နောက် ဂျပန်-မြန်မာဆက်ဆံရေးဟာ ပိုမိုတိုးတက်အောင်မြင်လာခဲ့ပါတယ်။ ဒီအောင်မြင်မှုနဲ့အတူ ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ၊ ဂျပန်နိုင်ငံက ကျွမ်းကျင်တဲ့ပညာရှင်တွေ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေ တိုးပွားလာခဲ့ပါတယ်။ ဂျပန်-မြန်မာယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုတွေလည်း တိုးပွားလာခဲ့ပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

အဆိုပါ ဂျပန်-မြန်မာပွဲတော်ကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ ဂျပန်ကုန်သည်နှင့် စက်မှုအသင်း၊ ရန်ကုန်ဂျပန်အသင်းနှင့်ရွှေသံလွင်မီဒီယာတို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီပေါင်း ၂၉ ခုက ဂျပန်အစားအသောက်များ လာရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။ ဂျပန်-မြန်မာပွဲတော်တွင် ဂျပန်နိုင်ငံမှ နာမည်ကြီးအဆိုတော် Hirahara Ayaka နှင့် မြန်မာနိုင်ငံမှ နာမည်ကြီးအဆိုတော်များ ပါဝင်တင်ဆက်ခဲ့ပြီး ဂျပန်နှင့်မြန်မာနိုင်ငံတို့၏ ပိုမိုကောင်းမွန်သောဆက်ဆံရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်ဖော်ပြသော ဖျော်ဖြေတင်ဆက်မှုများဖြင့် တင်ဆက်ခဲ့ကြောင်း သိရသည်။

## မီးလောင်မှုဖြစ်ပွားလျှင်

(၁) မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီ တောင်းပါ။

(၂) မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

(၃) အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extingulsher) ဓာတုဗေဒပေါင်းဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။ **မီးသတ်ဦးစီးဌာန**

# ပြည်တွင်းဘဏ်များ နိုင်ငံတကာသုံး EMV ကတ်များ ပြောင်းလဲထုတ်ဝေရမည်



**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံ ပြည်တွင်းဘဏ်များအနေဖြင့် ထုတ်ဝေပြီးကတ်များကို နိုင်ငံတကာ ငွေပေးချေမှုစနစ်တွင် အသုံးပြုနေသည့် EMV Chip စနစ်သို့ ပြောင်းလဲဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေက ပြောကြားသည်။

MPU နှင့် UPI တို့၏ မြန်မာ Chip Card Standard သတ်မှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သည့် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆီဒိုးနားဟိုတယ်၌ ကျင်းပစဉ် ညွှန်ကြားရေးမှူးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

“မြန်မာနိုင်ငံမှာစတင်ပြီး ကတ်တွေကို မိတ်ဆက်တဲ့ ၂၀၁၂ ခုနှစ်ကစလို့ တစ်ဘဏ်ချင်းသွားမယ့်အစား MPU ကိုထူထောင်ပြီး ဘယ်ကတ်မဆို ဘယ်ဘဏ်မှာမဆို အသုံးပြုနိုင်တဲ့ Chip ကတ်ကို ထုတ်မယ်ဆိုပြီးတော့ အကုန်လုံးကစီစဉ်ခဲ့ပါတယ်။ ဒီကနေ့ကတော့ Chip ကတ်တွေအပြင် ပိုမိုလုံခြုံစိတ်ချရတဲ့ EMV Chip ကို ပြောင်းလဲဖို့ စတင်အကောင်အထည်ဖော် ဆောင်ရွက်တာဖြစ်ပါတယ်။ အမေရိကန်က ဒီစနစ်ကိုပြောင်းလဲဖို့ ၂၀၁၅ အောက်တိုဘာ နောက်ဆုံးထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ အာဆီယံနဲ့ အာရှပစိဖိတ်နိုင်ငံတွေအနေနဲ့ကတော့ ၂၀၁၇ ခုနှစ် အောက်တိုဘာ နောက်ဆုံးသတ်မှတ်ထားပါတယ်။ နောက်ပိုင်းမှာတော့ အရင်ကလုပ်ထားတဲ့ ကတ်တွေကို သက်ဆိုင်ရာနိုင်ငံတွေက တာဝန်ယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံကလည်း International Global Standard ကို လိုက်နာဖို့ရယ်၊ အခုမြန်မာနိုင်ငံ ပြည်တွင်းမှာသုံးနေတဲ့ ကတ်တွေ ပိုပြီးလုံခြုံစိတ်ချဖို့ရယ်၊ အာဆီယံမှာအသင့်ဖြစ်ဖို့ ဒီ EMV Chip Standard ကို ပြောင်းလဲကျင့်သုံးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီ့အတွက် ဗဟိုဘဏ်အနေနဲ့ UPI နဲ့ ပူးပေါင်းဆောင်ရွက်ရတာဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေက ပြောကြားသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ MPU အဖွဲ့ဝင် ဘဏ်များမှ ဒါရိုက်တာများ၊ Unionpay International မှ South East Asia Branch မှ အထွေထွေမန်နေဂျာ မစ္စတာ ရန်ဝမ်ဟွိုင်းတို့တက်ရောက်ကြသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းလက်လီငွေပေးချေမှုတွင် ငွေသားကိုင်ဆောင်၍ ငွေပေးချေနေရသည့် Cash Based System စနစ်မှ Cashless System စနစ်သို့ပြောင်းလဲရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့ငွေပေးချေမှုအဖွဲ့အစည်း Myanmar Payment Union (MPU) ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံဘဏ်များ အသင်းတို့၏ ကူညီမှုဖြင့် ဖွဲ့စည်းထူထောင်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစ၍ MPU အဖွဲ့ဝင် ဘဏ် ၁၇ ဘဏ်သည် MPU Debit Card များ ထုတ်ဝေခဲ့ပြီး ၂၀၁၅ ခုနှစ်က Credit Card နှင့် Co.Brand Card များ ထုတ်ဝေခဲ့ကြောင်း၊ ယခုအခါ MPU ၏ အဖွဲ့ဝင်ဘဏ် ၂၃ ဘဏ်ရှိပြီး ထုတ်ဝေပြီးကတ်ပေါင်း ၂ ဒသမ ၈ သန်းရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# စဉ့်ထည်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတွင် မိရိုးဖလာမှသည် ပြောင်းလဲမှု ဒီဇိုင်းသစ်ဆီသို့

**ခင်သေးလတ်**

**မြန်မာ့စဉ့်ထည်၊ မြေထည်ရိုးရာယဉ်ကျေးမှုသည်စစ်ကိုင်းတိုင်းဒေသကြီး၌ အခိုင်အမာတည်ရှိခဲ့သည်မှာ အလောင်းဘုရားလက်ထက်ကတည်းကပင်ဖြစ်ပါသည်။ ၁၈ ရာစု (၁၇၅၂-၁၇၆၀) တွင် အလောင်းဘုရားသည် စစ်ပွဲတွင် ဖမ်းဆီးရရှိခဲ့သော မွန်လူမျိုး (၅၀၀၀) ဖြင့် မအူရွာနှင့် အုန်းပင်ရွာတို့၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက်ဘဝအခြေခိုင်မာစေရန် ကြွေထည်၊ မြေထည်လုပ်ငန်းကို ပထမဆုံးစတင်လုပ်ကိုင်စေခဲ့ပါသည်။ အိုးလုပ်သည့် သဘာဝရွှံ့စေးများသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်၌ အမြောက်အမြားထွက်ရှိသောကြောင့် ၁၉၆၀ ပြည့်နှစ်က မအူရွာနှင့် အုန်းပင်ရွာတို့မှ တောင်ဘက် ခြောက်မိုင်ခန့်ကွာဝေးသော ယခုနေရာ ကျောက်မြောင်းမြို့သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြပါသည်။**

စဉ့်ထည်အမြောက်အမြားထုတ်လုပ်ရာ ကျောက်မြောင်းမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း၌ တည်ရှိပါသည်။ ရွှေဘိုမြို့၏ အရှေ့ဘက် (၁၇)မိုင်ခန့်အကွာနှင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်း မန္တလေးမြို့၏ မြောက်ဘက် (၄၆)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျောက်မြောင်းမြို့၌ ရပ်ကွက်လေးခုရှိပြီး ယင်းတို့မှာ နွယ်ငြိမ်း၊ ရွှေခွန်၊ ရွှေထိုက်နှင့် မလားရပ်ကွက်တို့ဖြစ်ပါသည်။ နွယ်ငြိမ်းရပ်ကွက်၌ အိုးထုတ်လုပ်သည့် အကြီးစားလုပ်ငန်းများ အဓိကတည်ရှိပါသည်။ ၎င်းအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံ့တေးဒေသ၊ ရှမ်းပြည်နယ်အတွင်းရှိ အင်းလေးဒေသများ၌လည်း ထုတ်လုပ်လျက်ရှိပြီး စင်ကာပူမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့ လစဉ်ကွန်တိန်နာ နှစ်လုံးမှ သုံးလုံးအထိ တင်ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေရှာဖွေပေးလျက်ရှိသော ရိုးရာယဉ်ကျေးမှုလုပ်ငန်းတစ်ခုအဖြစ် ဂုဏ်ယူစွာတည်ရှိနေပါသည်။

မြန်မာ့ရိုးရာ စဉ့်ထည်ထုတ်လုပ်မှုအဆင့်ဆင့်မှာလည်း မိရိုးဖလာနည်းအတိုင်း ရိုးရှင်းလှပါသည်။ ကမ္ဘာ့စဉ့်ထည်ဈေးကွက်အတွင်း ယှဉ်ပြိုင်ဘက်နိုင်ငံများမှာ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဂျပန်၊ တရုတ်နှင့် ဥရောပနိုင်ငံများဖြစ်ပါသည်။ ဈေးကွက်ရရှိရေး ယှဉ်ပြိုင်ရာတွင် အရည်အသွေးကွာဟချက်၊ Research and Innovation ကွာဟချက်၊ Production Design ကွာဟချက်တို့ကြောင့် ဈေးကွက်ခိုင်မာစွာရရှိရန် ကွက်လပ်ကလေးများစွာ လိုအပ်နေပါသည်။ ဖော်ပြပါ ကွက်လပ်ကလေးများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာနသည် နယ်သာလန်နိုင်ငံ PUM Netherlands Senior experts အဖွဲ့အစည်း၏ အကူအညီကို ရယူ၍ ပြောင်းလဲမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

ထိုသို့ ပြောင်းလဲမှုများဆောင်ရွက်ရာတွင် ပြည်တွင်းသုံးစွဲမှုသာမက နိုင်ငံခြားဝင်ငွေ တစ်ဖက်တစ်လမ်းမှရရှိနေသော "ရိုးရာစဉ့်ထည်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတွင် မိရိုးဖလာမှသည် ပြောင်းလဲမှုဒီဇိုင်းသစ်ဆီသို့" ပြောင်းလဲမှုပြုလုပ်ခဲ့ခြင်းဖြင့် ရရှိလာသည့်အကျိုးများကို အများပြည်သူလုပ်ငန်းရှင်များ သိရှိလိုက်ပါ ဆောင်ရွက်နိုင်ရန် ကောက်နုတ်တင်ပြရမည်ဆိုလျှင်-

**(က) အသုံးပြုသည့် Material ပြောင်းလဲခြင်း**

ယခင်ကာလက မြေနီကုန်ကြမ်းများ၊ မြေဝါကုန်ကြမ်းများကို အဓိကထား အသုံးပြုခဲ့ရာမှ ယင်းမြေသားကုန်ကြမ်းတွင် ရွှံ့သားပိုမိုကောင်းမွန်စေသည့် Ball Clay ရောစပ်၍ အသုံးပြုခြင်းဖြင့် ရွှံ့စေးမှာ ပိုမိုကောင်းမွန်လာပြီး ပျော့ပျောင်း၍ အိုးပုံသွင်းရာတွင် အဆွဲအဆန့်ဒဏ် ပိုမိုခံနိုင်ရည်ရှိလာခြင်း၊ မီးပေးရာတွင် မီးဒဏ် ပိုမိုခံနိုင်ရည်ရှိလာခြင်းနှင့် အိုးအသားကျစ်၍ ပိုမိုကောင်းမွန်မာကျောလာစေမည်ဖြစ်ပါသည်။

**ကမ္ဘာ့စဉ့်ထည်ဈေးကွက်အတွင်း ယှဉ်ပြိုင်ဘက်နိုင်ငံများမှာ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဂျပန်၊ တရုတ်နှင့် ဥရောပ နိုင်ငံများဖြစ်**

**(ခ) Production Design ပြောင်းလဲခြင်း**

စဉ့်အရောင်ပုံဖော်ခြင်းတွင် ရှမ်းပြည်နယ်ဒေသထွက် ချော်ညို၊ ချော်ဝါများ အစေးခာတ်အတွက် မြေဖြူ၊ အထောက်အကူပစ္စည်းအဖြစ် လက်ချား(Borax)၊ အောက်ခံအရောင်ပိတ်အတွက် ဒုတ္တာ ($CuSO_4$) နှင့် Cobalt Oxide တို့ကို အသုံးပြုနေသည့်နေရာတွင် အရောင်ဖောက်မြင်နိုင်သည့် အထောက်အကူပစ္စည်း Tin Oxide ကို ထည့်သွင်းအသုံးပြု၍ စဉ့်အရောင်ထွက်ဒြပ်ပစ္စည်းများ၊ စဉ့်အရည်ပျော်မှတ် နိမ့်စေသည့် ဒြပ်ပစ္စည်းများ၊ အရောင်ခြယ်ပစ္စည်းများကို သတ်မှတ်အချိုးအစားအတိုင်း ချိန်တွယ်ရောစပ်ကာ လျှပ်စစ်ဖိုတွင် ထည့်သွင်းအရောင်ဖော်စပ်၍ အသုံးပြုစေခြင်းဖြင့် ပိုမိုကောင်းမွန်သည့် စဉ့်ထည်ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။



**(ဂ) Machine Design ပြောင်းလဲခြင်း**

ယခင်ကာလက မြေကြီးနှင့်ကပ်လျက် တည်ဆောက်ထားသည့် လက်လှည့်သစ်သားဘီးအစား လျှပ်စစ်နှင့် လည်ပတ်သည့် Electric Potter Wheel ကို ဒီဇိုင်းဆွဲ ထုတ်လုပ်အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာစေခြင်း၊ တစ်ယူနစ်ထုတ်လုပ်မှုတန်ဖိုးလျော့နည်းစေခြင်း၊ လုပ်အားသက်သာစေခြင်းများကို ဖြစ်ပေါ်လာစေပါသည်။



**(ဃ) မီးထိုးသည့် အုတ်ဖို Design ပြောင်းလဲခြင်း**

အကြီးစားစဉ့်ထည်များကို မူလထင်းမီးဖြင့်မီးထိုးသည့် အုတ်ဖိုကြီးများအစား လျှပ်စစ်ဖြင့် အပူပေးနိုင်သောဖိုများ၏ ဒီဇိုင်းကိုပြောင်းလဲ၍ မူလထင်းအစိမ်းများ၊



ရေမျောထင်းများ၊ ဝါးလုံးအခြောက်များကို မြောက်မြားစွာအသုံးပြုနေရသည့် ဖိုစနစ်မှ လျှပ်စစ်ဖိုစနစ်သို့ ကူးပြောင်းဆောင်ရွက်ခြင်းဖြင့် မူလထင်းဖိုကြီးများနေရာ၌ မီးထိုးရက် သုံးရက်၊ အအေးခံရက် နှစ်ရက် ကြာမည့်အချိန်အစား အချိန် ခုနစ်နာရီခန့်ဖြင့် ကုန်ချောများထုတ်လုပ်လာနိုင်မည်ဖြစ်သောကြောင့် ထုတ်လုပ်မှုလျင်မြန်လာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်သည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

**(င) Branding & Market Display Design ပြောင်းလဲခြင်း**

မိရိုးဖလာလုပ်ငန်းဖြစ်၍ Brand Name ကို ဂရုစိုက်လေ့မရှိဘဲ ထုတ်လုပ်လျက်ရှိရာ ကမ္ဘာ့ဈေးကွက်ဝင်နိုင်ရန်အတွက် Global Customer များ စိတ်ထဲတွင် အလွယ်တကူစွဲထင်စေမည့် Brand Name (ဥပမာ- Royal Glaze, Colourful Glaze, Myanmar Style Pottery စသည်ဖြင့်) အမည်ပေးခြင်း၊ မိမိတို့၏ Display စင်များကို သမားရိုးကျခင်းကျင်းပြသခြင်းထက် သပ်ရပ်စွာဖြင့် ဆွဲဆောင်မှုရှိအောင် ခင်းကျင်းပြသခြင်းဖြင့် ပြည်တွင်းသို့လာရောက်သည့် နိုင်ငံခြားသားခရီးသွားများအား ဆွဲဆောင်မည်ဖြစ်ပါသည်။ ယင်းခရီးသွားများမှတစ်ဆင့် မြန်မာ့စဉ့်ထည်ပစ္စည်းများအား သယ်ဆောင်သွားပြီး ကမ္ဘာ့ဈေးကွက်သို့ Brand ထိုးဖောက်နိုင်မည်ဖြစ်ပါသည်။ Policy Maker များဘက်မှ Innovative Design ဖြင့် ထုတ်လုပ်



**မိရိုးဖလာခင်းကျင်းပြသမှု**(အပေါ်ပုံ)၊ **မြင်သူစိတ်ဝင်စားစေမည့် အခင်းအကျင်း ဒီဇိုင်းသစ်**(အောက်ပုံ)



ထားသော Variety Design များကို ပြခန်းများ၊ ပြပွဲများတွင် ပြသခွင့်ပေးခြင်း၊ နိုင်ငံတကာပြပွဲများ၌ ချိတ်ဆက်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ပြည်ပဖိတ်ခေါ်ပြပွဲများ ကျင်းပပေးခြင်းဖြင့် ပြည်တွင်း Resource များဖြစ်သော ရွှံ့စေးနှင့် ရိုးရာအခြေခံနည်းပညာကို ဆင့်ပွား Design ပြောင်းလဲ၍ မြန်မာ့စဉ့်ထည်၊ မြေထည်ရိုးရာယဉ်ကျေးမှုလုပ်ငန်းမှတစ်ဆင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိနိုင်မည့် အခွင့်အရေးကောင်းများကို ရယူနိုင်မည်ဖြစ်ပါသည်။

စဉ့်ထည်လုပ်ငန်းများနည်းတူ အခြားသောလုပ်ငန်းများကိုလည်း ဆန်းသစ်တီထွင် Design ပြုပြင်ဆောင်ရွက်ပြီး စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအောက်ရှိ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာန၊ ပြည်သူ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့နှင့် ထောက်ပံ့မှုအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုအား (Cooperative Participating) ဖြင့် ပြည်သူတို့၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေပြီး နိုင်ငံစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

## ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်း၀) ရေလမ်းကြောင်း ပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်း၀)ရေလမ်း၌ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြား (ခုံးအမှတ်-၄ )မှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြား (ခုံးအမှတ်-၃)မှလည်းကောင်း ဖွင့်လှစ်ထားခဲ့ပါသည်။ ယခုအခါ ရေနည်းကာလသို့ ရောက်ရှိလာပြီး ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြား (ခုံးအမှတ်-၅) မှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် ( ၃ )နှင့် (၄)အကြား(ခုံးအမှတ်-၄)မှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၃၆ ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

ရေယာဉ်များအနေဖြင့် ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်ဖြစ်သည်။ အစုန်ရေယာဉ်အား ဦးစားပေးရန်နှင့် ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက်သတင်း ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

## ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

**မုံရွာ ဖေဖော်ဝါရီ ၄**

နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲကို မုံရွာမြို့ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပမည်ဖြစ်ရာ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ပြိုင်ပွဲဝင်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်များကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီအရောက် ပေးပို့ယှဉ်ပြိုင်ကြရန် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

"ပါဝင်ယှဉ်ပြိုင်ရမယ့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနဲ့ ပန်းမန်တွေဟာ ဘူး၊ ဖရုံ၊ သခွား၊ ဖရဲသီး တစ်လုံးစီ၊ မုန်လာပွင့်၊ ဂေါ်ဖီထုပ် တစ်ထုပ်စီ၊ မုန်လာဥဖြူ၊ ဥနီ၊ နို့ကိုဥ၊ ခရမ်းသီး ငါးလုံးစီ၊ နဂါးမောက်နဲ့ သဘော်သီး သုံးလုံးစီ၊ သံပရာနဲ့ ရှောက်သီးက ငါးလုံးစီ အတွဲလိုက်နဲ့ ငရုတ်သီး၊ ခရမ်းချဉ်သီး ၁၀ လုံးစီ၊ ဆီးသီးက ၁၀ လုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြပါတယ်။ ပန်းမန်အနေနဲ့ ပန်းအလှ၊ အရွက်အလှ တစ်အိုးစီ၊ အာလူး ငါးလုံး၊ ငှက်ပျော၊ ကွမ်းသီး၊ အုန်းသီး တစ်ခိုင်စီ၊ ပိန်းဥ မျောက်ဥ၊ ဝဥ ငါးဥစီ၊ အလှပန်းအိုး တစ်အိုးစီအပြင် အခြားထူးခြားမှုရှိတဲ့ အသီး၊ အရွက်၊ အပွင့်၊ ဥ၊ အပင်များအနေနဲ့ ပါဝင်ယှဉ်ပြိုင်နိုင်ပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေး ဒုဦးစီးမှူးက ပြောကြားသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဒေသတွင်း နိုင်ငံခြားဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်များကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြသကဲ့သို့ ပါဝင်ယှဉ်ပြိုင်ကြမည့် သစ်သီးဝလံ၊ ပန်းမန်များကို မုံရွာပြည်သူ့အားကစားကွင်းအတွင်းရှိ စိုက်ပျိုးရေးဝန်ကြီးဌာနပြခန်းသို့ ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီအရောက် ပေးပို့ယှဉ်ပြိုင်ကြရန် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။ ပြိုင်ပွဲတွင် ဆုများအနေဖြင့် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် ထူးခြားသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်များကို ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ ပုဂံမြို့ရှိ ဘုရားစေတီများအား ဖူးမြော်ကြည်ညို

**ပုဂံ ဖေဖော်ဝါရီ ၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လေ့လာရေး အလည်အပတ်ခရီး ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မီးပုံးပျံစီး၍ ပုဂံမြို့ရှိ ရှုခင်းအလှအပများကို ကြည့်ရှုလေ့လာပြီး ရွှေစည်းခုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။ **(ယာပုံ)**

နံနက် ၁၁ နာရီတွင် ပုဂံဒေသနှင့် ဆက်နွှယ်ပြီး နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့သည် ပုဂံမြို့ Amazing Bagan Resort ဟိုတယ် မင်းကျန်စစ်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ထိုင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နေသော ခရီးသွားလုပ်ငန်းမှ အဆိုးအကောင်းများကို သင်ခန်းစာယူနိုင်ရန် လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက်သာမကဘဲ ခရီးသွားဧည့်သည်များကို ဒေသထွက်ကုန်များ ရောင်းချပေးနိုင်ရန် ကြိုးစားသင့်ပါကြောင်း၊ ဒေသထွက်ကုန်များ မရောင်းရဘဲ ခရီးသွားလုပ်ငန်းတစ်ခုပဲ ဖွံ့ဖြိုးတိုးတက်နေလျှင် ဟိုတယ်လုပ်ငန်းရှင်များသာ အကျိုးရှိမည်ဖြစ်ပြီး ဒေသခံပြည်သူအတွက် အကျိုးရှိမည်မဟုတ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ထိုင်းနိုင်ငံနှင့် ပုဂံညောင်ဦး သို့မဟုတ် မန္တလေးမြို့သို့ တိုက်ရိုက်လေကြောင်း လိုင်းပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရေး ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က Bagan Thiripyitsaya ဟိုတယ်တွင် နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထီးလိုမင်းလိုဘုရား၊ ဓမ္မရံကြီးစေတီတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး The Lotus Collection ယွန်းထည်ပစ္စည်းဆိုင်ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အာနန္ဒာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ညနေပိုင်းတွင် ဧရာဝတီမြစ်အတွင်း Makara Queen သင်္ဘောပေါ်မှ ပုဂံမြို့၏ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားကြသည်။

**သတင်းနှင့်ဓာတ်ပုံ-အေဝမ်းစိုး**



# စစ်တောင်းမြစ်ကြောင်းအတွင်း ရှော့တိုက်ငါးဖမ်းလှေများ ပိုမိုများပြားလာ

**ရေတာရှည် ဖေဖော်ဝါရီ ၄**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မြောက်မှ တောင်သို့ စီးဆင်းလျက်ရှိသော စစ်တောင်းမြစ်သည် ယခုအချိန်၌ ရေနည်းပါးလျက်ရှိရာ ကွန်ကျဉ်စက်နှင့် ရှော့တိုက် ငါးဖမ်းဆီးသူများ တစ်နေ့ထက်တစ်နေ ပိုမိုများပြားလာနေ၍ ဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်စေလိုကြောင်း ဆင်ငွေကျေးရွာနေ ဒေသခံများက ပြောကြားသည်။

"နေ့တိုင်းလိုလိုပါပဲ လှေကလေးတွေကို စက်တပ်ထားတယ်။ သုံးစင်းကနေ ခြောက်စင်းအထိ အုပ်လိုက်ကို စီးပွားဖြစ်လုပ်ကိုင်နေကြတာ။ ကျွန်တော်တို့ရွာက မြစ်နားမှာဆိုတော့ ဟင်းစားရှာရတာ ဟိုးအရင်ကလို မလွယ်တော့ဘူး။ ဒီလို ရှော့တိုက် ငါးဖမ်းဆီးသူတွေကြောင့် ငါးမျိုးစိတ်တွေ ရှားကုန်တာ"ဟု ယင်းကျေးရွာဒေသခံတစ်ဦးက ပြောသည်။

သားငါးဈေးကွက်၌ ဈေးနှုန်း အဆမတန် မြင့်တက်လာခြင်းကြောင့် စီးပွားဖြစ် ငါးဖမ်းဆီးမှုများကို တရားမဝင်နည်းလမ်းများ ဖြစ်သည့် ဆေးချခြင်း၊ ရှော့တိုက်ဖမ်းဆီးခြင်းများ အသုံးပြုလျက်ရှိရာ ဥပဒေနှင့်အညီ ထိရောက်စွာ စဉ်ဆက်မပြတ် အရေးယူဆောင်ရွက်သင့်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

**ကိုလွင်(ဆွာ)**

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်တွင် ဝက်သက်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ တွံတေးမြို့နယ်၊ သာကေတမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့၌ ဝက်သက်ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းကို အသက် ကိုးလမှ ၁၅ နှစ်အတွင်းရှိ ကလေးလူငယ် စုစုပေါင်း ၄၂၀၀၀၀ ခန့်အား ထိုးနှံပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၆ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့နယ်များတွင် ပုံမှန်နှင့်အစုလိုက်ကာကွယ်ဆေးထိုးနှံခြင်း လွှမ်းခြုံမှု လျော့နည်းခြင်းကြောင့် လှိုင်သာယာမြို့နယ်တွင် ဝက်သက်ရောဂါကပ်အသွင်ဖြစ်ပွားလျက်ရှိပြီး ကျန်မြို့နယ်များတွင် ဖြစ်ပွားမှုမြင့်မားလာသည်ကို တွေ့ရှိရကြောင်း၊ ကလေးလူငယ်များတွင် ဝက်သက်ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် ပြင်းထန်ရောဂါများဖြင့် နာမကျန်းခြင်းနှင့် အသက်ဆုံးပါးရခြင်းတို့ကို ကြိုတင် ကာကွယ်နိုင်ရန်အတွက် ဝက်သက်ကာကွယ်ဆေးကို အစုလိုက်ထိုးနှံခြင်းဖြစ်ကြောင်း။

မိသားစုအနေဖြင့် ကလေးလူငယ်များ ယခင်ကဝက်သက်ကာကွယ်ဆေး (သို့မဟုတ်)ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး ထိုးနှံဖူးသည်ဖြစ်စေ၊ မထိုးနှံဖူးသည်ဖြစ်စေ၊ ဝက်သက်ပေါက်ဖူးသည်ဖြစ်စေ၊ မပေါက်ဖူးသည်ဖြစ်စေ ကာကွယ်ဆေးထိုးနှံပေးကြပါရန် နှင့် မိမိ၏ ကလေးလူငယ်အတွက် ဝက်သက်ကာကွယ်ဆေး မထိုးရ သေးပါက အထူးအခွင့်အရေးတစ်ရပ်အဖြစ် မှတ်ယူကာ ထိုးနှံပေးကြရန် လိုကြောင်း။

သို့ဖြစ်၍ အသက် ကိုးလမှ ၁၅ နှစ်အတွင်းရှိ ကလေးလူငယ်များကို ကာကွယ်ဆေး ထိုးနှံပေးရန်အတွက် ကာကွယ်ဆေးထိုး စုရပ်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးဌာနများတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးမောက်မြို့နယ်အတွင်း တရားမဝင်ကျွန်းသစ်ခွဲသားများ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း တရားမဝင် ကျွန်းသစ်ခွဲသားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးမောက်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းသည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၃ ရက် ညနေ ၄ နာရီခန့်တွင် ပန်မူကျေးရွာ၏ အရှေ့ဘက် မီတာ ၇၀၀ ခန့်အကွာ၌ ယာဉ်မောင်း အောင်ထွန်းအေး(ဘ) ဦးအောင်ကြည်မောင်းနှင်၍ ကျော်ကျော်တင့်(ဘ)ဦးညီမောင် လိုက်ပါလာသည့် ပါဂျဲရိုး အမျိုးအစားယာဉ်အမှတ် 4D/---- အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၄၉ တုံးကို ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် အဆိုပါနေရာတစ်ဝိုက်အား ဆက်လက်ရှင်းလင်းရာ တရားမဝင် ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၁၁၅ တုံးကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသူများနှင့် ကျွန်းသစ်ခွဲသားဆိုဒ်စုံ စုစုပေါင်း ၁၆၄ တုံးတို့ကို စိန်လုံရဲကင်းနှင့် မိုးမောက်မြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၌ အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၌ ယနေ့ ညနေ ၃ နာရီတွင် အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့နယ် လားရှိုး-မူဆယ် ပြည်ထောင်စု လမ်းမကြီးအား ပြုပြင်လျက်ရှိသည့် လမ်းလုပ်သားများက မိုင်းတစ်လုံးတွေ့ရှိကြောင်း သတင်းပေးချက်အရ ယနေ့ညနေ ၃ နာရီခန့်တွင် တပ်မတော်စစ်ကြောင်းက သွားရောက်ရှင်းလင်းရာ မိုင်တိုင်အမှတ် ၂၆၉/၅ အနီးရှိ လမ်းမကြီး၏ အနောက်ဘက်ငါးပေခန့်အကွာ တောင်စောင်း၌ အလျား ရှစ်လက်မ၊ အနံ လေးလက်မခန့်ရှိ ရေ့ထွက်မိုင်း တစ်လုံး၊ ဒီတိုနေတာ နှစ်ခုနှင့် ဘက်ထရီခြောက် တစ်ခုတို့ကို အဝေးထိန်းစနစ်ဖြင့် ဆက်သွယ်ထားသည့် မိုင်းတစ်လုံး တွေ့ရှိခဲ့ရာ အများပြည်သူ အန္တရာယ်ကင်းရှင်းစေရေးအတွက် သက်မဲ့ပြုလုပ် ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားမဝင်သစ်များ သယ်ဆောင်လာသည့် မော်တော်ယာဉ်လေးစီး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ကျိုင်းတောင်းမြို့အနီးတွင် ယနေ့ နံနက် ၆ နာရီခွဲခန့်က တရားမဝင်သစ်များ သယ်ဆောင်လာသည့် မော်တော်ယာဉ်လေးစီး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတောင်းမြို့အနီး တပ်မတော်စစ်ကြောင်းသည် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ဆိုက်ခေါင်ဘက်မှ ကျိုင်းတောင်းဘက်သို့ ယာဉ်မောင်း စိုင်းကျော်(ဘ) ဦးအောင်ပြည့်၊ စိုးမင်းထွန်း (ဘ)ဦးအောဘာ၊ အာတီး (ဘ)ဦးထွန်းစံနှင့် အိုက်စိုင်း (ဘ)ဦးစံသိန်းတို့ မောင်းနှင်၍ နောင်ခမ်း (ဘ)ဦးစိုင်းစံ၊ ကျော်မင်းထွန်း (ဘ)ဦးအောဘာ၊ ရှမ်းလေး (ဘ)ဦးအောင်လှနှင့် အိုက်လေး (ဘ)ဦးမောင်ငယ်တို့ လိုက်ပါလာကြသည့် မော်တော်ယာဉ်လေးစီးအား ကျိုင်းတောင်းမြို့၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ၌ ရပ်တန့်စစ်ဆေးရာ ယာဉ်များပေါ်မှ တရားမဝင် ကျွန်းသစ်လုံး ၃၃ လုံး(ခန့်မှန်း ၁၀ တန်ခန့်)ကို တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၊ ယာဉ်များနှင့် သစ်များအား ကျိုင်းတောင်းမြို့ ရဲတပ်ဖွဲ့မှူးရုံးနှင့် သစ်တောဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒဂုံမြို့နယ်တွင် အမျိုးသားတစ်ဦး နေအိမ်အတွင်း၌ အသတ်ခံရ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ယောမင်းကြီးရပ်ကွက်တွင် အမျိုးသားတစ်ဦး နေအိမ်အတွင်း၌ အသတ်ခံရသည့် လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အဆိုပါရပ်ကွက် ရွှေတိဂုံဘုရားလမ်း အမှတ် (၂၉၂/ ဘီ) အခန်း၂၀ လေးလွှာနေအိမ်၌ နေထိုင်သော ဦးထွန်းအောင်လင်း(၆၇ နှစ်)သည် နေအိမ်တိုက်ခန်းအတွင်း၌ ထိုးသွင်းဒဏ်ရာဖြင့် သွေးအိုင်ထဲတွင် လဲကျသေဆုံးနေသည်ကို ၎င်း၏ ဇနီးသည်က တွေ့ရှိသဖြင့် သက်ဆိုင်ရာက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ဦးထွန်းအောင်လင်း(သေဆုံးသူ)သည် ၎င်း၏ ဇနီးဖြစ်သူ ဒေါက်တာ ဒေါ်ဖွေးဖွေး(အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခ-ငြိမ်း) အပြင်သွားခိုက် အိမ်တွင် တစ်ဦးတည်း ကျန်ရှိနေစဉ် အသတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနေအိမ်တွင် ၎င်းတို့ဇနီးမောင်နှံ နှစ်ဦးသာ နေထိုင်လျက်ရှိပြီး သေဆုံးသူမှာ ကုန်သည်တစ်ဦးဖြစ်ကြောင်း၊ သားသမီးများမှာ စင်ကာပူနိုင်ငံတွင် နေထိုင်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒဂုံမြို့မရဲစခန်းက ပြစ်မှု ပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်လှစ်၍ ကျူးလွန်သူကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဇော်ကြီး(သတင်းစဉ်)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နေအိမ်သို့ မွန်အမျိုးသားနေ့အကြို တေးသီချင်းများ လာရောက်ဖျော်ဖြေ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဦးဆောင်သည့် မော်လမြိုင်တက္ကသိုလ် စာပေနှင့် ယဉ်ကျေးမှုအသင်းမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ယနေ့ ညနေ ၆ နာရီခွဲတွင် မွန်ပြည်နယ် ရှင်စောပု အမျိုးသမီးစွမ်းဆောင်ရှင်များ အသင်းဥက္ကဋ္ဌ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၏ ဇနီး ဒေါ်ကျင်သန်း ဦးဆောင်သည့် မော်လမြိုင်တက္ကသိုလ် စာပေနှင့် ယဉ်ကျေးမှုအသင်းမှ တက္ကသိုလ် ကျောင်းသား ကျောင်းသူ များက မွန်အမျိုးသားနေ့အကြိုအဖြစ် မွန်ရိုးရာ တေးသံသာများဖြင့် လာရောက် ဖျော်ဖြေခဲ့ကြသည်။

အလားတူ မွန်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များသည် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာ အောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေတို့၏ နေအိမ်များသို့လည်း ယနေ့ညနေပိုင်းတွင် သွားရောက်ဖျော်ဖြေ ခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဝန်ထမ်းရေးရာ ဘာသာရပ်သင်ခန်းစာများ လာရောက်ပို့ချပေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဝင်းမော်၊ ဒေါက်တာ ဦးပွား၊ ဦးစောဗယ်လင်တိုင်းတို့နှင့်အတူ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာ ပြည်)၌ ဇန်နဝါရီ ၉ ရက်မှ မတ် ၃ ရက် အထိ ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၈)တွင် မလေးရှားနိုင်ငံ EDS Business School၊ Akamai University မှ Professor Dr. Premkumar Rajagopal၊ Professor Dr. Balak-rishnan Muniapan နှင့် Professor Dr. Harwindar Singh တို့က ဝန်ထမ်း ရေးရာဘာသာရပ်နှင့် စပ်လျဉ်းသည့် သင်ခန်းစာများ လာရောက်ပို့ချပေးမှု အပေါ် တက်ရောက်ဆွေးနွေးအကြံပြုခြင်း များ ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ပြည်ပ ပညာရှင် သုံးဦးသည် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၈)တွင် ဖေဖော်ဝါရီ ၄ ရက်မှ ၉ ရက်အထိ ပြည်သူ့ပိုင်ကဏ္ဍအတွက် မဟာဗျူဟာနှင့် စီမံကိန်းပူးပေါင်း ဆောင်ရွက်မှု၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍ အတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်းများနှင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွက် ကောင်းမွန် သော ဓလေ့ထုံးတမ်းအစဉ်အလာများ ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ဘာသာ ရပ်များကို နိုင်ငံတကာအတွေ့အကြုံနှင့် အသိပညာဗဟုသုတများအပေါ် အခြေခံ ပြီး ဖြစ်ရပ်ဆန်းစစ်ခြင်းနည်းလမ်း (Case Study Method) ဖြင့် ပို့ချဆွေးနွေးပေး ကြမည်ဖြစ်သည်။

အဆိုပါပို့ချမှုသို့ သင်တန်းတက် ရောက်လျက်ရှိသော ဗဟိုအဖွဲ့အစည်း များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ညွှန်ကြားရေးမှူးအဆင့် အရာရှိကြီး ၅၈ ဦးနှင့် လေ့လာသူများအဖြစ် ဗဟိုဝန်ထမ်း တက္ကသိုလ်နှစ်ခုမှ ပြည်သူ့ဝန်ထမ်း အကယ်ဒမီရှိ ပညာဌာနများမှ ဌာနမှူး များ၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ၌ တက်ရောက်လျက်ရှိသော အရာထမ်း လောင်း သင်တန်းသား ၆၁ ဦး အပါအဝင် စုစုပေါင်း ၁၂၉ ဦး တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**







ဖေဖော်ဝါရီ ၄ ရက်က သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား တက်ရောက်လာကြသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီးဒေါ်မြင့်မြင့်ရီတို့အား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr.Kohona Walawwe Nimal Dharmakeerthi Karunaratne** က ကြိုဆိုနှုတ်ဆက်စဉ်

(သတင်းစဉ်)

# ငြိမ်းချမ်းရေးလူထုလှုပ်ရှားမှု ရန်ကုန်မြို့၌ ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ပြည်တွင်းစစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးလူထုလှုပ်ရှားမှုကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမအနီးရှိ မဟာဗန္ဓုလပန်းခြံရှေ့တွင် ငြိမ်းချမ်းရေး ကိုလိုလားသည့် ပြည်သူများက စုပေါင်းပြုလုပ်ကြသည်။

မွန်းလွဲပိုင်းက ဗဟန်းမြို့နယ်ရှိ ဗိုလ်စိန်မှန် အားကစားကွင်းနှင့် စမ်းချောင်း မြို့နယ် မြေနီကုန်းအနီး၌ ငြိမ်းချမ်းရေးလိုလားသော ပြည်သူများက စတင်စုဝေးကာ ပြည်တွင်းစစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကို လိုလားသည့် စာသားများ ရေးသားထား သော ဗီနိုင်းများကို ကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် မြို့တော်ခန်းမအနီးရှိ မဟာ ဗန္ဓုလပန်းခြံရှေ့သို့ ချီတက်လမ်းလျှောက်ကြသည်။

ထို့နောက် မဟာဗန္ဓုလပန်းခြံရှေ့၌ ပန်းရဲ့လမ်း တေးဂီတအဖွဲ့က ငြိမ်းချမ်း ရေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော တောင်ကိုရီးယား ကျောင်းသား ကျောင်းသူလေးများက အဆိုပါလှုပ်ရှားမှုကို ထောက်ခံသောအားဖြင့် ငြိမ်းချမ်းရေးသီချင်း(မြန်မာသီချင်း)ကို စုပေါင်းသီဆိုဖျော်ဖြေခြင်းများအပြင် ကိုရီးယားတူရိယာများဖြင့် ငြိမ်းချမ်းရေးတေးသံစဉ်များကို တီးခတ်ဖျော်ဖြေခြင်း၊ ပါဝင်လှုပ်ရှားကြသူများက ပြည်တွင်းစစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက် တောင်းဆို ချက်များကို ကြွေးကြော်ခြင်း၊ တောင်းဆိုချက်များနှင့် ပတ်သက်၍ ပါဝင်ကြသူများက အသီးသီးဟောပြောခြင်းတို့အပြင် ငြိမ်းချမ်းရေးအတွက် ဆုတောင်းစာသားများကို အမှတ်တရရေးသားခြင်းတို့ကို ပြုလုပ်ကြသည်။

**ဇော်ကြီး(ပဏ္ဏိတ)**

# အစားအသောက်နှင့်ဆေးဝါးများ ဘေးအန္တရာယ်ကင်းစွာ ရောင်းချအသုံးပြုနိုင်ရေး ဟောပြော

**မော်လမြိုင် ဖေဖော်ဝါရီ ၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့ သိမ်ဇရပ်ကျေးရွာရှိ သာသနာ့ဝေပုလ္လဓမ္မာရုံ၌ ဖေဖော်ဝါရီ ၂ ရက်က အစားအသောက်နှင့် ဆေးဝါးများဘေးအန္တရာယ်ကင်းရှင်းစွာ ရောင်းချ အသုံးပြုနိုင်ရေး ဆွေးနွေးဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဆေးဝါးကျွမ်းကျင် ဒေါ်ပန်းရိပ်အောင်က ဆေးဝါးအသုံးပြုမှုနှင့် ရက်လွန် ဆေးဝါးအန္တရာယ်များအကြောင်းကို လည်းကောင်း၊ အစားအသောက်ခွဲဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်မြတ်မာလာသင်းက စားသောက်ကုန်အန္တရာယ်ကင်းရှင်း ရေးနှင့် ဆိုးဆေးအန္တရာယ်များအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားပြီး ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတာဝန်ခံ ဒေါက်တာစိုးနိုင် မှ အစားအသောက် ဆေးဝါးနည်းပညာအကြောင်းတို့ကို ရှင်းလင်းဆွေးနွေး ပြောကြား ခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# မောင်တောမြို့ မီးဘေးအန္တရာယ်ကင်းရှင်းရေး အမြဲအသင့်ဖြစ်အောင် စီမံထား

**မင်းမင်းဇော် (သတင်းစဉ်)၊ နေဝင်းထွန်း (မြန်မာ့အလင်း)**
**ဓာတ်ပုံ - မောင်ဖိုးဇော်**

**မောင်တော ဖေဖော်ဝါရီ ၄**
ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မောင်တောမြို့ပေါ်၌ မီးဘေးအန္တရာယ်သတိပေးနှိုးဆော်သည့် အသံများကို ကြားနေရပြီဖြစ်သည်။ ထို့ကြောင့် မောင်တောမြို့မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ မောင်တောမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန့်စင်နှင့် တွေ့ဆုံမေးခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။



မောင်တောမြို့နယ် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များကို တွေ့ရစဉ်

**မေး ။ မောင်တောမြို့ မီးဘေးအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်မှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ ။ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ မီးသတ်ဦးစီးဌာနရဲ့ရည်မှန်းချက် တာဝန်တွေနဲ့အညီ မောင်တောမြို့မီးဘေးအန္တရာယ်ကင်းရှင်းဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ မောင်တောမြို့နယ် မီးသတ်ဦးစီးဌာနမှာ မီးငြိမ်းသတ်ရေးယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မီးသတ်စက်ယာဉ် နှစ်စီး၊ ကျီးကန်းပြင်နယ်မြေမှာ မီးငြိမ်းသတ်ယာဉ် တစ်စီးနဲ့ မီးသတ် ရေသယ်ယာဉ် တစ်စီးတို့ကို မီးငြိမ်းသတ်ဖို့ အမြဲအသင့်ဖြစ်အောင် စီမံထားပါတယ်၊ ဒါ့အပြင် မီးသတ်တပ်ဖွဲ့ဝင် ၄၀ ကိုလည်း အမြဲအဆင်သင့်ဖြစ်စေပြီး မြို့နယ်မီးဘေးလုံခြုံရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ မောင်တောမြို့ပေါ်မှာ မီးဘေးအန္တရာယ်ဖြစ်ပွားခဲ့ရင် ဘယ်လို မီးငြိမ်းသတ်သွားမယ်ဆိုတာကို ပြောပြပေးပါ။**

ဖြေ ။ တကယ်လို့ မောင်တောမြို့ပေါ်မှာ မီးလောင်မှုဖြစ်ပွား မယ်ဆိုရင် မီးငြိမ်းသတ်နိုင်ဖို့ တိုက်ကင်း-၁၊ ၂၊ ၃ ဆိုပြီး စုဖွဲ့ထားတာရှိပါတယ်၊ မီးလောင်မှုဖြစ်ပွားတယ်ဆိုတဲ့ သတင်းရရချင်း တိုက်ကင်း - ၁ အဖွဲ့ကို စေလွှတ်ပါမယ်၊ မီးလောင်မှုအခြေအနေပေါ်မူတည်ပြီး တိုက်ကင်း - ၂၊ ၃ စတဲ့မီးငြိမ်းသတ်ယာဉ်တွေ ဆက်လက်စေလွှတ်သွားမှာဖြစ်ပါတယ်၊ နောက်ထပ် ကျီးကန်းပြင်နယ်မြေက မီးငြိမ်းသတ်ရေးယာဉ်တွေခေါ်ယူ ငြိမ်းသတ်သွားမှာ ဖြစ်ပါတယ်၊

**မေး ။ မောင်တောမြို့နယ်ထဲက ကျေးရွာတွေကို မီးဘေးအန္တရာယ်ကာကွယ်ဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်ထားတယ်ဆိုတာကို သိပါရစေ။**

ဖြေ ။ ကျွန်တော်တို့ မြို့နယ်မှာ ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးလုပ်ငန်းအစည်းအဝေးကို လဆန်း ၁၆ ရက်မှာတစ်ကြိမ်၊ လကုန်ရက်မှာ တစ်ကြိမ် စုစုပေါင်း တစ်လကို နှစ်ကြိမ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ပြုလုပ်ပါတယ်၊ အဲဒီအစည်းအဝေးမှာ မြို့နယ်ရဲ့ မီးဘေးလုံခြုံရေးနဲ့ပတ်သက်ပြီး ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ရပ်ကွက်နဲ့ကျေးရွာ မီးဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းတွေကို ဆွေးနွေးတိုင်ပင်ကြပါတယ်။ ရပ်ကွက်နဲ့ကျေးရွာတွေမှာ အရန်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းခြင်းတွေကိုလည်း စနစ်တကျဆောင်ရွက်ထားပါတယ်။

**မေး ။ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်ထဲမှာ ဆောင်ရွက်နေတဲ့ မီးဘေးအန္တရာယ်အသိပညာပေးလုပ်ငန်းတွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရေးဆိုတဲ့ ဌာနရဲ့ ရည်ရွယ်ချက်နဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ပွင့်လင်းရာသီရောက်လာတဲ့အခါ မြို့နယ်ထဲမှာရှိတဲ့ ရပ်ကွက်နဲ့ကျေးရွာတွေကို မီးသတိပေးလိုက်လံနှိုးဆော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပါတယ်၊ မြို့နဲ့အလှမ်းဝေးတဲ့ ဒေသတွေမှာ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ စီမံဆောင်ရွက်မှုနဲ့ မီးဘေးအသိပေးလုပ်ငန်းတွေဆောင်ရွက်လျက်ရှိပါတယ်။ မီးဘေးအန္တရာယ် အသိပညာပေး ဟောပြောခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။



ဦးသန့်စင် (မောင်တောမြို့နယ် မီးသတ်ဦးစီးမှူး)

**မေး ။ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်က မောင်တောမြို့မီးလောင်မှုဖြစ်ပွားမှုအခြေအနေတွေကို သိလိုပါတယ်။**

ဖြေ ။ မောင်တောမြို့ပေါ်မှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလကနေ ဒီဇင်ဘာလအထိ မီးဖိုမီး ခုနစ်ကြိမ်၊ ပေါ့ဆမီး လေးကြိမ်နဲ့ ရှို့မီး ၁၁ ကြိမ်ဖြစ်ပွားခဲ့ပါတယ် ။

**မေး ။ မောင်တောမြို့မှာ အခု ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း မီးလောင်မှုဖြစ်ပွားခဲ့ပါသလား။**

ဖြေ ။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလထဲမှာ မောင်တောမြို့ပေါ်မှာ မီးလောင်မှုဖြစ်ပွားခြင်းမရှိပါဘူး၊ ဒုချီးရားတန်း၊ သက္ကေပြင် နဲ့ ဆင်သေပြင်ကျေးရွာတွေမှာ မီးလောင်မှုဖြစ်ပွားခဲ့ပါတယ်။ မီးလောင်မှုတွေမှာ မီးသတ်တပ်ဖွဲ့ဝင်တွေက မီးငြိမ်းသတ်ရေး ဆောင်ရွက်ခဲ့ကြပါတယ်။

**မေး ။ မောင်တောဒေသခံပြည်သူတွေကို မီးဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ဘယ်လိုအသိပေးလိုပါသေးသလဲ။**

ဖြေ ။ မီးသတ်တပ်ဖွဲ့ဆိုတာ မီးလောင်မှုဖြစ်ပွားမှ သွားရောက်ငြိမ်းသတ်တာမဟုတ်ဘဲ၊ မီးလောင်မှုမဖြစ်ပွားမီကတည်းက မီးဘေးအန္တရာယ်အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ထားတော့ ဒေသခံပြည်သူတွေ မီးဘေးအန္တရာယ်ဆိုတာကို သတိမူမိနေကြပါတယ်၊ ကျွန်တော်တို့ကလည်း မီးသတိမူရေးလုပ်ငန်းတွေကို တစ်အိမ်တက်တစ်အိမ်ဆင်း အသိပညာပေးလုပ်ငန်းတွေ ဆက်တိုက်ဆောင်ရွက်နေပါတယ်၊ မီးဘေးသတိ၊ မီးဘေးအသိ အစဉ်အမြဲရှိနေဖို့လိုပါတယ်၊ မီးဘေးအန္တရာယ် ကာကွယ်တားဆီးဖို့ဆိုတာ ပြည်သူတွေပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ပိုမိုအောင်မြင်မယ်၊ မီးလောင်မှုတွေ ကင်းစင်သွားမယ်၊ မီးလောင်ဆုံးရှုံးမှုတွေ မဖြစ်တော့ဘူးပေါ့ ။

## မီးဘေးသင့်ပြည်သူများအတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့

**ရန်ကုန် ဖေဖော်ဝါရီ ၄**
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဇေယျာခေမာလမ်းသွယ်၌ ဖေဖော်ဝါရီ ၂ ရက် ည ၉ နာရီခွဲခန့်က အိမ်ခြေ ၂၉ လုံး မီးလောင်ခဲ့ပြီး အိမ်ထောင်စု ၇၅ စု လူဦးရေ




၄၇၂ ဦး၊ သီလရှင် ၁၅ ပါး ကျောင်းမဲ့၊ အိုးအိမ်မဲ့ဖြစ်ရခြင်းကြောင့် မီးဘေးသင့်ပြည်သူများကို မရမ်းကုန်းမြို့နယ်(၆)ရပ်ကွက် ဇေယျာခေမာလမ်း တေဇစက္ကိ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ဝင်းဓမ္မာရုံ၌ မီးဘေးသင့်ကယ်ဆယ်ရေးဆပ်ကော်မတီ ဖွဲ့စည်းစောင့်ရှောက်ထားရာ ဖေဖော်ဝါရီ ၃ ရက်က ကယ်ဆယ်ရေးစခန်းတည်ရှိရာသို့ ဒေသခံအလှူရှင်များ လာရောက်ထောက်ပံ့ပေးကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရန်ကုန်)ညွှန်ကြားရေးမှူးဦးဝင်းရွှေနှင့် ဝန်ထမ်းများက ကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများနှင့် လတ်တလောအသုံးပြုစရိတ်ငွေ ၈၉၃၁၂၀၉ ကျပ်၊ ဆန် ၄၆ အိတ်၊ ခေါက်ဆွဲဖာ ၈၀ ထောက်ပံ့ပေးအပ်ရာ မီးဘေးသင့်ကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မရမ်းကုန်းမဲဆန္ဒနယ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်တို့က လက်ခံခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိရာ ဇေယျာခေမာလမ်းသွယ် အမှတ်(စ/၃၇၁)နေ ဦးဆန်းဝင်းအိမ်မှ စတင်မီးလောင်ခြင်းဖြစ်ကြောင်း သိရ၍ မရမ်းကုန်းမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မောင်တောမြို့၌ အေရိုးဗစ်သင်တန်းဖွင့်လှစ်

**မောင်တော ဖေဖော်ဝါရီ ၄**
ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အေရိုးဗစ်သင်တန်းကို ယနေ့ ညနေ ၄ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့လူထုအခြေပြုစင်တာ၌ ဖွင့်လှစ်သည်။

"အမျိုးသမီးတွေ ပိုမိုကျန်းမာကြံ့ခိုင်လာဖို့နဲ့ အချင်းချင်းပူးပေါင်းဆောင်ရွက်စေဖို့ ဒီသင်တန်းကို ရည်ရွယ်ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်"ဟု ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်သီသီရှိန်က ပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၃ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတတ်ထားတဲ့ အေရိုးဗစ်ပညာရပ်တွေကို သင်တန်းသူတွေကို ပြန်လည်မျှဝေခြင်း ဖြစ်ပါတယ်၊ ဒီသင်တန်းကို ဘူးသီးတောင်မြို့မှာလည်း ဆက်လက်သင်ကြားပို့ချသွားမှာ ဖြစ်ပါတယ်"ဟု သင်တန်းနည်းပြ ဒေါ်ခင်မီမီကျော်က ပြောကြားသည်။

**နေဝင်းထွန်း(မြန်မာ့အလင်း)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးအထူးကြပ်မတ်ဆောင်ရွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၄**
ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ လူစည်ကားများပြားရာ လမ်းဆုံလမ်းခွနှင့် အထင်ကရနေရာများ၌ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လက်နက်ခဲယမ်း အပြည့်အစုံဖြင့် လုံခြုံရေးကို အထူးကြပ်မတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီး အမှတ်(၂)ရဲကွပ်ကဲရေးရုံးမှ သိရသည်။

ထိုလုံခြုံရေး အထူးကြပ်မတ်ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၃ ရက်မှ စတင်ခဲ့ကြောင်း သိရသည်။ လက်ရှိကာလများတွင် လူသတ်မှုများ၊ လုယက်မှုများ နှင့် ခိုးဆိုးမှုများသည် မထင်မှတ်သည့်ကာလများတွင် ရုတ်တရက် ပေါ်ပေါက်လျက်ရှိရာ ယင်းဖြစ်ပွားမှုများအပေါ် ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့် မှုခင်းဖြစ်စဉ်များ မဖြစ်ပွားစေရန်နှင့် လူထုအနေဖြင့် ၂၄ နာရီ ကာလအတွင်း အချိန်မရွေး အကူအညီများတောင်းခံနိုင်စေရန် လုံခြုံကွပ်ကဲမှုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အင်အားများ တိုးမြှင့်ကာ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များနှင့် မြို့တွင်းရဲဝိယာများ၏ သတ်မှတ်နေရာအလိုက် လုံခြုံရေးအင်အားများ တိုးမြှင့်ဆောင်ရွက်ထားကြောင်း သိရသည်။ ထိုလုံခြုံရေး တိုးမြှင့်ဆောင်ရွက်မှုသည် မကြာမီကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများ ပြီးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အမှတ် (၂) ရဲကွပ်ကဲမှုရုံး ရဲမှူးသိန်းအောင်ထံမှ သိရသည်။

ထိုသို့ လုံခြုံရေးအင်အားတိုးဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူစည်ကားများပြားစွာသွားလာလျက်ရှိသော နေရာများဖြစ်သည့် မြောက်ဥက္ကလာပမြို့နယ် (၆) လမ်းဆုံမီးပွိုင့် နှင့် ဝန်းကျင်နေရာများ၊ တောင်ဥက္ကလာပမြို့နယ် ဈေးအနီး၊ ရန်ကင်းစင်တာ မီးပွိုင့်နှင့် ရန်ကင်းစင်တာ၊ မိုးကောင်း ကံဘဲ့လမ်းဆုံ၊ တာမွေရုပ်ရှင်ရုံမှတ်တိုင်နှင့် အနီးပတ်ဝန်းကျင်နေရာများ၊ ယုဇနပလာဇာ၊ မင်္ဂလာဈေး၊ သာကေတနှင့် တိုင်းရင်းသားကျေးရွာအပြင် အခြားလူစည်ကားများပြားရာနေရာများ၌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက လက်နက်ခဲယမ်းအပြည့်အစုံဖြင့် ရန်ကုန်မြို့ လုံခြုံရေးအားအင်အားတိုးမြှင့်ကာ အထူးကြပ်မတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**(ဝ၂၀)**

## ပြည်ထောင်စုနေ့ကျင်းပနိုင်ရေး အကြိုညှိနှိုင်း

**စစ်တွေ ဖေဖော်ဝါရီ ၄**
ရခိုင်ပြည်နယ် စစ်တွေမြို့တွင် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် အထိမ်းအမှတ်ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေးဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီများက ဆွေးနွေးကြသည်။ အထိမ်းအမှတ်ပြခန်းများကို ခိုင်သဇင်ပန်းခြံ၌ ကျင်းပခဲ့မည်။ အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၁ ရက်မှ စတင်ကျင်းပမည်ဖြစ်ပြီး စာစီစာကုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပွဲ၊ တင်းနစ်ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပွဲ၊ တင်းနစ်ပြိုင်ပွဲများအတွက် ဆုများချီးမြှင့်သွားမည်ဖြစ်ပြီး ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ထရန့် လေဘာတီရုပ်တုအား ခေါင်းဖြတ်သည့်ပုံကို ဂျာမန်မဂ္ဂဇင်းတစ်စောင်ကဖော်ပြခဲ့ရာ ပြည်တွင်းပြည်ပ အငြင်းပွားဖွယ်ရာဖြစ်ပွား

**ဘာလင် ဖေဖော်ဝါရီ ၄**

ဂျာမန်အပတ်စဉ်ထုတ် မဂ္ဂဇင်းတစ်စောင်ဖြစ်သော ဒါစပီဂျယ်၏ ရှေ့ဖုံးစာမျက်နှာတွင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က လေဘာတီရုပ်တုကြီး (Statue of Liberty) ၏ ဦးခေါင်းအား ဖြတ်ထားသည့်ပုံကို ဖော်ပြခဲ့ရာ ၎င်းက ပြည်တွင်းနှင့် ပြည်ပနိုင်ငံများအထိပါ အငြင်းပွားဖွယ်ရာများ ဖြစ်ပွားစေခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြ ခဲ့သည်။

ယင်းမဂ္ဂဇင်း၏ ရှေ့ဖုံးစာမျက်နှာတွင် အမေရိကန်သည်သာ ပထမဆိုသည့် ခေါင်းပေးထားသည့် သွေးတစ်စက်စက်ကျနေသည့် လေဘာတီရုပ်တုကြီး (Statue of Liberty) ၏ ဦးခေါင်းပြတ်နှင့်အတူ သွေးစွန်းနေသော ဓားကိုင်ထားသည့် ထရန့်၏ပုံအား ကာတွန်းရုပ်ပုံဖြင့် သရုပ်ဖော်ထားသည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါ မျက်နှာဖုံးပုံအားသရုပ်ဖော်ရေးဆွဲခဲ့သည့် အနုပညာရှင်မှာ နိုင်ငံရေး ဒုက္ခသည်အနေဖြင့် အမေရိကန်နိုင်ငံသို့ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကရောက်ရှိခဲ့သည့် ကျူးဘားလူမျိုး အက်ဒယ်ရိုဒရီဂူးစ်ဆိုသူဖြစ်ကြောင်း သိရသည်။ ဒီမိုကရေစီအား ခေါင်းဖြတ်ခြင်းပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးသင်္ကေတအား ခေါင်းဖြတ်ခြင်းပင် ဖြစ်ကြောင်း ၎င်းက ဝါရှင်တန်ပို့စ်သို့ ပြောကြားခဲ့သည်။

အဆိုပါမျက်နှာဖုံးသည် တွစ်တာစာမျက်နှာတွင်သာမက ဂျာမနီနှင့် နိုင်ငံတကာ မီဒီယာအသိုင်းအဝိုင်းတွင်ပါ အငြင်းပွားဖွယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတထရန့်နှင့် ၎င်းအဖွဲ့က ဘာလင်မူဝါဒအား တိုက်ခိုက်ပြီးနောက် ယင်းကဲ့သို့ အငြင်းပွားဖွယ်ရာကိစ္စ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ထိုသို့ အငြင်းပွားဖွယ်ရာကိစ္စ ထွက်ပေါ်လာခြင်းကြောင့် အမေရိကန်နှင့် ဂျာမနီ ဆက်ဆံရေးကို လျင်မြန်စွာ ယိုယွင်းလာနိုင်သည်။ အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားလက်ထက်က အိန်ဂျလာမာကယ်အား ထူးချွန်သော နိုင်ငံရေးမိတ်ဖက်တစ်ဦးအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**




# ဝေလငါးတစ်ကောင်၏အစာအိမ်တွင် ပလတ်စတစ်အိတ် ၃၀ ကျော်တွေ့ရှိ

**နော်ဝေ ဖေဖော်ဝါရီ ၄**

နော်ဝေ သိပ္ပံပညာရှင်များသည် နေမကောင်းဖြစ်နေသော ဝေလငါး တစ်ကောင်၏ အစာအိမ်အတွင်း၌ ပလတ်စတစ်အိတ် ၃၀ ကို တွေ့ရှိခဲ့ကြောင်း အက်ဖ်တန်ပိုစတန် သတင်းစာတွင် ယမန်နေ့က ဖော်ပြခဲ့သည်။

အဆိုပါဝေလငါးသည် နော်ဝေနိုင်ငံ အနောက်ပိုင်း ဆိုထရာကျွန်းရေတိမ်ပိုင်း တစ်နေရာတွင် အကြိမ်ပေါင်းများစွာ သောင်လာတင်နေပြီး နေမကောင်းဖြစ်နေသည့်ပုံစံကို တွေ့ရသဖြင့် ၎င်းအား လွန်ခဲ့သည့်အပတ်က မသက်သာသည့် အဆုံး ပိုက်ခွဲကြည့်ခဲ့ရာ ပလတ်စတစ် များကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစာအိမ်တစ်ခုလုံး ပလတ်စတစ်အိတ်များဖြင့် ပြည့်နေကြောင်း၊ အစာအိမ်ထဲတွင် ပလတ်စတစ်အိတ် ၃၀ အပါအဝင် အခြားပလတ်စတစ်ပစ္စည်းများကိုလည်း တွေ့ခဲ့ရကြောင်း၊ အဆိုပါ ဖြစ်ရပ်သည် အလွန်ဝမ်းနည်းစရာကောင်းသော ကိစ္စဖြစ်ကြောင်း၊ ယခုကိစ္စသည် အံ့ဩစရာ တစ်ခုမဟုတ်သော်လည်း တွေ့ရှိခဲ့သည့် ထိုသို့သောဖြစ်ရပ်များအနက် ပလတ်စတစ်ပမာဏ အများဆုံးဖြစ်ကြောင်း ဘာဂန်တက္ကသိုလ် သတ္တဗေဒပညာရှင်နှင့် တွဲဖက်ပါမောက္ခတစ်ဦးဖြစ်သည့် တာဂျီလစ်လီဗန်က ပြောခဲ့သည်။

ရေထုညစ်ညမ်းမှုကြောင့် ဂေဟစနစ်ပျက်စီးမှုကို ဂရုပြုရန် ၂၀၁၉ ခုနှစ် နွေရာသီတွင် ပြန်လည်ဖွင့်လှစ်မည့် ဘာဂန်တက္ကသိုလ်၏ပြတိုက်ရှိ သဘာဝသမိုင်းကဏ္ဍတွင် ပြခန်းတစ်ခုအဖြစ် ဝေလငါး၏အရိုးစုနှင့် ပလတ်စတစ်များကို ပြသရန် စီစဉ်ထားကြောင်း သိရသည်။ ရေထု ညစ်ညမ်းလာမှုသည် ကြီးထွားလာသော ပြဿနာတစ်ရပ်ဖြစ်လာပြီး နှစ်စဉ် သမုဒ္ဒရာရေပြင်ထဲသို့ ရောက်ရှိလာသည့် စွန့်ပစ်ပလတ်စတစ်အလေးချိန်သည် တန်ရှစ်သန်းကျော်ရှိကြောင်း ကုလသမဂ္ဂ ၏သဘာဝပတ်ဝန်းကျင် အစီအစဉ်အရ သိရသည်။

**(ဆင်ဟွာ)**




# အင်ဒိုနီးရှားရေယာဉ်တိမ်းမှောက်မှု ခုနစ်ဦးသေဆုံး

**ဂျကာတာ ဖေဖော်ဝါရီ ၄**

အင်ဒိုနီးရှားနိုင်ငံအရှေ့ဘက် တောင်ဆူလာဝေဆီပြည်နယ် ကမ်းလွန်ပင်လယ်ပြင်တွင် မော်တော်တစ်စင်း တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူခုနစ်ဦး သေဆုံးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောခဲ့သည်။

အဆိုပါရေယာဉ်ပေါ်တွင် လူ ၁၉ ဦး ထက်မနည်း လိုက်ပါစီးနင်းလာကြောင်း သိရသည်။ ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန အကြီးအကဲ အိတ်ချ်အလမ်ရာက တာကာလာခရိုင် မာက်စ်ဆာရေလက်ကြားရှိ တာနီရေပြင်တွင် မော်တော်တစ်စင်း တိမ်းမှောက်ခဲ့ကြောင်း ပြောသည်။

ရေယာဉ်နစ်မြုပ်ရာတွင် ပျောက်ဆုံးနေသူများအား ကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့ဝင်များနှင့် ရေတပ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ရှာဖွေလျက်ရှိသည်။

ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနအကြီးအကဲ အိတ်ချ်အလမ်ရာက ရေယာဉ်တိမ်းမှောက်မှုကို စုံစမ်းလျက်ရှိကြောင်း၊ ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးများ ဆက်လက်လုပ်ဆောင်နေကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

# အီရန် နပန်းပြိုင်ပွဲများတွင် ကန်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတော့မည်မဟုတ်

**တီဟီရန် ဖေဖော်ဝါရီ ၄**

အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံအတွင်းကျင်းပမည့် နပန်းပြိုင်ပွဲများတွင် အမေရိကန် အလွတ်တန်းအမျိုးသား နပန်းသမားများအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုတော့မည်မဟုတ်ကြောင်း နိုင်ငံပိုင် အိုင်အာအင်န်အေသတင်းဌာနက ယမန်နေ့က ပြောခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူဘာရန်ကွစ်မီက ယင်းအကြောင်းအရာအား အထူးကော်မတီတစ်ရပ်ဖွဲ့စည်း၍ ဆွေးနွေးခဲ့ပြီးနောက် အမေရိကန် နပန်းသမားများအား အီရန်နိုင်ငံသို့ လာရောက်ခြင်းကို ပိတ်ပင်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း အိုင်အာအင်န်အေသတင်းဌာနသို့ ပြောခဲ့သည်။

အီရန်နိုင်ငံသားများအပေါ် တားမြစ်ချက်များချမှတ်ခဲ့သည့် အမေရိကန်နိုင်ငံ၏ လုပ်ဆောင်ချက်ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းဆုံးဖြတ်ချက်ကိုချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ကွစ်မီက ပြောခဲ့သည်။

အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံအပါအဝင် မူဆလင်ခုနစ်နိုင်ငံမှ နိုင်ငံသားများအား ပြည်ဝင်ခွင့်ပိတ်လိုက်ခြင်းကို တုံ့ပြန်သောအားဖြင့် ဇန်နဝါရီ ၃၁ ရက်က အမေရိကန်နိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးခြင်းကို အီရန်နိုင်ငံက ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ခရီးသည်တင်လေယာဉ်များ အေတီအာရ်ထံမှ အီရန်ဝယ်မည်

**တီဟီရန် ဖေဖော်ဝါရီ ၄**

ပြင်သစ်-အီတလီလေယာဉ်ထုတ်လုပ်သူများအဖွဲ့(အေတီအာရ်)မှ ကိုယ်စားလှယ်များသည် အီရန်နိုင်ငံ တီဟီရန်သို့ ဖေဖော်ဝါရီ ၅ ရက်တွင် ရောက်ရှိလာမည်ဖြစ်ပြီး ခရီးသည်တင်လေယာဉ်ရောင်းချရေးကိစ္စများ ဆွေးနွေးသွားမည်ဖြစ်ကြောင်း အဆင့်မြင့် အီရန်လေကြောင်းအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၄ ရက်က ပြောခဲ့သည်။

နောက်ဆုံးအဆင့် ဆွေးနွေးမှုပြုပြီးနောက် အမေရိကန်ဒေါ်လာသန်း ၄၀၀ ခန့်ရှိ ခရီးသည်တင်လေယာဉ် အစင်း ၂၀ ခန့်ကို အီရန်သို့ ပေးပို့မည်ဖြစ်ကြောင်း အီရန်လမ်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုဝန်ကြီး အက်စ်ကာဖက်ရီယာ့စ်ကာရှန်၏ ပြောကြားချက်ကိုကိုးကား၍ ဖားစ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# ထရန့်၏ လူဝင်မှုကြီးကြပ်ရေးဥပဒေအား လန်ဒန်ရှိ ကန်သံရုံးရှေ့၌ လူထောင်ပေါင်းများစွာ ဆန္ဒပြ

**လန်ဒန် ဖေဖော်ဝါရီ ၄**

မွတ်စလင်ခုနစ်နိုင်ငံနှင့် ရွှေ့ပြောင်းဒုက္ခသည်များအား ခရီးသွားခွင့် ယာယီပိတ်ပင်မှုပြုခဲ့သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့်ပတ်သက်ပြီး ဖေဖော်ဝါရီ ၄ ရက်က လန်ဒန်ရှိ အမေရိကန်သံရုံးရှေ့၌ လူထောင်ပေါင်းများစွာ ဆန္ဒပြခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထောင်ပေါင်းများစွာသော ဆန္ဒပြသူများသည် “ထရန့်အလိုမရှိ၊ စစ်ပွဲအလိုမရှိ”ဆိုသည့် ကြွေးကြော်သံများပါဝင်သည့် လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆွဲကာ ထရန့်၏ နိုင်ငံခြားရေးမူဝါဒအား ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။

လွန်ခဲ့သော တစ်ပတ်ကျော်က အမေရိကန်သမ္မတထရန့်သည် အမေရိကန်နိုင်ငံသို့ ဒုက္ခသည်ဝင်ရောက်ခွင့်နှင့် ဆီးရီးယားအပါအဝင် မွတ်စလင်အများစုနေထိုင်သည့် ခြောက်နိုင်ငံမှ ခရီးသွားများဝင်ရောက်ခွင့်ကို ယာယီပိတ်ပင်မှုပြုလုပ်ရန် ဥပဒေတစ်ရပ်အား လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး လူမျိုးရေးခွဲခြားမှုဟု အမြင်ရောက်နေသည့် ဗြိတိသျှလူမျိုးများက ဒေါသထွက်နေကြပြီး ထရီဆာမေအစိုးရအနေဖြင့်လည်း ယင်းကိစ္စအား ဝေဖန်မှုပြုခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**



# အလင်္ကာကျော်စွာ ရွှေပြည်အေး၏ တသသ ဂန္ထဝင်တေးများအစီအစဉ် ရိုက်ကူးတင်ဆက်

**အမေး/အရေး - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

**နေပြည်တော် ဖေဖော်ဝါရီ ၄**
ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Mingalar Dragon Co,Ltd. တို့ ပူးပေါင်းရိုက်ကူး ထုတ်လုပ်တင်ဆက်မည့် အလင်္ကာကျော်စွာ ရွှေပြည်အေး၏ တသသ ဂန္ထဝင်တေးများ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၀)နှစ်မြောက် နှစ်ပတ်လည်နှင့် အာဆီယံ နှစ်(၅၀)ပြည့် ရွှေရတုအကြိုအဖြစ် ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တွင် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ရိုက်ကူးတင်ဆက်ခဲ့ကြသည်။

အဆိုပါအစီအစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ထုတ်လွှင့်မည်ဖြစ်ပြီး အာဆီယံဒေသတွင်းရှိ နိုင်ငံများမှ ရုပ်သံပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ အဆိုတော် ဝိုင်းလမင်းအောင်၊ မေ့ချစ်သက်နှင့် မေသက်ထားဆွေ စသည့် အနုပညာရှင်များ ပါဝင်တင်ဆက်သွားမည်ဖြစ်ရာ အနု ပညာရှင်အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါသည်။

**ဂီတစာဆို မျိုးနွယ်ဆွေ**

ဒီကနေ့ ဆရာရွှေပြည်အေးရဲ့တသသဂန္ထဝင် တေးအစီအစဉ်လေးကို တင်ဆက်ရတဲ့အကြောင်းရင်းကတော့ ရည်ရွယ်ချက်ကြီးပါတယ်။ ပထမအချက်ကတော့ မြန်မာ့ဂီတ၊ မြန်မာ့အမျိုးသားဂီတကို ရှင်သန်အောင်ကြိုးစားခဲ့တဲ့၊ မြန်မာ့ဂီတနဲ့ အနောက်တိုင်းဂီတကို ပေါင်းစပ်ပြီးတော့ ကြိုးစားခဲ့တဲ့ ဆရာကြီးရွှေပြည်အေးရဲ့ သီချင်းတွေက ရာသက်ပန် မမေ့နိုင်တဲ့ သီချင်းတွေ။ တသသ သတိရနေရမယ့် သီချင်းတွေ။ ဒါကြောင့်မို့ ဆရာကြီးရဲ့ သီချင်းလေးတွေကို ဖော်ထုတ်ချင်တာပါ။ နောက်တစ်ခုကတော့ ဆရာကြီး အလင်္ကာကျော်စွာရွှေပြည်အေးဟာ ၂၀၁၇ ခုနှစ်မှာဆိုရင် ဆရာကြီးရဲ့အသက် ၁၀၇ နှစ်ပြည့် အထိမ်းအမှတ်အဖြစ်လည်း ဆောင်ရွက်ချင်ခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခုက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ Orchestra တီးဝိုင်းရှိတယ်။ နိုင်ငံတော်ဆိုင်းဝိုင်းရှိတယ်၊ ခေတ်ပေါ်တေးဂီတအဖွဲ့ရှိတယ်။ အဲဒါတွေကိုပေါင်းစပ်ပြီး Program ကြီးတစ်ခုကို လုပ်ချင်တဲ့ ဆန္ဒရှိတယ်။ သက်ဆိုင်ရာလူကြီးတွေကလည်း ဒီလိုမျိုးဖော်ထုတ်ချင်တယ်။ အခုလိုတေးဂီတအဖွဲ့တွေ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဂီတသမားတွေရဲ့ စည်းလုံးညီညွတ်မှုအားမာန်ကို ဖော်ညွှန်းရာရောက်ပြီးတော့ မြန်မာ့ဂီတရေစီးကြောင်း တိုးတက်သွားစေဖို့ရည်မှန်းပြီး ဆောင်ရွက်တာဖြစ်ပါတယ်။

ကျွန်တော်က Music and Art Director တာဝန်ယူရတဲ့အတွက် ဆရာကြီးသီချင်းတွေကို ရွေးတာကစပြီး ရိုက်ကူးရေးပြီး ထုတ်လွှင့်တဲ့အထိ တာဝန်ယူရတဲ့အတွက် ပီတိဖြစ်မိပါတယ်။ ဆရာက ရုပ်ရှင်သီချင်းလည်း ရေးတယ်။ ကာလပေါ်လည်း ရေးတယ်၊ ခေတ်ပြားသီချင်းလည်း ရေးတယ်ဆိုတော့ တင်ပြတဲ့နေရာမှာ အားလုံးကို ပါစေချင်တယ်။ ပထမဦးဆုံးတင်ဆက်မယ့် အစီအစဉ်မှာ ပရိသတ်ကို ပြည်သူကို မြူးကြွမယ့် သီချင်းလေးတွေ၊ စိတ်ခါတ်ပျော်ရွှင်တက်ကြွစေတဲ့ သီချင်းလေးတွေ၊ မြန်မာ့ကျေးလက်ဒေသနဲ့ ပတ်သက်တာလေးတွေ၊ မြန်မာ့အနုပညာကို ကမ္ဘာ့ဂီတနဲ့ ပေါင်းစပ်တာလေးတွေကို ရွေးချယ်ပြီးတော့ တင်ပြထားပါတယ်။

**ဦးဆုတင်(ဒါရိုက်တာ)**
Executive Producer, Mingalar Dragon Co,Ltd.

မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား (၇၀)နှစ်မြောက် နှစ်ပတ်လည်နဲ့ အာဆီယံ နှစ်(၅၀)မြောက် ရွှေရတုနှစ်ပတ်လည် အကြိုအထိမ်းအမှတ်အနေနဲ့ အခုလို အလင်္ကာကျော်စွာ ရွှေပြည်အေးရဲ့တသသ ဂန္ထဝင်တေးများ အစီအစဉ်လေးကို ဆောင်ရွက်ဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကလည်း နိုင်ငံတကာနဲ့ကူးလူးဆက်ဆံမှုတွေ၊ နိုင်ငံတကာရဲ့နည်းပညာတွေ ရစေချင်တာကို အကြောင်းပြုပြီး အာဆီယံဒေသတွင်း ရုပ်သံပညာရှင်တွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်တာပါ။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပညာရှင်တွေနဲ့ ပြင်ပပညာရှင်တွေ ဆောင်ရွက်တဲ့အခါ ပညာလည်းဖလှယ်လို့ရပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ HD Quality နဲ့ ထုတ်လွှင့်တဲ့နည်းပညာ အားနည်းသေးတာဖြစ်တဲ့အတွက် ဒီအစီအစဉ်ဟာ HD Quality နဲ့ ရိုက်ကူးတာလည်းဖြစ်တော့ နည်းပညာတွေရပါတယ်။ ကင်မရာစုစုပေါင်း ကိုးလုံးနဲ့ ရိုက်ဖြစ်ပါတယ်။ ဂီတပိုင်းဆိုင်ရာမှာတော့ ဘယ်သူ့သီချင်းတွေ ကောင်းလဲစဉ်းစားတော့ မြန်မာမှုမြန်မာ့သံတွေပိုင်နိုင်တဲ့ ဆရာကြီး အလင်္ကာကျော်စွာ ရွှေပြည်အေးရဲ့ သီချင်းတွေကို စဉ်းစားမိတယ်။ ဆရာရွှေပြည်အေးရဲ့သီချင်းတွေထဲမှာ အနောက်တိုင်းအထိ ခေတ်မီနေတဲ့ အနောက်တိုင်းသံစဉ်တွေ ပါတယ်။ စာသားတွေမှာကျတော့ မြန်မာမှု မြန်မာ့ဓလေ့တွေပါဝင်ပြီး အရမ်းနူးညံ့တဲ့အတွက် ဆရာကြီးရဲ့သီချင်းတွေ လုပ်ဖြစ်ပါတယ်။ သီချင်းတွေကိုတော့ ဆရာ ဂီတစာဆိုမျိုးနွယ်ဆွေက ရွေးချယ်ပါတယ်။ ဂီတမှာတော့ မြန်မာ့အသံ သံစုံတီးဝိုင်းရယ်၊ ပြင်ပပညာရှင်တွေရယ် စုပေါင်းပြီးတော့ ဆရာဇော်မင်း၊ အောင်မြတ်ထွဋ်တို့၊ ခီရာမိုရ်တို့ ဖွဲ့စည်းပြီးတော့ စီစဉ်တာဖြစ်ပါတယ်။

ဒီရိုက်ကူးရေးအစီအစဉ်ဟာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်ရုံသက်သက်မဟုတ်ဘဲ အာဆီယံအဆင့်ကိုပါ ရုပ်/သံဘက်ကရော၊ အနုပညာအနေနဲ့ရော၊ ဂီတရော ပါတဲ့ ပထမဆုံးခြေလှမ်းလို့ ပြောလို့ရပါတယ်။ မြန်မာရုပ်သံပညာရှင်တစ်ယောက်အနေနဲ့ မြန်မာ့အသံရဲ့ နှစ်ပတ်လည်ဖြစ်သလို အာဆီယံရွှေရတု အကြိုအထိမ်းအမှတ် အစီအစဉ်တွေကို အာဆီယံတန်းဝင်တဲ့ ရုပ်သံပညာရှင်တွေနဲ့တွဲပြီး လုပ်ခွင့်ရတဲ့အတွက် ကိုယ့်ဘဝမှတ်တိုင်တစ်ခုလို ဂုဏ်ယူပါတယ်။

**ဒေါ်ကျော့လွင်လွင်မာ**
**လက်ထောက်ကထိက၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန၊**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)**

ဒီအစီအစဉ်မှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်က ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ နိုင်ငံခြားသား ရုပ်သံပညာရှင်တွေနဲ့ ပူးပေါင်းပြီး လုပ်ရတာဖြစ်တဲ့အတွက် အချိန်တိုအတွင်းမှာပဲ အတွေ့အကြုံတွေ တော်တော်ရပါတယ်။ တော်တော်လည်း ပင်ပန်းပါတယ်။ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခကလည်း ကလေးတွေကို နည်းပညာရော အတွေ့အကြုံတွေပါ ရရှိအောင် ပူးပေါင်းဆောင်ရွက်ခွင့်ပြုတဲ့အတွက် ရုပ်ရှင်နဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေ ရပါတယ်။ အဲဒီအတွက်လည်း ဝမ်းသာဂုဏ်ယူပါတယ်။

**ဒေါ်မြင့်မြင့်မာ**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန**

ကျွန်မတာဝန်ယူထားတာကတော့ ဒီအစီအစဉ်ထဲမှာပါတဲ့ တစ်မိုးတစ်မြေဆိုတဲ့ သီချင်းလေးမှာ ပါဝင်ကပြ ဖျော်ဖြေဖို့အတွက် မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား တိုင်းရင်းသားရုပ်သံအစီအစဉ်က တိုင်းရင်းသူလေးတွေကို အကသင်ပေးရပါတယ်။ ဒီတစ်မိုးတစ်မြေဆိုတဲ့သီချင်းလေးက ကယားမြေရဲ့အလှကို ဖော်ကျူးထားတာဖြစ်ပြီးတော့ တိုင်းရင်းသူလေးတွေရဲ့အလှကို ပေါ်လွင်အောင် သင်ကြားပြသပေးရတာဖြစ်ပါတယ်။ အခု အစီအစဉ်မှာပါတဲ့ သီချင်းလေးတွေ အကုန်လုံးကလည်း ငယ်ငယ်ကတည်းက နားရည်ဝနေတဲ့ သီချင်းလေးတွေဖြစ်တယ်။ ဒီနေ့ထက်ထိခေတ်စားနေတဲ့ ချစ်သောမောင်မောင်ဆိုတဲ့ သီချင်းလေးက အိမ့်ချစ်တို့ ပြန်ပြီးသီဆိုထားတဲ့ သီချင်းလေးတွေပေါ့။ ဟိုတုန်းကသီချင်းကို ပြန်ဆိုထားတာ တော်တော်နားထောင်လို့ကောင်းပါတယ်။

အလင်္ကာကျော်စွာရွှေပြည်အေးရဲ့ကာရံတွေဟာ မြန်မာသံမှာ တော်တော်လေးကို နူးညံ့လှပတဲ့ သံစဉ်တွေဖြစ်ပြီးတော့ နဘေထပ်ကလေးတွေ သုံးသွားတာတွေနဲ့ သံစဉ်တွေဟာ တီးခတ်တဲ့အခါမှာ တော်တော်လှလှလေးတွေ ယူထားတာကို တွေ့ရတယ်။ ငယ်ငယ်ကတည်းက ကြားဖူးတာ ဒီလောက်မဟုတ်ပေမယ့် အခုပြန်ပြီး အသေးစိတ်တွေ့ရတဲ့အခါ ကိုယ့်နိုင်ငံမှာ ဒီလိုပညာရှင်တွေ ရှိခဲ့ပါလားဆိုတာ ပိုပြီးဂုဏ်ယူမိပါတယ်။ လူငယ်တွေလည်း ပညာရှင်တွေရေးသွားတဲ့ အရေးအသားတွေကို ပြန်ပြီးလေ့လာပြီး အသစ်တွေဖန်တီးမယ်ဆိုရင် မြန်မာ့ စာပေလောကရော၊ အနုပညာလောကပါ ခေတ်တွေ တိမ်ကောမှာ မဟုတ်ဘူးလို့ ထင်ပါတယ်။



အလင်္ကာကျော်စွာ ရွှေပြည်အေး၏ တသသဂန္ထဝင်တေးများ အစီအစဉ် ရိုက်ကူးစဉ်



# ရန်ကုန်စာအုပ်လမ်းတွင် သုတ၊ ရသစာပေများနှင့် ကျောင်းသုံးစာအုပ်များရောင်းချ

**ရန်ကုန် ဖေဖော်ဝါရီ ၄**
ယနေ့သည် စနေနေ့ အားလပ်ရက်ဖြစ်သည်။ ရန်ကုန်မြို့ သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းသည် စာအုပ်ဆိုင်များခင်းကျင်းပြီးသည်နှင့် နံနက်ပိုင်းမှစတင်၍ စာပေချစ်မြတ်နိုးသူများ၊ လေ့လာသူများနှင့်အတူ စည်ကားလျက်ရှိသည်။

စာအုပ်ဆိုင်ပေါင်း ၁၇၀ ခန့်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသော ရန်ကုန်စာအုပ်လမ်းတွင် စာပေချစ်မြတ်နိုးသူ ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံစာအုပ်များ၊ ရှေးယခင်က ထုတ်ဝေခဲ့သော သတင်းစာအဟောင်းများ၊ သုတ၊ ရသအဟောင်း၊ အသစ်လုံးချင်းဝတ္ထုတို၊ ဝတ္ထုရှည် စာအုပ်များ၊ ကမ္ဘာ့ခေါင်းဆောင်များ၏ သမိုင်းဝင်စာအုပ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတ၊ ရသစာအုပ်များ၊ဆေးပညာဆိုင်ရာ စီဒီခွေများ၊ အင်္ဂလိပ်-မြန်မာအဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ဗေဒင်စာအုပ်မျိုးစုံ၊ ကျောင်းသားကျောင်းသူ ကလေးငယ်များအတွက် ကျောင်းသုံးစာအုပ်များ၊ မြန်မာအနုပညာရုပ်များ၊ ရှေးယခင်က သုံးစွဲခဲ့သော ပိုက်ဆံအကြွေစေ့မျိုးစုံ စသည့်တို့အပြင် ဘောင်သွင်းထားသည့် လက်ရေးပန်းချီကားများ၊ ဓာတ်ပုံများရိုက်နှိပ်ထားသော စပို့ရှပ်အင်္ကျီများနှင့် လွယ်အိတ်မျိုးစုံတို့ကို တစ်စုတစ်ဝေးတည်း ခင်းကျင်းရောင်းချလျက်ရှိသည်။

အချို့သောစာအုပ်ဆိုင်များသည် စာအုပ်များကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးသောကြောင့် စာပေချစ်မြတ်နိုးသူများ စိတ်ကြိုက်ဝယ်ယူအားပေးကာ စည်ကားလျက်ရှိသည်။

ယခု ရန်ကုန်စာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့က စာအုပ်၊ စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာပေအသိပညာ ဗဟုသုတကြွယ်ဝလာစေရေးနှင့် ရေးသူ၊ ဖတ်သူ၊ ထုတ်ဝေဖြန့်ချိသူများအချင်းချင်း ရင်းနှီးကျွမ်းဝင်ကာ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးနိုင်ရေး ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**သတင်း - ကိုကိုဇော်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# အမျိုးသမီးရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၃၄/၂၀၁၆)သင်တန်းဆင်း

**နေပြည်တော် ဖေဖော်ဝါရီ ၄**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း၏ ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတွင် ၂၂-၈-၂၀၁၆ ရက်နေ့မှ ၃-၂-၂၀၁၇ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားခဲ့သည့် အမျိုးသမီးရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၃၄/၂၀၁၆) ပန်ထွာတပ်ခွဲသင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက်က အမှတ်(၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ သုတေသနစီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနမှူး ရဲမှူးကြီး ဥမ္မာရင်မိ တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားခဲ့ပြီး သင်တန်း ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၈၇ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်းနှင့် သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၆၀၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **ကိုရဲ**



# ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဆေးဝါးအမျိုးပေါင်း ၁၈၀ ထုတ်လုပ်ပေးနိုင်ပြီ

**ရန်ကုန် ဖေဖော်ဝါရီ ၄**
ဆေးဝါးစက်ရုံအင်းစိန်(ယခင်ဘီပီအိုင်)မှ ပြည်သူများ၏ ကျန်းမာရေးရှေးရှုကာ ဆေးဝါး အမျိုးပေါင်း ၁၈၀ အထိတိုးမြှင့်ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း ဒုတိယစက်ရုံမှူး ဦးဝင်းဌေးက ပြောသည်။

"ကျွန်တော်တို့ ဆေးဝါးစက်ရုံ(အင်းစိန်)ဟာ နိုင်ငံပိုင် ဆေးဝါးစက်ရုံဖြစ်ပါတယ်။ ယခင် ဘီပီအိုင်ဆေးဝါးစက်ရုံဖြစ်ပြီးယနေ့အချိန်မှာ ပြည်သူများတွေရဲ့ ကျန်းမာရေးလိုအပ်ချက်အရ ဆေးဝါးအမျိုးပေါင်း ၁၈၀ အထိတိုးမြှင့်ထုတ်လုပ်ပေးနိုင်ပြီ ဖြစ်ပါတယ်" ဟု ၎င်းက နိုင်ငံတကာ နည်းပညာပြပွဲ အခမ်းအနားတွင် ပြောကြားသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်သော ဆေးဝါးများကို အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအတွက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် အစိုးရဌာနများသို့ အမှာစာအပေါ်မူတည်ကာ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ကိုယ်စားလှယ်အရောင်းကို စတင်ခွင့်ပြု နေပြီဖြစ်သော်လည်း နည်းပါးနေသေးကြောင်း သိရသည်။

ဘီပီအိုင်ဆေးဝါးစက်ရုံကို ၁၉၅၃ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ဆေးဝါးများစတင်ထုတ်လုပ်ခဲ့ကြောင်း၊ ယခုအခါဆေးအမျိုးပေါင်း ၁၈၀အထိ ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးဝါးစက်ရုံမှ ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက်အရ ဆေးပြား ဆေးတောင့် (Tablets & Capsules)၆၆ မျိုး၊ လိမ်းဆေး (Liquids)လိမ်းဆေးအမျိုး ၂၀၊ လူးဆေး (Ointment & Lotions)ကိုးမျိုး၊ အခဲ(Solids)နှစ်မျိုး၊ သမားကိုင်ဆေးဝါး(Control Drugs)၁၀ မျိုး၊ ထိုးဆေး(injections)၄၅ မျိုးထုတ်လုပ်ပေးလျက်ရှိကြောင်း၊ BPI ဆေးဝါးများသည်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ထုတ်လုပ်မှုစံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ထားခြင်းဖြစ်၍ ဆေးဝါးအာနိသင် အပြည့်အဝရှိပြီး ကျန်းမာရေးအတွက် ထိရောက်မှုကောင်းကြောင်း သိရသည်။

အဆိုပါ ဆေးဝါးစက်ရုံ၏ လက်အောက်ရှိ လှည်းကူးမြို့နယ်မှ အသည်းရောင်အသားဝါ (ဘီ)ပိုးကာကွယ် ဆေးကိုလည်း အောင်မြင်စွာ ထုတ်လုပ်လျက်ရှိကြောင်း၊ ဘီပိုး ကာကွယ်ဆေးအမည်မှာ LIVOVAX-B ဖြစ်ကြောင်း၊ ဆေးဝါးစက်ရုံ (အင်းစိန်)မှ ယခုအခါ မြွေဆိပ်ဖြေဆေးကိုလည်း လွန်ခဲ့သော ခြောက်လမှ စတင်ကာ တစ်နှစ်လျှင်အလုံးရေ ၈၀၀၀၀ အထိ ထုတ်လုပ်ပေးနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ဆေးဝါးစက်ရုံ(အင်းစိန်) သည် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း၌ တည်ရှိပြီး စက်ရုံနှင့်ဆက်သွယ် ဆောင်ရွက်နိုင်သော ဖုန်းနံပါတ်မှာ ၀၁-၆၄၆၂၇၁ ဖြစ်သည်။

**မြင့်မောင်စိုး**

# ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၄**
ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် ရပ်ကွက်အတွင်း နေထိုင်သူများ၏ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

၂၀၁၇ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ ရက်အတွင်း ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကော်မရှင်ရုံးမှာ ၁၈နှစ်ပြည့်ပြီး မပါသေးတာတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ကျန်နေတာတွေ၊ သေသွားလို့ မဖျက်ရသေးတဲ့ အမှားအယွင်းတွေရှိလာရင်ပြင်ဖို့ ကျွန်တော်တို့ ရုံးဖွင့်ပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအုန်းကျော်က ပြောသည်။

ယခုထုတ်ပြန်သော မဲဆန္ဒရှင်စာရင်းသည် ပထမအကြိမ်ထုတ်ပြန်ခြင်းဖြစ်ပြီး ဒုတိယအကြိမ်အပြီးသတ် မဲဆန္ဒရှင်စာရင်းကို မတ်လ ၁ ရက်မှ ၁၄ ရက်အထိ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထုတ်ပြန်သောစာရင်းများအရ အမှတ်(၁)ရပ်ကွက်အတွင်း မဲဆန္ဒရှင် ၇၆၀၀ ကျော်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပရဟိတလူမှုအဖွဲ့အစည်းများသို့ လှူဒါန်းနိုင်မည့် ဝက်ဘ်ဆိုက်စာမျက်နှာသစ် စတင်


လိုတရစေတနာကမ်းလက်များမှတစ်ဆင့် လှူဒါန်းနိုင်သော ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာ

**ရန်ကုန် ဖေဖော်ဝါရီ ၄**
မြန်မာနိုင်ငံတွင်းရှိ ပရဟိတလူမှုအဖွဲ့အစည်းများသို့ မိုဘိုင်းဖုန်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းနိုင်မည့် ဝက်ဘ်ဆိုက်စာမျက်နှာသစ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)မှ ပထမဆုံးစတင်အကောင်အထည်ဖော်လျက်ရှိကြောင်း ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ရုံးချုပ်မှ သိရသည်။

အဆိုပါ ဝက်ဘ်ဆိုက်စာမျက်နှာသစ်ကို လိုတရစေတနာကမ်းလက်များအမည်ပေးထားပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံးပေါ်ပေါက်လာသည့် လူထုအကျိုးပြုပရဟိတ ဝက်ဘ်ဆိုက်ဖြစ်သည်။ MPT သုံးစွဲသူပြည်သူများအနေဖြင့် ယင်းဝက်ဘ်ဆိုက် http://helpinghands.foc.lotayamm.com သို့ဝင်ကာ မြန်မာနိုင်ငံတွင်းရှိ လူမှုအကျိုးပြုလုပ်ငန်း အမျိုးမျိုး၏ အချက်အလက်များကိုရယူနိုင်သော လိုတရစေတနာကမ်းလက်များစာမျက်နှာမှတစ်ဆင့် မိမိနှစ်သက်သဘောကျသော လူမှုအဖွဲ့အစည်းသို့ ရွေးချယ်လှူဒါန်းနိုင်မည်ဖြစ်သည်။

ယင်းဝက်ဘ်ဆိုက်ထဲတွင် မြန်မာနိုင်ငံတွင်းရှိလူမှုအဖွဲ့အစည်းများဖြစ်သည့် ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၊ ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာ၊ ပြည်ကြီးခင် လူမှုရေးအသင်း၊ ရွှေမင်းသားဖောင်ဒေးရှင်း၊ လမ်းသစ်ဖောင်ဒေးရှင်း၊ သဘာဝတရားရိပ်သာ(သန်လျင်)၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ဂျပန်ငြိမ်းချမ်းရေးလေညင်းလေးများ(Peace Wind) စုစုပေါင်းလူမှုအဖွဲ့အစည်း၁၀ ခုသို့ အသေးစိတ်ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပြီးဖုန်းသုံးစွဲသူစေတနာရှင်ပြည်သူများအနေဖြင့် အနည်းဆုံးငွေကျပ် ၁၀၀ မှ မိမိစေတနာသဒ္ဓါတရားထက်သန်သမျှ လှူဒါန်းနိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့နိုင်ငံထဲမှာ လိုအပ်ချက်ရှိနေတဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေမှာ ပရဟိတဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေကို လှူဒါန်းလိုတဲ့ MPT သုံးစွဲသူစေတနာရှင်တွေအနေနဲ့ ကိုယ်တိုင်သွားရောက်ဖို့မလိုဘဲ ဖုန်းကနေတစ်ဆင့် လှူဒါန်းနိုင်အောင် အခုလို လိုတရစေတနာကမ်းလက်များ ဝက်ဘ်ဆိုက်ကို ဆောင်ရွက်တာဖြစ်ပါတယ်။ အစီအစဉ်အလိုက်ရရှိတဲ့ ငွေတွေကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေမှာ ရာနှုန်းပြည့် တိုက်ရိုက်လွှဲပြောင်းပေးသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးသူရက ပြောသည်။

လှူဒါန်းလိုသော MPT ဖုန်းသုံးစွဲသူစေတနာရှင်သည် အဆိုပါ စာမျက်နှာတွင် ပါဝင်သောနှစ်သက်ရာ ပရဟိတအဖွဲ့အစည်းတစ်ခုကိုရွေးချယ်ပြီးဖုန်းလက်ကျန်ငွေမှ လှူဒါန်းလိုသောငွေပမာဏကို ထပ်မံရွေးချယ်ရမည်ဖြစ်သည်။ လှူဒါန်းမှုစာတန်း အတည်ပြု၊ မပြု ပေါ်လာပါက အတည်ပြုလျှင် အတည်ပြုကြောင်းနှိပ်ပြီး မိမိရွေးချယ်ထားသော အစီအစဉ်နံပါတ်နှင့် အလှူငွေပမာဏကို ပြန်လည်စစ်ဆေးရမည်ဖြစ်သည်။ အလှူငွေပမာဏကိုမိမိဖုန်းလက်ကျန်ငွေမှ ဖြတ်တောက်သွားမည်ဖြစ်ပြီး လှူဒါန်းမှုပြီးစီးကြောင်း စာတိုတစ်စောင်ကို MPT မှပေးပို့သွားမည်ဖြစ်သည်။

ယခုအစီအစဉ်ကိုသုံးလသို့မဟုတ် နောက်အကျဆုံး ခြောက်လ အကြာတွင် သက်ဆိုင်ရာပရဟိတအဖွဲ့အစည်းများသို့ MPTမှ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

Myanmar B2B Management Magazine
ဖေဖော်ဝါရီလထုတ် ထွက်ပြီ
- ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌသစ်နှင့်တွေ့ဆုံခြင်း
- ဒေါ်လာဈေးအတက်အကျနှင့် စီးပွားရေးဂယက်
- Google ကိုစည်းကမ်းကောင်းအောင်ဆောင်ရွက်နေသူ
- နှစ်ပေါင်းနှစ်ထောင်ကျော်က လမ်းပြစကားများ
- ဗဒ္ဒမင်းတရား(ဘိုးတော်မင်း)၏ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာခြင်း
- ၂၀၁၆မြန်မာအင်တာနက်ကိုသုံးသပ်ခြင်းနှင့် ၂၀၁၇ အတွက်အကြံပေးချက်
- စီးပွားရေးနှင့် လူမှုရေးနယ်ပယ်ထဲက တက်ကြွသူ၊ သို့မဟုတ် ဒေါ်ခင်သက်မော်နှင့်တွေ့ဆုံခြင်း
- ပါမောက္ခဒေါက်တာအောင်ထွန်းသက် ဦးဆောင်ဆွေးနွေးထားသည့် "အစိုးရသစ်လက်ထက်အလုပ်အကိုင်အခွင့်အလမ်းနှင့် အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်းများအလားအလာ" စကားဝိုင်း
- ဈေးဝယ်သူများအား ငွေပြန်ပေးသည့်ဝက်ဘ်ဆိုက်ကို ထိုင်းတွင်ပထမဦးဆုံးစတင်ခဲ့သူ
- MAPCO ၏မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းအောင်နှင့်တွေ့ဆုံခြင်း
စသည့် ဖတ်စရာမှတ်စရာ ကဏ္ဍအစုံအလင်ဖြင့် ဖေဖော်ဝါရီလထုတ် ထွက်ပြီ
DVD Magazine
လပေးပေတ်ရှုလိုပါက – 09 4200 33366 ကြော်ငြာထည့်သွင်းလိုပါက – 09 4200 333 55 , 77 (Hot Line)

မြတ်ဗောဓိ ဗုဒ္ဓဂယာအဆင်မြင့်ဘုရားဖူးအဖွဲ့
"မတ်လ (Promotion) အထူးခရီးစဉ်"
၁၅ ရက် – March - (4~18) (Promotion) အထူးခရီး – ၁၁ သိန်း
၁၅ ရက် – April (8) သင်္ကြန်ခရီးထူးခရီး – ၁၁.၅ သိန်း
သံဝေဇနီယ(၄)ဌာန၊ အဋ္ဌမဟာ(၄)ဌာန၊ ဂင်္ဂါမြစ်၊ အာဂရာ(တပ်ချ်မဟာ)နယူးဒေလီနေရာစုံ (အိန္ဒိယ–နီပေါ)
၈ ရက် – April - 15 (Promotion)အထူးခရီး – ၁၀.၅ သိန်း
ခရီးစဉ်အားလုံးစရိတ်ငြိမ်း ကားညမောင်းခရီးစဉ်လုံးဝ(လုံးဝ)မပါပါ။
(၁၆)ဦးတစ်စု(၁)ဦးလက်ဆောင်ပေးသည်။နယ်မှခရီးသည်များကြို/ပို့တည်းခိုရေးစီစဉ်ပေးသည်။ ဃာနာနို့ဆွမ်း၊ရေချမ်း၊ပန်း၊သစ်သီးဆွမ်း၊ India GSM Simcard နှင့် ကားပေါ်တွင် Internet Wifi Free Service၊ဘုရားဌာန(၄)ဌာနတွင်စုပေါင်းကြာသဏ်န်း(၁၁)ထည်တို့ကိုဓမ္မဒါနပေးသည်။ နယူးဒေလီဟိုတယ်တွင်ညအိပ်၍နံနက်/နေ့လည်/ညစာဖြင့်ကျွေးမွေးဧည့်ခံမည်။နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများအထက်ပါဈေးနှုန်းဖြင့်ပို့ဆောင်ပေးပါသည်။မြတ်ဗောဓိရုံးခန်းတွင်(DVD) အခွေနှင့်ဝန်ဆောင်မှုလက်ကမ်းကြော်ငြာများအခမဲ့လာရောက်ယူနိုင်ပါသည်။ခရီးစဉ်အသေးစိတ်ကိုစုံစမ်းမေးမြန်းနိုင်ပါသည်။ ခရီးစဉ်ရက်စွဲများပြောင်းလဲခြင်းမရှိပါ။
ရန်ကုန်ရုံးချုပ်။ ။အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)၊အခန်း(၃/အေ)၊လမ်း(၄၀)၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
Ph : 09-49338595, 263125261,788304828, 09-420134528 E-mail:myatbodhi@gmail.com
မန္တလေးရုံးခွဲ။ ။အခန်း(ဘီ/၅)၊ရတနာပုံ(စ)ဈေးဘုရင့်နောင်လမ်းပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့ Ph: 09 91038589, 09-797512889, 09 797351099

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
*လှည်းကူးမြို့အနီး၊ ဗိုလ်တေဇလမ်း၊ဘိုးဘွားပိုင်မြေ
တွန်ကာရစ်လမ်းဘေးခြံခတ်ပြီး၊ ရေမီးစုံ ။
(40'x60') - 135 သိန်း၊
(25'x60') - 100 သိန်း၊
(25'x50') - 75 သိန်း၊
Ph:09-799716395,09-796797258

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် CC/8406 Toyota Hiace KDH 200 Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ Doh Shwe Myanmar Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပျောက်ဆုံးကြောင်း
ဦးအောင်ကိုသက်(၁၂/ဗဟန(နိုင်)၀၇၈၁၆၉) ပိုင် သွင်းကုန်လိုင်စင်အမှတ် ILV 12-13 0024 06/04/2012 မှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၄၂၅၀၂၀၇၈၄

ပျောက်ဆုံးကြောင်း
ဦးသန်းမြင့်ဇော် (၁၂/ပဘတ(နိုင်)၀၁၄၉၆၆) CDC 95392 ၏ သင်္ဘောတက်ရန်စာရွက်စာတမ်းများမှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၅၁၈၄၆၂၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၂ယ/၂၇၉၆၀ ANBO-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၁၂/လကန(နိုင်)၀၁၆၅၃၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

မြန်မာနိုင်ငံ အိမ် ၊ ခြံ ၊ မြေ ဝန်ဆောင်မှုအသင်း
MRESA
မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းကြီး ၂၀၁၇-၂၀၂၀ခုနှစ် သက်တမ်းကာလအတွက် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်ရွေးချယ်ပွဲအား (၅. ၃. ၂၀၁၇)နေ့တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းကြီးတိုးတက်အောင်မြင်ရန် ပါဝင်ဆောင်ရွက်လိုသူများ ဆန္ဒပြုလွှာများအား အသင်းရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
စည်းကမ်းချက်များ
* အသင်းဝင်ရောက်သည့်နေ့မှစ၍ (၇. ၁. ၂၀၁၇)အထိ (၁)နှစ်တိတိပြည့်ပြီးသူဖြစ်ရမည်။
* ၂၀၁၂-၂၀၁၇ အထိ နှစ်စဉ်ကြေးအကျေပေးသွင်းပြီးဖြစ်ရမည်။
* ဆန္ဒပြုလွှာတင်ရမည့် နောက်ဆုံးရက် (၇. ၂. ၂၀၁၇)
မှတ်ချက်။ ။ ရွေးချယ်ပွဲအား UMFCCI တွင် (၅. ၃. ၂၀၁၇)နံနက် (၉း၀၀)တွင် ပြုလုပ်ပါမည်။ နှစ်စဉ်ကြေးသွင်းပြီးသူများ (၂၀. ၂. ၂၀၁၇)မှ (၂. ၃. ၂၀၁၇)အထိ မဲပေးခွင့်ကဒ်ပြားများ လာရောက်ထုတ်ယူနိုင်ပါသည်။
အသင်းရုံးလိပ်စာ - အမှတ် (၁၈၀/၁၈၄) ၊ ၆ လွှာ(၃၉)လမ်း အလယ် (တော်ဝင်မြန်မာကွန်ဒို)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၃၁၃၂၈၂၇၂၊ ၀၉-၇၈၁၂၀၇၈၀၅၊၀၉-၇၈၁၂၀၇၈၀၆၊၀၉-၇၈၁၂၀၇၈၀၇၊ ၀၉ - ၇၈၉၀၉၄၅၃၇ Email:mresamyanmar2012@gmail.com,Facebook:mresamyanmar

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ဒသမ ၅ ကီလို ဖမ်းဆီးရမိ

**မောင်တော ဖေဖော်ဝါရီ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် (၆)မိုင် စစ်ဆေးရေးစခန်း၌ ယနေ့ နံနက်ပိုင်းတွင် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၀ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်ရဲမင်းစိုး ဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် မောင်တောမြို့နယ် (၆)မိုင် စစ်ဆေးရေးစခန်း၌ မောင်သန်းဝင်း မောင်းနှင်လာသည့် SUPER ANBO တံဆိပ် အဖြူရောင် ဆိုင်ကယ်နှင့် ဇော်မင်းထွန်း မောင်းနှင်ပြီး မသန်းရီ စီးနင်းလိုက်ပါလာသည့် MOLISA တံဆိပ် အနီရောင်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ မောင်သန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်ရှိ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ ရှာဖွေတွေ့ရှိရပြီး ဇော်မင်းထွန်း မောင်းနှင်ပြီး မသန်းရီ စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်ပေါ်ရှိ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၀ ၊ အလေးချိန် ၁၉ ဒသမ ၅ ကီလိုတို့ကို ရှာဖွေတွေ့ရှိဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများကို မသန်းရီ၏အစ်ကိုဖြစ်သူ စိုးဝင်းဆိုသူက ဘူးသီးတောင်မြို့မှ မောင်တောမြို့နယ် မောရဝတီကျေးရွာရှိ ၎င်း၏ နေအိမ်သို့ပို့ဆောင်ခိုင်းခြင်းဖြစ်ကြောင်း၊ စိုးဝင်းမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့က စိုးဝင်း (တိမ်းရှောင်)၊ မသန်းရီ၊ မောင်သန်းဝင်းနှင့် ဇော်မင်းထွန်းတို့အား မောင်တောမြို့နယ် ပြင်ဖြူရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**မင်းမင်းဇော်(သတင်းစဉ်)**

**ဓာတ်ပုံ - မောင်ဇော်**



# ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သောင်းကျော်ဖမ်းမိ



**တောင်ငူ ဖေဖော်ဝါရီ ၄**

ကရင်ပြည်နယ် ဘားအံမြို့မရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာအမှုမှ ကွင်းဆက်ပြစ်မှုကျူးလွန်သူအား ဖေဖော်ဝါရီ ၃ ရက်က တောင်ငူမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၈၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘားအံခရိုင်မှုခင်းနှိမ်နင်းရေးအကူဌာနစုမှ ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့အမှတ် (၁) ရပ်ကွက် ရန်ပြေမာန်ပြေလမ်းရှိ အမေ့သားတည်းခိုခန်း၌ အသင့်စောင့်ဆိုင်းနေစဉ် ယင်းနေ့ ညနေ ၃ နာရီခန့်တွင် လိပ်သိုမြို့နယ်(ခွဲ)၊ ရွှေနန်းကလေးကျေးရွာနေ စောငြိမ်းချမ်းမောင်(ခ) အသောင်းအား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၂၂၈၀၀ တွေ့ရှိခဲ့၍ တောင်ငူမြို့အမှတ် (၂) နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မုံရွာမြို့ရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလုံရပ်ကွက်ရှိ ဦးအောင်သန့်ဇင် ပိုင်ဆိုင်သည့် ကြည်နူးစက်သုံးဆီအရောင်းဆိုင်၌ ဖေဖော်ဝါရီ ၃ ရက် ညနေ ၅ နာရီ ၅ မိနစ်ခန့်က အောက်တိန်းဓာတ်ဆီများကို ပီပါတစ်လုံးမှ တစ်လုံးသို့ လဲလှယ်စဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ နယ်မြေခံ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်း ငြိမ်းသတ်ခဲ့သဖြင့် ညနေ ၅ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အဆောက်အအုံ နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး ငွေကျပ်သိန်း ၉၀ ခန့် မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဆိုင်ခန်းပိုင်ရှင်အား မုံရွာမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အက်စစ်ထည့်သည့်ပုံးဖြင့် ဆီထည့်ပေးစဉ် မီးလောင်

**ကျောက်တံခါး ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင် မြို့ချောင်းကျေးရွာအုပ်စု မြို့ချောင်းဈေးတန်း(၁)ရပ်ကွက်ရှိ စက်သုံးဆီအရောင်းဆိုင်၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီခွဲက ဓာတ်ဆီလာဝယ်သည့်ပုံးအား ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးဝင်းမောင်သည် ၎င်း၏နေအိမ်ခြံဝင်းအတွင်းရှိ (ဇွန်ဝင့်ဝါ)ဟု အမည်ပေးထားသည့် စက်သုံးဆီဆိုင်တွင် ဆီရောင်းချနေစဉ် အမည်မသိလူတစ်ဦး ဆီလာဝယ်သဖြင့် ၎င်းယူဆောင်လာသည့် ငါးဂါလန်ဆံ့ ပုံးသုံးပုံးအား ယခင်က အက်စစ်ထည့်သည့်ပုံးများဖြစ်ကြောင်း မသိဘဲ ဆီထည့်ပေးစဉ် မီးလောင်မှုဖြစ်ခဲ့၍ ဆိုင်အနီးရှိ လူငါးဦးခန့်က မီးသတ်ဆေးဘူးသုံးဘူးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၅ မိနစ်အကြာတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြို့ချောင်းအမြန်လမ်း မီးသတ်ယာဉ်၊ ဖဒိုမီးသတ်ယာဉ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖဒိုမြို့ချောင်း ရဲစခန်းမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ၊ ရောက်ရှိကာ ဆီဆိုင်ပိုင်ရှင် ဦးဝင်းမောင်အား တရားမဝင်စက်သုံးဆီရောင်းချမှု၊ မီးပေါ့ဆမှုတို့ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မီးပူမှတစ်ဆင့် အပူလွန်ကဲပြီး မီးလောင်

**မိုးညှင်း ဖေဖော်ဝါရီ ၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့အရှေ့စုကျေးရွာအုပ်စု နောင်စွန်းရပ်ကွက် နောင်စွန်း အလကကျောင်းခွဲ၌ ဖေဖော်ဝါရီ ၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးညှင်းမြို့အရှေ့စုကျေးရွာအုပ်စု နောင်စွန်းအလကကျောင်းခွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီအေးသည် နေအိမ်တွင်ရှိမနေဘဲ နံနက် ၄ နာရီခန့်က စစ်ကိုင်းတိုင်း ဒေသကြီး ဗန်းမောက်မြို့နယ် ဇလုံတောင်သို့ ဘုရားဖူးသွားနေချိန် မီးပူမှတစ်ဆင့် အပူလွန်ကဲပြီးမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာအသုံးပြုသူ ဒေါ်သီသီအေးအား မိုးညှင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၆၇)**

# အမြန်လမ်း၌ ယာဉ်တိမ်းမှောက် တစ်ဦးသေ၊ ငါးဦးဒဏ်ရာရ

**ကျောက်တံခါး ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၈၅/၃) နှင့် ၄ ကြား၌ ဖေဖော်ဝါရီ ၄ ရက်က မိသားစုစီးလာသည့် ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဝင်းကို (၃၄နှစ်) မောင်းနှင်သည့်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းမြေသားလမ်းပေါ်သို့ လဲကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသားငါးဦး၊ အမျိုးသမီးလေးဦးအနက် အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦးတို့မှာ ထိခိုက်ဒဏ်ရာများရရှိ၍ ဒေါ်ခင်ချိုဝင်းမှာ ဒဏ်ရာများဖြင့် နေရာ၌သေဆုံးခဲ့ပြီး ဒဏ်ရာရလူနာများနှင့်အတူ မြို့ချောင်းအမြန်လမ်းတိုက်နယ် ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**


## အမည်ပြောင်း

တောင်ငူမြို့နယ်၊ မြို့မကျောင်း၊ တတိယတန်း(C)မှ ဦးဆန်းဝင်း ၇/အတန(နိုင်)၀၆၉၈၈၇၏ သမီး မယွန်းနေခြည်အား ယနေ့မှစ၍ မယွန်းကဗျာ ဟု ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၄ယ/၅၈၉၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊တောင်ကြီး

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/5105 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## တစ်ဦးတည်း ပြင်ပါကြောင်း

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ အမှတ် (စ/၃၂၇)နေ ဒေါ်ခင်သီတာဦးနှင့် ဒေါ်ခင်သီတာ ၁၃/ရစန(နိုင်)၀၀၁၀၅၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ခင်သီတာဦး(ခ)ဒေါ်ခင်သီတာ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ စပွါယ်ခြံ ၃ လမ်း၊ အမှတ် ၁၇၇ ဟု ခေါ်တွင်သော (အလျား ၇၀'.၆"/၇၈' × အနံ ၉၈"/၁၀၀')ရှိ မြေပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရောက်ရရှိ ပိုင်ဆိုင်နေထိုင်သူများဖြစ်ကြသည့်(၁) ဦးကျော်လင်း ၁၂/ဒဂန(နိုင်)၀၀၅၈၈၈၊ (၂) ဒေါ်လွင်လွင်သက် ၁၂/စခန(နိုင်)၁၄၈၁၀၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထိုမြေကွက်များ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)
အမှတ် ၁၂၁၊ ဒု-ထပ်၊ ဘုန်းကြီးလမ်းနှင့် ဂရိတ်ဝေါကွန်ဒိုစီ၊
အခန်း (၁၀၁)၊
၄လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၂၅၆၉၄၊ ၀၉-၅၁၆၉၁၅၉၊ ၀၉-၇၃၀၄၅၆၈၇

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၄၉ယ/၇၅၆၀၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှအေး ၂/လကန(နိုင်)၀၇၄၅၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ကယားပြည်နယ်ရုံး(လွိုင်ကော်)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)ရပ်ကွက်၊ ဦးအောင်ကျော်ဖြူလမ်း၊ အမှတ် ၂၇/က၊ အကျယ်အဝန်း ပေ(၁၀×၄၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်တိုက်၏ တတိယထပ်၊ ရေ၊ မီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတည်ရှိရာ မြေကွက်၏မြေပိုင်ဆိုင်မှု အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်မာမာဝင်း ၁၂/ဗဟန(နိုင်)၀၅၈၈၄၈နှင့် ဦးကျော်ဇောလွင် ၁၂/ဗဟန(နိုင်)၀၉၀၈၈၇တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ မဆွေဆွေမာမြင့် ၁၄/အဂပ(နိုင်)၁၆၅၇၃၈ကက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်မျိုးအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၂)
အမှတ် ၁၁၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၉၂၈၆၇

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ တိုက်အမှတ်(၁၆)၊ အခန်းအမှတ်(ဒုတိယထပ်)(၃လွှာ)၊ခြေရင်းဘက်ခန်း၊ အကျယ်အဝန်း(၁၁.၅ပေ× ၄၇ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဦးစိုးစိုးငယ် (၁၄/အမန(နိုင်)၁၆၇၄၂၂) ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်မင်း (၁၂/ဒဂန(နိုင်) ၀၁၆၂၆၅) တိုင်ဆောင်သူက ဝယ်ယူမည်ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး L.L.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဦးထိန်လင်းသန်း L.L.B, D.B.L, D.I.L, D.M.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
Hein Htet San Law Firm
ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် (၄)၊ နယ်မြေ (၆)၊ အကွက်အမှတ် (၅၂/ဗမာရွာရပ်)၊ ဦးပိုင် ၈၂၊ ဧရိယာ ၀ဒသမ၂၀၄ဧကရှိ မြေဂရန်အမှတ်အမှတ် ၁၁၇၃-၅/၀၂-၀၃(A) ဦးတင်မောင်ဝင်း အမည်ပေါက်မြေအား ၂၈-၄-၁၆ရက်တွင် ခင်ပွန်းဖြစ်သူ ကွယ်လွန်၍ဇနီးဖြစ်သူ ဒေါ်ဒီကာလ(ခ)သီတာမှ အမွေဆက်ခံပိုင်ဆိုင်ပြီး ၂၀-၁၂-၂၀၁၆ရက်တွင် သား/သမီး (၅)ဦးအနက် သား ဦးဘုန်းကျော်မြင့်အား လွှဲပြောင်းပေးကမ်းခြင်းစာချုပ်အမှတ် (၂၂I/၂၀၁၇)ဖြင့် တရားဝင်လွှဲပြောင်းပေးပြီးဖြစ်၍ ကျွန်တော်ဦးဘုန်းကျော်မြင့်မှ အမည်ပြောင်း လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက်(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဘုန်းကျော်မြင့် ၁၃/လရန(နိုင်)၀၀၃၉၇၁

# နာမည်ကြီး ရှမ်းယူနိုက်တက် နိုင်ပွဲပြန်ရ



ချင်းယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄)ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ နာမည်ကြီးရှမ်းယူနိုက်တက်အသင်း နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသော ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ချင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၃)တွင် ဇွဲကပင်ကို ရှုံးခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအတွက် အပြောင်းအလဲများ ပြုလုပ်ခဲ့ပြီး နည်းဗျူဟာအပြောင်းအလဲ မှန်ကန်မှုကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ရန်ကုန်၊ ရတနာပုံနှင့် ဇွဲကပင်တို့ကို ဖိအားပေးနိုင်ခဲ့ပြီး နိုင်ပွဲပျောက်ဆုံးပါက အမှတ်ပေးဇယားထိပ်ပိုင်း အပြောင်းအလဲဖြစ်ပေါ်ဖွယ်ရှိနေသည်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲရရှိရေးအတွက် တိုက်စစ်အသားပေးပုံစံဖြင့်ပွဲထွက်ခဲ့ပြီး နောက်ခံလူ ပက်ထရစ်ကို အနားပေးကာ ခရစ္စတိုဖာ၊ ကင်မ်နှင့် မက်ဆီမင်ကို တစ်ပြိုင်နက်အသုံးပြုခဲ့သည်။ တင်ဝင်းအောင်နှင့် မက်ဆီမင်တို့၏ ရှမ်းယူနိုက်တက်ကွင်းလယ်သည် ပွဲကို စိုးမိုးနိုင်ခဲ့ပြီး ပွဲစကတည်းက ချင်းယူနိုက်တက် ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ၃၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းအဖွင့်ဂိုးရရှိခဲ့ပြီး ခရစ္စတိုဖာ၏ ဖန်တီးပေးမှုကို ကင်မ်ကပိတ်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နှစ်မိနစ်အကြာတွင် ရှမ်းယူနိုက်တက်ဒုတိယဂိုးရခဲ့ပြီး ခရစ္စတိုဖာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ချင်းယူနိုက်တက်အသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းကသာ ဂိုးရရှိနိုင်သည့်အခွင့်အရေးများ ထပ်မံရရှိခဲ့သည်။ တိုက်စစ်မှူး ခရစ္စတိုဖာနှင့်ကင်မ်၊ ကွင်းလယ်လူ တင်ဝင်းအောင်တို့ အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း ဂိုးထပ်မရခဲ့ခြင်းဖြစ်သည်။ ချင်းယူနိုက်တက်အသင်းသည် ရာသီအစနှစ်ပွဲဆက်တိုက် ရလဒ်ကောင်းခဲ့သော်လည်း နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

တောင်ငူကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီနှင့် GFA အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ၁၂ မိနစ်တွင် အီမန်နျူရယ်က GFA အတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ဟံသာဝတီအတွက် ချေပဂိုးကို ၈၉ မိနစ်တွင် ရန်အောင်ဝင်းက သွင်းယူခဲ့သည်။

ပွဲစဉ်(၄)ဒုတိယနေ့ကို ဖေဖော်ဝါရီ ၅ ရက်(**ယနေ့**)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကွင်း၌ ရေဝတီနှင့်ရတနာပုံ၊ YUSC ကွင်း၌ ရန်ကုန်နှင့် Southern၊ ဝေသာလီကွင်း၌ ရခိုင်နှင့် ဇွဲကပင်၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်နှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**

# ငြိမ်းချမ်းရေးပန်းခင်းအနုပညာပွဲတော် မုံရွာမြို့ မြစ်နွှာခန်းမ၌ ကျင်းပမည်

**မုံရွာ ဖေဖော်ဝါရီ ၄**

ငြိမ်းချမ်းရေးပန်းခင်း အနုပညာပွဲတော်ကို တိုင်းရင်းသားရိုးရာ အကပဒေသာများနှင့်အတူ ကိုမင်းကိုနိုင်(၈၈ ပွင့်လင်း)၏ သစ်ခွပန်းခူးကဗျာအော်ပရာကို ဖေဖော်ဝါရီ ၆ ရက် ညနေ ၅ နာရီတွင် မုံရွာမြို့ မြစ်နွှာခန်းမ၌ ကျင်းပမည်ဖြစ်ရာ တိုင်းရင်းသားရိုးရာပဒေသာ ကပွဲအတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အနေဖြင့် တိုင်းရင်းသားအကများကို ဇာတ်တိုက်ကပြ လေ့ကျင့်နေကြပြီဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေး ကြိုးပမ်းနေသူ ကိုအောင်နေမျိုးထံမှ သိရသည်။



"တိုင်းရင်းသားရိုးရာအကပဒေသာ ဆိုတဲ့အတိုင်း ချင်းဝါးညှပ်အက၊ ကချင်ရိုးရာအက၊ ရှမ်းရိုးရာအိုးစည်အက၊ မြန်မာ့ရိုးရာအိုးစည်ဒိုးပတ်အကနဲ့ သံချပ်အကအလှ စတာတွေကပြနိုင်ဖို့ အကဇာတ်တိုက်လေ့ကျင့်နေပါပြီ။ ကိုမင်းကိုနိုင်ရဲ့ သစ်ခွပန်းခူးကဗျာအော်ပရာအတွက် မုံရွာမြို့က မိုးဦးပန်းကိုယ်ပိုင်အထက်တန်းကျောင်းက ကျောင်းသားကျောင်းသူတွေနဲ့ နေ့စဉ် မွန်းတည့် ၁၂ နာရီကစတင်ပြီး မိုးဦးပန်းကျောင်းမှာပဲ ဇာတ်တိုက်လေ့ကျင့်နေပါတယ်။ ၆ ရက်မနက်ပိုင်းမှာ ကိုမင်းကိုနိုင်ရောက်လာပြီး အသေးစိတ်ဇာတ်တိုက်လေ့ကျင့်တာကို လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ကိုအောင်နေမျိုးက ပြောပြသည်။

ငြိမ်းချမ်းရေးပန်းခင်း အနုပညာပွဲတော်တွင် တိုင်းရင်းသားရိုးရာအကပဒေသာများ၊ သစ်ခွပန်းခူးကဗျာအော်ပရာနှင့်အတူ အဆိုတော်များက သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ ငြိမ်းချမ်းရေးပန်းခင်း အနုပညာပွဲတော်ကို စစ်ဘေးရှောင်ရန်ပုံငွေရရှိရန်အတွက် ကချင်စာပေယဉ်ကျေးမှုအဖွဲ့နှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၄ တွင် ဖော်ပြထားသော "မြန်မာနိုင်ငံတွင် ဘီပိုးကာကွယ်ဆေး အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ" သတင်း၌ ထုတ်လုပ်သည့် ဘီပိုးကာကွယ်ဆေးအမည်ကို LIVO-VAX-B ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **မြင့်မောင်စိုး**

**ပရီမီယားလိဂ် ပွဲစဉ် (၂၄) ရလဒ်များ**

| | | |
|---|---|---|
| ချယ်လ်ဆီး | ၃ - ၁ | အာဆင်နယ် |
| ပဲလေ့စ် | ၀ - ၄ | ဆန်းဒါးလန်း |
| အဲဗာတန် | ၆ - ၃ | ဘုန်းမောက် |
| ဟားလ် | ၂ - ၀ | လီဗာပူး |
| ဆောက်သမ်တန် | ၁ - ၃ | ဝက်စ်ဟမ်း |
| ဝက်စ်ဖို့စ် | ၂ - ၁ | ဘန်လေ |
| ဝက်စ်ဘရွန်း | ၁ - ၀ | စတုတ် |


# စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ

ဗိုလ်မှူးမင်းစိန်(ငြိမ်း) (MD -မိုးပွင့်ကုမ္ပဏီလီမိတက်)နှင့်ဇနီးဒုတိယဗိုလ်မှူးကြီးဒေါ်မေသိန်းတိုး(ငြိမ်း) (မေ့ဆေးဆရာဝန်ကြီး)တို့၏သားငယ်

**မောင်လင်းထက်အေး**

**B.B.A,M.B.A(Assumption University Of Thailand)**

**Head Of Bank Cards Sales, Product Manager**

**United Amera Bank Ltd.**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ

ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)၊ စီမံကိန်းများညွှန်ကြားရေးမှူး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့်ဇနီး ဒေါ်ချိုချိုဝင်းတို့၏ ဒုတိယသမီး

**ဒေါက်တာသင်းရန့်အောင်**

**M.B.,B.S(Ygn)**

**Diploma in Gems Identification(Yangon University)**

တို့၏(၁၈-၁၂-၂၀၁၆)ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Signature Fine Dining and Garden Bistro တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ မော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒေါ်စိုးစိုးအောင် (တရားသူကြီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်)အားလည်းကောင်း၊ (၂၇-၁၂-၂၀၁၆)ရက်(အင်္ဂါနေ့)တွင် အင်းလျားကန်ဖျားကျောင်းတိုက်၌ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ (၄-၂-၂၀၁၇)ရက် (စနေနေ့)တွင် ဇေယျာသီရိဗိမာန်၌ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ပေးကြပါသော ဘိုးဘိုးခွဲစိတ်သမားတော်ကြီး ပါမောက္ခ ဒေါက်တာဦးမြတ်သူရနှင့် ဘွားဘွားဒေါက်တာဒေါ်ခင်မော်ဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်တို့အား ဆင်မြန်းချီးမြှင့်ပေးကြပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ မင်္ဂလာသြဝါဒစကားချီးမြှင့်မြွက်ကြားပေးပါသော ဘိုးဘိုးနိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း) သရေစည်သူဦးအောင်တိုး၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်ကိုယ်ကျကြွရောက်ချီးမြှင့်ပေးကြပါသော တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအသီးသီးမှ အရာရှိကြီးများနှင့်ဇနီးများ၊ 4th Nationwide Telecommunication Operator ဖြစ်သော Myanmar National Tele & Communications Co.,Ltd. မှ BOD အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိချုပ်နှင့်တကွ အမှုဆောင်အရာရှိများ၊ ဗီယက်နမ်နိုင်ငံ Viettel Global JSC မှပုဂ္ဂိုလ်များ၊နယ်ပယ်အသီးသီးမှဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)နှင့် (၂၂)မှ ကျောင်းဆင်းသူငယ်ချင်းများနှင့်ဇနီးများအားလည်းကောင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ဦးဆောင်ညွှန်ကြားရေးမှူးဦးသန့်ဆွေနှင့် အရာထမ်းအမှုထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေးသီဆိုဧည့်ခံပေးပါသော နိုင်ငံကျော်အဆိုတော် ဟေမာနေဝင်း(First Music Agency)၊ မင်္ဂလာတေးသံသာများဖြင့်ဧည့်ခံဖျော်ဖြေပေးပါသော စန္ဒရားဦးသိန်းမြင့်သန်း၊ မင်္ဂလာပန်းကြဲပေးကြသော မခင်ရတနာစိုးနှင့် မမေမြင့်မိုရ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော ဒေါက်တာမနန်းစိုးယမင်းမွန်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာသိမ့်ဝတ်ရည်ကျော်၊ မင်္ဂလာသတို့သားအရံ မောင်ကောင်းဝင်းထွန်းနှင့် မောင်ဝင်းသန့်ထွန်း၊ သတို့သမီးအရံ မရှုမဝစိုးနှင့် ဒေါက်တာမောရဆုဇာ၊ မင်္ဂလာဝတ်စုံအလှ ဖန်တီးပေးသူ ဒီဇိုင်နာငြိမ်းကို (Chic & Chic)၊ မင်္ဂလာအဖိုးတန်လက်ဝတ်ရတနာများအား မေတ္တာဖြင့်ဆင်မြန်းပေးပါသော Zar & Diamonds Gems & Jewellery၊ မင်္ဂလာပန်း အလှများမွမ်းမံပြင်ဆင်ပေးပါသော လင်းလင်း (Florist)၊ မိတ်ကပ်နှင့်ဆံပင်ဖန်တီးအလှဆင်ပေးပါသော မိတ်ကပ်လင်းလင်း (Artist)၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ပေးပါသော ဝဏ္ဏခွာနီး (Focus Daily) နှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားတွင် စားသောက်ဖွယ်ရာများ ပြင်ဆင်ပေးပါသော ဇေယျာသီရိဗိမာန်မှ ဦးစိန်ဝင်းနှင့်အဖွဲ့၊ မင်္ဂလာခန်းမကို အလှဆင်ပေးသော မြန်မာပစ်တိုင်းထောင် Construction၊ မီးအလှဆင်ပေးပါသော မီးငယ်နှင့်အဖွဲ့၊ Prewedding Photo များကို လှပသေသပ်စွာရိုက်ကူးပေးပါသော Ye Htut Photography (Timeless Bridal) Inyar Lake Hotel မြက်ခင်းပြင်တွင်ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ကိုဆန်းထွဋ်၊ မင်္ဂလာပန်းကြဲပေးပါသော သမီးလေး မမေမြင့်မိုရ်နှင့် မရွှေရည်မြင့်မိုရ်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော မောင်ကောင်းဝင်းထွန်း၊ မောင်ဝင်းသန့်ထွန်း၊ မောင်ရဲရင့်မောင်၊ မောင်မင်းသူကို၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မရှုမဝစိုး၊ ဒေါက်တာမောရဆုဇာ၊ ဒေါက်တာပြည့်ပြည့်လွင်၊ ဒေါက်တာနန်းစိုးယမင်းမွန်၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးပါသော The Mister Music Band၊ Dj-A John၊ Inyar Lake Hotel မှမန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ပေးကြပါသော လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာ ဖိတ်စာပုံနှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစမှအဆုံးထိ အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**မောင်လင်းထက်အေးနှင့် ဒေါက်တာသင်းရန့်အောင်**

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှအဆက်*

**အခန်း (၆)**

**ကုန်သွယ်လုပ်ငန်းခွန်**

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကိုအောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစားသီးနှံမှုန့်များ။ |
| ၃ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ပဲခွံများ။ |
| ၄ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၅ | နှမ်း၊ ပန်းနှမ်း။ |
| ၆ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ဝါစေ့။ |
| ၇ | ဆီအုန်း။ |
| ၈ | ဝါအမျိုးမျိုး။ |
| ၉ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၀ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၁ | အာလူး။ |
| ၁၂ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၃ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၄ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၅ | ဟင်းသီးဟင်းရွက်များ။ |
| ၁၆ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၇ | ပိုးစာရွက်။ |
| ၁၈ | ပရဆေးပင်။ |
| ၁၉ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါးစသော လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ။ |
| ၂၀ | ထင်း၊ ဝါး။ |
| ၂၁ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၂ | ပိုးအိမ်။ |
| ၂၃ | ကြိမ်အကြမ်းအချော။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ချိပ်များ။ |
| ၂၆ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၇ | အရောင်ချွတ်ဖတ်။(အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hydrochlorite များသာ) |
| ၂၈ | အုန်းဆန်ချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၂၉ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၀ | တံဆိပ်ခေါင်းအမျိုးမျိုး(အခွန်အမှတ်တံဆိပ်အပါအဝင်)အောင်ဘာလေသိန်းထီလက်မှတ်များ။ |
| ၃၁ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၂ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၃ | ငံပြာရည်အမျိုးမျိုး။ |
| ၃၄ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီနှင့် ဆီအခဲများ။ |
| ၃၅ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၆ | ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး။ |
| ၃၇ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး။ |
| ၃၈ | ပုစွန်ဖွဲ၊ ငါးပေါင်းမုန့်။ |
| ၃၉ | နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး။ |
| ၄၀ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၁ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၂ | ချင်း။ |
| ၄၃ | ငါးပိအမျိုးမျိုး။ |
| ၄၄ | မန်ကျည်းမှည့်။ |
| ၄၅ | နိုင်ငံတော်အလံ။ |
| ၄၆ | စိပ်ပုတီးအမျိုးမျိုး(အဖိုးတန်ကျောက်မျက်ရတနာဖြင့်ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်။) |
| ၄၇ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၄၈ | ထင်းအစားထိုးလောင်စာတောင့်။ |
| ၄၉ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၅၀ | ကြက်ဥ၊ ဘဲဥစသည့်ဥအမျိုးမျိုး။ |
| ၅၁ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၂ | ဘာသာရေးဆိုင်ရာအဝတ်အထည် (သင်္ကန်းစသည်တို့)။ |
| ၅၃ | ရေနံချေး။ |
| ၅၄ | ဆားအမျိုးမျိုး။ |
| ၅၅ | ကြက်ပေါင်စေး။ |
| ၅၆ | ကွမ်းသီး။ |
| ၅၇ | ဓာတ်မြေသြဇာ။ |
| ၅၈ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေးသုံးခြံဖျန်းဆေး။ |
| ၅၉ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ လေးဘီးထွန်စက်များ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ။ |
| ၆၁ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ။ |
| ၆၂ | မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန်မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၄ | မိမိဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့် ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ။ |
| ၆၅ | မိမိဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန်ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့်ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံးအထွေထွေပစ္စည်းများ။ |
| ၆၆ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး(စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသောဆေးဝါးများ)။ |
| ၆၇ | တိုင်းရင်းဆေးဝါးကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ။ |
| ၆၈ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၆၉ | ခဲတံလုပ်ရန် ခဲဆန်။ |
| ၇၀ | ကွန်ဒုံး(Condom)။ |
| ၇၁ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၇၂ | နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၃ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၄ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၅ | ပြည်ပသို့ ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပစ္စည်းများ။ |
| ၇၆ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများအသုံးပြုမည့် ကုန်စည်များ။ |
| ၇၇ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| ၇၈ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့်ကုန်စည်များ။ |
| ၇၉ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၈၀ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| ၈၁ | ပြည်ပသို့ပျံသန်းသည့်ခရီးစဉ်တွင်အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၂ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်း။ |
| ၈၃ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ။ |
| ၈၄ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျှော့အကောက်ခွန် (Draw Back စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ။ |
| ၈၅ | ရွှေစင်၊ ရွှေချောင်း၊ ရွှေပြား (ရွှေလက်ဝတ်ရတနာမပါ)။ |
| ၈၆ | ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်းတစ်ခုခုကရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက် သက်သက်အသုံးပြုရန် ဝယ်ယူသည့်ကုန်စည်။ |
| ၈၇ | အစိုးရကကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင်ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ် တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | စီးပွားရေးလုပ်ငန်းအဖြစ် နေအိမ်ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်းမှအပဖြစ်သည့် နေအိမ်ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန်နေရာ ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း) |
| ၈ | အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ဘဏ်နှင့် ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ညှော်ခံကျွေးမွေးရေးအတွက်ပစ္စည်းငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၅ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အများသုံးသန့်စင်ခန်းအသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ပြည်ပလေကြောင်းခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | ယဉ်ကျေးမှုအနုပညာဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | ပြည်တွင်းလေကြောင်း ခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းမှအပ အများပြည်သူခရီးသည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့်လိုင်စင်ကြေးများ။ |
| ၂၅ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှုဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | နှစ်နိုင်ငံအကြားအပြန်အလှန်အခွင့်အရေးမူနှင့်အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့်သံတမန် မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၇ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၈ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့်ဝန်ဆောင်မှုလုပ်ငန်းများ။ |

*(ဆက်လက်ဖော်ပြပါမည်)*


ကာတွန်း၊ စမ်းချောင်းကိုကိုအောင်
သူတစ်ပါးကိုကူညီတာ အလွန်မွန်မြတ်တဲ့အလုပ် ဟ..
ငါ့ဆို ရပ်ကွက်ထဲမှာသာရေး နာရေးဆို အမြဲကူညီနေကျ၊
မကြွားပိုကတော့ ဆရာကြီးလုပ်ပြီ၊
မလေပေါ်...၊
နင်မှမယုံတာ်ဘူး၊ငါလည်း အမြဲကူညီနေကျပါပဲဟာ၊
မနေ့ကတောင်ကူညီ ခဲ့သေးတယ်၊
ပြောပါဦး
ငါ့ကျောင်းကအပြန်ကောင်လေး တစ်ယောက်ဗွက်ပျောနိုင်ကို မနိုင် မနင်းထမ်းလာတော့
ပေါ့သွားအောင်၊တစ်ဝက်ဖြုတ် စားပေးခဲ့တယ်လေ၊
အယ်




ကျား၀ါပေ့ပေ့
မိသားစုကာတွန်းများ






မကွက်

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင် နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ကျွမ်းကျင်သော အတတ်ပညာများကို အမှီပြုကာ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာ လုပ်သားအင်အားစစ်တမ်း ၂၀၁၇ စတင်ကောက်ယူပြီ

**တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**



၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သည့် မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပ်ပြီး လုပ်ငန်းခွင် ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း၏ ပင်မစီမံချက် (Master Plan) တွင်ပါရှိသော မြန်မာနိုင်ငံ၌ လုပ်သားအင်အားစစ်တမ်းကို ဇန်နဝါရီ ၉ ရက်က စတင်ကောက်ယူလျက်ရှိသည်။

လုပ်သားအင်အားစစ်တမ်းကို ၁၉၉၀ ပြည့်နှစ်တွင် စာရင်းကောက်ယူခဲ့ပြီး နှစ်ပေါင်း ၂၅ နှစ်ကျော်ကြာ ကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့်ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)၏ နည်းပညာနှင့် ငွေကြေးအကူအညီဖြင့် စာရင်းကောက်ယူနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ်က ကောက်ယူရရှိခဲ့သည့် အလုပ်အကိုင်ဆိုင်ရာ စာရင်းအင်းအချက်အလက်များနှင့် နှိုင်းယှဉ်နိုင်ရန်၊ လုပ်သားဈေးကွက် သတင်းအချက်အလက်များ(Labour Market Information) ကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရန်၊ အလုပ်အကိုင်ရရှိမှုနှင့် အလုပ်လက်မဲ့များ၏ ရာသီချိန်ပြောင်းလဲမှု (Seasonal Variation) အကြား ကွာဟမှုအခြေအနေများကိုပါ သိရှိနိုင်ရန်နှင့် ယုံကြည်စိတ်ချရမှုရှိသော လုပ်သားအင်အားဆိုင်ရာ အချက်အလက်များကို နိုင်ငံအဆင့်၊ မြို့ပြ၊ ကျေးလက်အဆင့်တို့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အထိ ရရှိနိုင်ရန်၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများမှ အများပြည်သူများအတွက် ပိုမိုကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒနှင့် အစီအစဉ်များကို ချမှတ်နိုင်ရန်အတွက် ယခုကဲ့သို့ ကောက်ယူခြင်းဖြစ်ကြောင်း သိရသည့်အတွက် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းနှင့် တွေ့ဆုံမေးမြန်းကြည့်ရာ

**မေး။ ။ စစ်တမ်းကို ဘယ်လိုပုံစံနဲ့ ကောက်ယူမှာလဲ သိလိုပါတယ်။ စစ်တမ်း၏ လွှမ်းခြုံနိုင်မှုနယ်ပယ်ကိုလည်း သိလိုပါတယ်။**

ဖြေ ။ ။ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက် ကောက်ယူတဲ့အခါ ရာသီချိန်ကွာဟမှုအကြား အလုပ်လက်ရှိနဲ့ အလုပ်လက်မဲ့ခြားနားမှု အခြေအနေကိုသိနိုင်ဖို့အတွက် ရာသီချိန်ပြင်ပကာလဖြစ်တဲ့ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနဲ့မတ်လမှာ တစ်ကြိမ်၊ ရာသီချိန် ကာလဖြစ်တဲ့ စက်တင်ဘာ၊ အောက်တိုဘာနဲ့ နိုဝင်ဘာတို့မှာ တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်ကောက်ယူသွားမှာ ဖြစ်ပါတယ်။ တစ်ကြိမ်ကို ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ စာရင်းကောက်ကွက် ၇၈၀ ကနေ ကောက်ကွက်တစ်ကွက်ကို အိမ်ထောင်စုပေါင်း ၁၈ အိမ်နှုန်းနဲ့ အိမ်ထောင်စု ၁၄၀၄၀ ကို ကောက်ယူမှာဖြစ်ပါတယ်။ စာရင်းကောက်ယူတာကို တစ်နှစ်လျှင် နှစ်ကြိမ်ကောက်ယူမှာဖြစ်လို့ စာရင်းကောက်ကွက် ၁၅၆၀ မှာ စာရင်းကောက်ကွက် တစ်ကွက်လျှင် အိမ်ထောင်စုပေါင်း ၁၈ အိမ်နှင့် စုစုပေါင်း အိမ်ထောင်စုပေါင်း ၂၈၀၈၀ ကို လွှမ်းခြုံ နိုင်မှာဖြစ်ပါတယ်။

နမူနာစာရင်းကောက်ကွက်တွေ ရွေးချယ်ရာမှာ ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရဲ့ မြို့ပြ၊ ကျေးလက်ဒေသအလိုက် စစ်တမ်းကောက်ယူမှုကို နယ်ပယ် (Domain) ၃၀ ခွဲခြားပြီး ရွေးချယ်ကောက်ယူမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်က ကောက်ယူခဲ့တဲ့ လုပ်သားအင်အားစစ်တမ်းကောက်ယူရာမှာ စာရင်းကောက်ကွက် ၁၅၀၀ ကို ပြည်သူ့အင်အားဦးစီးဌာနရဲ့ Master Sampling Frame မှ Replicate 1 နှင့် Replicate 3 တို့က ရွေးချယ်ပေးတာဖြစ်လို့ ၂၀၁၇ ခုနှစ် လုပ်သားအင်အားစစ်တမ်းအတွက် နမူနာ စစ်တမ်းကောက်ယူနိုင်ရန် စာရင်းကောက်ကွက် ၁၅၆၀ ကို ပြည်သူ့အင်အားဦးစီးဌာန Master Sampling Frame မှ ပထမသုံးလအတွက် စာရင်းကောက်ကွက် ၇၈၀ ကို Replicate 2 နှင့် Replicate 4 တို့ကနေ လည်းကောင်း၊ ဒုတိယအကြိမ်ကောက်ယူမှု စာရင်းကောက်ကွက် ၇၈၀ ကိုလည်း Replicate 2 နှင့် Replicate 4 တို့ကနေ ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့အင်အားဦးစီးဌာနရဲ့ Master Sampling Frame မှ ရွေးချယ်ပေးတဲ့ စာရင်းကောက်ကွက် ၁၅၆၀ ကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန်အတွက် အိမ်ထောင်စုစာရင်းစဉ် update ပြုလုပ်ရမှာဖြစ်ပါတယ်။ စစ်တမ်းကောက်ယူသည့် နမူနာရွေးချယ်မှု နည်းလမ်းမှာ နှစ်ဆင့်အလွှာခွဲ ကျပန်းနမူနာကောက်နည်း (Stratified Two Stage Random Sampling Method)စနစ်ကိုအသုံးပြုပြီး နမူနာ အိမ်ထောင်စုများကို ရွေးချယ်ကောက်ယူသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ လက်ရှိကောက်ယူမယ့် စစ်တမ်းမှာ ဘယ်လိုအချက်အလက်တွေ ထည့်သွင်းကောက်ယူသွားမလဲ သိလိုပါတယ်။**

ဖြေ ။ ။ နှစ်စဉ်ကောက်ယူတဲ့အခါ အဓိကကတော့ အလုပ်အကိုင်ဆိုင်ရာ အချက်အလက်တွေကို ကောက်ယူသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အိမ်ထောင်စုပေါင်းစပ်ဖွဲ့စည်းမှု၊ လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာနဲ့ ပညာရေးအဆင့်၊ အသက် ၅ နှစ်နှင့်အထက် အိမ်ထောင်စုဝင်တွေရဲ့ လက်ရှိလှုပ်ရှားမှုနဲ့ အလုပ်အကိုင် ခွဲခြားဖော်ပြခြင်း၊ အသက် ၅ နှစ်နဲ့အထက် အိမ်ထောင်စုဝင်တွေရဲ့လက်ရှိအဓိကအလုပ်/လုပ်ငန်းသွင်ပြင်လက္ခဏာတွေနဲ့ ဝင်ငွေ၊ အသက် ၁၄ နှစ်အထက် အိမ်ထောင်စုဝင်တွေရဲ့ လွန်ခဲ့သော ၇ ရက်အတွင်း ဒုတိယအလုပ်။ လုပ်ငန်းသွင်ပြင်လက္ခဏာ၊ အသက် ၁၄ နှစ်အထက် အိမ်ထောင်စုဝင်များရဲ့ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့၊ အသက် ၁၄ နှစ်အထက် အိမ်ထောင်စုဝင်တွေရဲ့ အလုပ်ရှာဖွေခြင်း စတဲ့အချက်တွေကို မေးခွန်း ၆၉ ခုနဲ့ ကောက်ယူသွားမှာဖြစ်ပါတယ်။



**မေး။ ။ သင်တန်းပေးမှု၊ ရှေ့ပြေးစစ်တမ်း (Pilot Survey) ကောက်ယူမှုရှိသလား။**

ဖြေ ။ ။ ကွင်းဆင်းစာရင်းကောက်ယူရာမှာ ပြည့်စုံမှန်ကန်မှုရှိပြီး၊ ယုံကြည်စိတ်ချရတဲ့ အချက်အလက်တွေ ရရှိစေဖို့ ကြီးကြပ်ရေးမှူးသင်တန်းကို ဖွင့်လှစ်ပေးခဲ့ပြီး ကြီးကြပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ကြမယ့် ဝန်ထမ်းတွေ လုပ်သားအင်အားဆိုင်ရာ အယူအဆများ၊ အဓိပ္ပာယ်သတ်မှတ်ချက်များနဲ့ စာရင်းကောက်မေးခွန်းလွှာပါ အယူအဆတွေကို သင်ကြားပေးထားပါတယ်။ ကွင်းဆင်းကောက်ယူရာမှာလည်း ကြီးကြပ်ရေးမှူးနဲ့ စာရင်းကောက် ဝန်ထမ်းတွေအတွက် စာရင်းကောက်ယူရခြင်း ရည်ရွယ်ချက်၊ ကွင်းဆင်းကောက်ယူရာတွင် လိုက်နာရမည့် အခြေအနေ၊ အိမ်ထောင်စုစာရင်းစဉ် ပြုစုခြင်းနဲ့ စစ်တမ်း မေးခွန်းလွှာကောက်ယူခြင်းနည်းလမ်းတို့ကို သိရှိနားလည်စေရန်အတွက် ကွင်းဆင်းစာရင်းကောက်ယူခြင်း သင်တန်းတွေ ပေးအပ်ထားပါတယ်။

**မေး။ ။ နမူနာကောက်ယူတာ ဖြစ်တဲ့အတွက် မဟုတ်သောအမှား (Non Sampling Error) နည်းအောင် ဘယ်လိုကိုင်တွယ်မလဲ သိပါရစေ။**

ဖြေ ။ ။ စစ်တမ်းကောက်ယူရာမှာ အချက်အလက်တွေမှန်ကန် စေဖို့၊ မေးခွန်းတွေ သေသေချာချာမေးမြန်းနိုင်ဖို့နဲ့မေးခွန်းတွေရဲ့ အယူအဆတွေ နားလည်စေဖို့ စာရင်းကောက်ဝန်ထမ်းတွေ၊ ကြီးကြပ်ရေးမှူးဝန်ထမ်းတွေနဲ့ ရုံးချုပ်မှာ မေးခွန်းလွှာကို စစ်ဆေးကြမယ့် ဝန်ထမ်းတွေ၊ စာရင်းရေးသွင်းကြမယ့် ဝန်ထမ်းတွေကို သင်တန်းများပို့ချပေးခဲ့ပြီးဖြစ်ပါတယ်။ စစ်တမ်းမေးခွန်းလွှာမှာ အချက်အလက်များကို စာရင်းရေးသွင်းရာမှာလည်း စာရင်းအင်းဆိုင်ရာ ခေတ်မီနည်းပညာ Software များဖြစ်တဲ့ SPSS၊ CSPro Program သင်တန်းတွေကို ILO မှ ကျွမ်းကျင်ပညာရှင်က သင်တန်းပို့ချပေးနေပါတယ်။

**မေး ။ ။ အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ ILO ကရော စစ်တမ်းကောက်ယူမှုတွေမှာ ဘယ်လိုပါဝင် နေပါသလဲ။**

ဖြေ ။ ။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့-ILO က ၂၀၁၇ ခုနှစ် လုပ်သားအင်အား စစ်တမ်းကောက်ယူရေးမှာ နည်းပညာအကူအညီသာ ပံ့ပိုးပေးမှာဖြစ်ပါတယ်။ စစ်တမ်းကောက်ယူမှု ကုန်ကျစရိတ်ကိုတော့ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ သုံးစွဲ ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အမှန်ကန်ဆုံးစာရင်း အချက်အလက်ရလဒ်တွေ ထွက်လာအောင် ကြိုးစားလျက်ရှိပါတယ်။

**မေး။ ။ ဘယ်လိုစာရင်းကောက်တွေကို အသုံးပြုပြီး လိုက်လံကောက်ယူမှာလဲ သိချင်ပါတယ်။**

ဖြေ ။ ။ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနလက်အောက် ရုံးချုပ် အပါအဝင် ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးက ဝန်ထမ်းတွေနဲ့ ကောက်ယူသွားမှာပါ။ စုစုပေါင်း စာရင်းကောက် ၇၂ ဦး၊ ကြီးကြပ်ရေးမှူး ၁၅ ဦး၊ စာရင်းရေးသွင်း ၁၀ ဦးတို့က လိုက်လံကောက်ယူကြမှာ ဖြစ်ပါတယ်။ စစ်တမ်းကောက်ယူရာကနေရလာတဲ့ အချက်အလက်တွေကို အပြည်ပြည်ဆိုင်ရာ စံနှုန်းများနဲ့အညီ အညွှန်းသင်္ကေတများ ခွဲခြားအသုံးပြုမှာဖြစ်ပါတယ်။

- အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းခွဲခြားရေး စံထားအညွှန်း (International Standard Industrial Classification of All Economics Activities ISIC Rev-4)
- အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်ခွဲခြားရေးစံထားအညွှန်း (International Standard Classification of Occupation ISCO,2008)
- (၁၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ စာရင်းအင်းပညာရှင်များ ညီလာခံမှ ချမှတ်ထားသော အလုပ်အကိုင်ဆိုင်ရာ တိုက်တွန်းချက်များ (Recommendation of 19th International Conference of Labour Statistician) စတာတွေနဲ့ ညီညွတ်အောင် လုပ်ဆောင်သွားဖို့ ရှိပါတယ်။

**မေး။ ။ ၂၀၁၅ခုနှစ်မှာ ကောက်ထားခဲ့တဲ့ စစ်တမ်းကနေ ဘယ်လိုအချက်အလက်တွေရရှိခဲ့သလဲ သိလိုပါတယ်။**

ဖြေ ။ ။ ၂၀၁၅ ခုနှစ် လုပ်သားအင်အား၊ ကလေးလုပ်သားနဲ့ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူနိုင်ခဲ့တဲ့အတွက် လုပ်သားဈေးကွက် သတင်းအချက်အလက်တွေ၊ လုပ်သားအင်အား (Labour Force)၊ အလုပ်လက်ရှိ (Employment)၊ အလုပ်လက်မဲ့ (Unemp- loyment)၊ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (Under employment)၊ လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှု(Labour Underutilization-LU) အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်အတွင်းရှိ လူဦးရေ၊ ကလေး

*စာမျက်နှာ ၁၉ သို့*



# မြန်မာတက်ကျသံ(၂)

**မောင်ခင်မင်(ဓနုဖြူ)**

"ကဲ... တက်ကျသံရဲ့အခြေခံသဘောကိုပြောပြီးပြီဆိုတော့ အခုတို့မြန်မာစကားရဲ့ တက်ကျသံအကြောင်း ဆက်ပြောတာပေါ့"

"ပြောပြပါ ဆရာ"

"မြန်မာစကားမှာ တက်ကျသံ သုံးမျိုးရှိတယ်ဆိုတာ ထုံးတမ်းစဉ်လာအရ ကြည့်ပြီးပြီ။ အခုဘာသာဗေဒအမြင်နဲ့ ကြည့်ရင်လည်း တက်ကျသံသုံးမျိုးရှိတာပါပဲ။ အဲ... အခေါ်ကတော့ မတူဘူးပေါ့။ သာဓကအနေနဲ့ 'က-ကာ-ကား'ကိုပဲ ပြန်ယူရအောင်။ 'က'ဆိုတဲ့အသံကို သဒ္ဒဗေဒအရ အနိမ့်သက်သံ (low falling tone)လို့ခေါ်တယ်။ အမြင့် - အလယ်- အနိမ့်ဆိုတဲ့ အဆင့်သုံးဆင့်မှာ အနိမ့်အဆင်းကနေပြီး သက်တဲ့အသံ၊ ကျတဲ့အသံမို့ အနိမ့်သက်သံလို့ ခေါ်တာပါ"

"ဆရာ၊ ဒါဆိုရင် အနိမ့်သက်သံဟာ အောက်မြစ်သံနဲ့ အတူတူပေါ့နော်"

"အေး၊ ဟုတ်တယ်။ အဲဒီလို ထုံးတမ်းစဉ်လာအခေါ်နဲ့ တွဲပြီးမှတ်ရင် ပိုပြီးမှတ်မိတာပေါ့။ မေ့မသွားဖို့က အောက်မြစ်သံဆိုတာ အရေးကို မူတည်ပြီးခေါ်တာ၊ အနိမ့်သက်သံဆိုတာကတော့ အသံကို မူတည်ပြီး ခေါ်တာဆိုတဲ့ အချက်ပဲ"

"ဟုတ်ကဲ့၊ မေ့မသွားပါဘူးဆရာ"

"ဒါဆိုရင်၊ အနိမ့်သက်သံသာဓကတွေ ပြောကြစမ်းပါ"

" 'လှ၊ သူ့၊ ပေါက်၊ ချစ်' ဆိုတဲ့ အသံမျိုးတွေပါ ဆရာ"

" 'ပျော့၊ သိ၊ တတ်၊ ကု' ဆိုတဲ့ အသံမျိုးတွေလည်း ပါပါတယ်ဆရာ"

"ဟုတ်ပါပြီ။ 'ကာ'ဆိုတဲ့ အသံကိုတော့ အနိမ့်သံပြေ (low level tone) လို့ခေါ်တယ်။ အနိမ့်အဆင့်ကနေပြီး တစ်ပြေးတည်းသွားတဲ့ အသံပေါ့"

" 'လာ၊ ယူ၊ ပန်၊ နေ' ဆိုတဲ့အသံမျိုးတွေပေါ့နော်ဆရာ"

"ဟုတ်ပ့။ 'ကား'ဆိုတဲ့အသံကိုတော့ အမြင့်သက်သံ (high falling tone)လို့ခေါ်တယ်။ အမြင့်အဆင့်ကနေပြီး ကျတဲ့အသံပေါ့"

"ဆရာ ဒါဆိုရင် အနိမ့်သံပြေက ရိုးရိုးအသံ၊ အမြင့်သက်သံက ဝစ္စပေါက်သံပေါ့နော်"

"ဟုတ်ပါပြီ။ 'သွား၊ ပန်း၊ တေး၊ စော'ဆိုတဲ့ အသံမျိုးတွေပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ မြန်မာတက်ကျသံသုံးမျိုးကို အနိမ့်သံပြေရယ်၊ အနိမ့်သက်သံရယ်၊ အမြင့်သက်သံရယ်လို့ မှတ်နိုင်ပါတယ်။ မြန်မာစကားမှာ သံပြေက အနိမ့်အမြင့် နှစ်မျိုးမရှိတဲ့အတွက် 'သံပြေ' လို့ပဲ ခေါ်လို့လည်း ရပါတယ်။ ရောထွေးစရာ မရှိပါဘူး။

"ဆရာ နောက်တစ်မျိုးပြောရင် သံပြေကသံလွင်၊ အနိမ့်သက်သံက သံလတ်၊ အမြင့်သက်သံက သံလေးလို့ ပြောနိုင်တာပေါ့နော်"

"ငါ့တပည့် တယ်တော်နေပါကလား။ ဟုတ်ပါတယ်။ အရင်းခံကတော့ ဒီသုံးမျိုးပါပဲ"

"ဆရာ၊ သမီးတစ်ခုစဉ်းစားမိလို့ပါ။ မြန်မာတက်ကျသံသုံးမျိုးက သံပြေကတစ်မျိုး၊ သက်သံက အနိမ့်သက်သံရယ် အမြင့်သက်သံရယ် နှစ်မျိုး၊ အားလုံးသုံးမျိုးဆိုတော့ တက်သံဆိုတဲ့အသံမျိုးလည်း မပါဘူးနော်"

"ဒါကြောင့် သမီးကို မြင်တတ်တယ်လို့ ချီးမွမ်းရတာပေါ့။ ဟုတ်တယ်။ အသံရဲ့ သဘာဝအရ သံပြေရယ်၊ သက်သံရယ်၊ တက်သံရယ်ရှိရမှာ ဖြစ်ပေမယ့် မြန်မာစကားမှာကျတော့ သက်သံက နှစ်မျိုးတောင်ဖြစ်နေပြီး တက်သံကျတော့ မပါဘူးလေ"

"တက်သံကို နမူနာကလေးနဲ့ ပြောပြပါဆရာ၊ သမီးတို့ မှတ်ပါရစေ"

"အင်း... ဒီလိုလေ။ မြန်မာစကားသံတွေမှာ တစ်သံချင်းအနေနဲ့တော့ တက်သံမရှိဘူး။ ဒါပေမယ့် တစ်ဆက်တည်းပြောတဲ့စကားထဲမှာတော့ တက်သံတွေပါလာတတ်တယ်။ ဆိုကြပါစို့။ သမီးက သမီးသူငယ်ချင်းတစ်ယောက်ကို သမီးအိမ်လာလည်ဖို့ ဖိတ်ပြီး၊ သူ့ကိုသေချာအောင် 'လာမှာ သေချာလား' လို့ မေးမယ်ဆိုပါတော့။ ဒါပေမယ့် 'လာမှာလား' ဆိုတဲ့စကားမသုံးဘဲ 'လာမယ်' ဆိုတဲ့စကားပဲသုံးပြီး မေးရင် ဘယ်လိုအသံနဲ့ မေးလေ့ရှိသလဲ"

"ဟာ... သမီးသိပြီ။ 'နင်လာမယ်' လို့ 'မယ်'ကို အသံကလေးမြှင့်ပြီး ပြောရမှာပေါ့ဆရာ"

"အဲဒီလို အသံကလေးမြှင့် ပြောတဲ့အသံဟာ တက်သံပေါ့ကွယ်။ 'နင် မော်လမြိုင်သွားမှာလား' ဆိုတဲ့အဓိပ္ပာယ်ရအောင် 'နင်မော်လမြိုင် သွားမယ်'ဆိုတဲ့ စကားနဲ့မေးရင် နောက်ဆုံးက 'မယ်'ကို အသံနိမ့်ရာက မြှင့်ပြီးပြောရမှာပေါ့။ အဲဒီလို အသံမြှင့်ပြောရင် နားထောင်တဲ့သူက မေးတဲ့စကားမှန်း သိသာတာပေါ့ကွယ်။ အဲဒါ 'တက်သံ'ပေါ့"

"ဟုတ်ကဲ့ပါ။ နားလည်ပါပြီဆရာ" အဲဒီတက်သံရှိတဲ့ ဘာသာစကားမျိုး မြန်မာနိုင်ငံမှာရှိပါသလားဆရာ"

"ရှမ်းဘာသာစကားက ထင်ရှားတဲ့သာဓကပေါ့ကွယ်။ ရှမ်းစကားမှာ တက်ကျသံ ငါးမျိုးရှိတယ်။ ရှမ်းစကားလေ့လာတဲ့ ပညာရှင်တွေက သာဓကတွေပြထားတာရှိတယ်"

"ဟုတ်ကဲ့ပါ"

"ရှမ်းစကားမှာ အနိမ့်သံပြေရယ်၊ အမြင့်သံပြေရယ်၊ အလယ်သက်သံရယ်၊ အမြင့်သက်သံရယ်၊ တက်သံရယ်၊ တက်ကျသံငါးမျိုးရှိတယ်။ သာဓကပြရရင် 'ပ' ဗျည်းနဲ့ 'အု' သရပေါင်းတဲ့ ဝဏ္ဏကို မြန်မာစကားမှာ တက်ကျသံနဲ့ ရွတ်ဆိုရင် 'ပု-ပူ-ပူး' ဆိုပြီး တက်ကျသံ သုံးမျိုးပဲရှိတယ် မဟုတ်လား။ ရှမ်းစကားမှာတော့ တက်ကျသံငါးမျိုးခွဲပြီး ရွတ်ဆိုတယ်။ အဓိပ္ပာယ်လည်းကွဲတယ်"

"သာဓက ကလေး ..."

"ပြောပ့မယ်။ 'ပူ'လို့ အနိမ့်သံပြေနဲ့ ရွတ်ဆိုရင် 'အဘိုး'လို့ အဓိပ္ပာယ်ရတယ်။ အမြင့်သံပြေနဲ့ ရွတ်ဆိုရင်တော့ 'ပူးကောင်' လို့ အဓိပ္ပာယ်ရတယ်။ အလယ်သက်သံနဲ့ ရွတ်ဆိုရင်တော့ စားပွဲခင်းတယ်၊ လမ်းခင်းတယ်ဆိုတာမျိုး ခင်းတယ်လို့ အဓိပ္ပာယ်ရတယ်။ အမြင့်သက်သံနဲ့ ရွတ်ဆိုရင်တော့ 'ကွမ်း' လို့ အဓိပ္ပာယ်ရတယ်။ အဲ... တက်သံနဲ့ ရွတ်ဆိုရင်တော့ 'ကဏန်းကောင်' လို့ အဓိပ္ပာယ်ရတယ်တဲ့"

"စိတ်ဝင်စားစရာပဲနော်"

"အေး... သဒ္ဒဗေဒအက္ခရာတွေ တက်ကျသံသင်္ကေတတွေနဲ့ ရေးပြရရင်တော့ ပိုပြီး မြင်သာတာပေါ့ကွယ်"

"ရေးပြပါဆရာ။ သိချင်လို့ပါ"

"အေး... ကွန်ပျူတာစာလုံးနဲ့ ပြလို့ရမယ်တော့ ထင်တာပဲ။ Pu ဆိုတဲ့စာလုံးကိုမူတည်ရမှာပေါ့။ P က ဗျည်း၊ u က သရလေ။ u အောက်က - ကလေးထည့်ရင် Pu က အနိမ့်သံပြေပေါ့။ 'အဘိုး'ကို ခေါ်တာ။ u အပေါ်က - လေးထည့်ရင်တော့ Pū က အမြင့်သံပြေဖြစ်သွားရော။ ပူးကောင်ပေါ့။ Pu မှာ u အောက်က ˎ ကလေးထည့်ပြီး Pu̖ လို့ရေးရင် အလယ်သက်သံပေါ့။ ခင်းတယ်လို့ အဓိပ္ပာယ်ရတယ်။ u အပေါ်က ˋ ကလေးထည့်ပြီး Pù လို့ ရေးရင် အမြင့်သက်သံ၊ 'ကွမ်း' ပေါ့။ တက်သံကိုတော့ u အပေါ်က ˊ ကလေးထည့်ရတယ်။ ခုန အနိမ့်သက်သံနဲ့ ပြောင်းပြန်ပေါ့။ Pú လို့ ရေးရတယ်။ ကဏန်းကောင်ပေါ့ကွယ်"

"သဘောပေါက်ပါပြီ ဆရာ"

"ဒါက သိသာရုံသာဓက တစ်မျိုးပဲပြတာပါ။ တချို့ဘာသာစကားတွေမှာ တက်ကျသံအရေအတွက် ဒါထက်ပိုများတယ်လို့ သိရတယ်"

"ဟုတ်ကဲ့ပါ"

"တက်ကျသံဘာသာစကားမဟုတ်တဲ့ ဘာသာစကားပြောသူတွေက တက်ကျသံဘာသာစကားကို ပြောတဲ့အခါ တက်ကျသံကွဲအောင် ခွဲပြောရတာ အင်မတန်ခက်တယ်လို့ ပြောကြတယ်ကွဲ့"

"ဟုတ်ကဲ့"

"ဆရာကြီး မင်းသုဝဏ်ရေးဖူးတဲ့ သာဓကတစ်ခုရှိတယ်။ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်အရေးပိုင်တစ်ယောက်က ရွာတစ်ရွာကိုရောက်တော့ အိမ်တစ်အိမ်ဝင်ပြီး 'အိမ်သာများ မရှိဘူးလား' လို့ မေးသတဲ့။ ဒီတော့ လူတစ်ယောက်က 'အိမ်သာဟိုမှာရှိပါတယ် ဘုရား' ဆိုပြီး လက်ညှိုးထိုးပြတော့ အရေးပိုင်က 'ဒီအိမ်သာကို ပြောတာမဟုတ်ဘူး။ ဒီအိမ်မှာ နေတဲ့ အိမ်သားတွေကို ပြောတာ' ဆိုတော့မှ 'အိမ်သား' ကို ဆိုလိုမှန်းသဘော ပေါက်သွားပြီး' 'အိမ်သားတွေ မရှိပါဘူး၊ လယ်တောသွားကြပါတယ်ဘုရား' လို့ ပြန်ဖြေရတယ်တဲ့။ 'အိမ်သား'ကို 'အိမ်သာ'လို့ တက်ကျသံ မှားပြောမိတာလေ'

"ရယ်စရာကောင်းတယ်နော် ဆရာ"

"ဆရာ့ကိုယ်တွေ့တစ်ခုပြောရဦးမယ်။ တစ်ခါက မြန်မာစကားတတ်တဲ့ ဂျပန်ပညာရှင်မိတ်ဆွေတစ်ယောက် ရောက်လာရင်း သူဘာတွေ လေ့လာနေတယ်ဆိုတာ ပြောတယ်"

"ကျွန်တော်က ဂျင်းအကြောင်းလေ့လာနေပါတယ်" တဲ့။ ဒီတော့ ဆရာက "လက်ဖက်နဲ့စားတဲ့ ဂျင်းလား" လို့ မေးတော့ သူက 'မဟုတ်ပါဘူး' တဲ့ 'ကလေးတွေ ပေါက်ကစားတဲ့ ဂျင်းပါ'တဲ့။ အဲဒီတော့ သူပြောတာ 'ဂျင်' အကြောင်းကို ပြောမှန်း သဘောပေါက်သွားတယ်"

"မှတ်ထားပါ့မယ် ဆရာ"

"ကဲ... ဒီတော့ မြန်မာဘာသာစကားမှာ တက်ကျသံ သုံးမျိုး ရှိတယ်ဆိုတဲ့ အယူအဆကို နားလည်လောက်ပါပြီ။ တက်ကျသံခွဲပုံက ထုံးတမ်းစဉ်လာနဲ့လည်းတူပါတယ်"

"တက်ကျသံလေးမျိုးဆိုတဲ့ အယူအဆလည်းရှိတယ်လို့ ဆရာပြောတာ၊ ဘယ်လိုလေးမျိုးခွဲတာပါလဲ ဆရာ"

"တက်ကျသံလေးမျိုးက လွယ်အောင်ပြောရရင် အနိမ့်သက်သံကို နှစ်မျိုးထပ်ခွဲလိုက်တာပါပဲ။ ကသတ်၊ စသတ်၊ တသတ်၊ ပသတ် ပါတဲ့ အသံတွေကို ရေးပုံအရ လွယ်လွယ်မှတ်လို့ရတယ်။ အသံအနေနဲ့ ပြောရင်တော့ ရပ်သံပေါ့။ အသက်အောင့်သံလို့လည်း ခေါ်တယ်။ သရတွေပြောတုန်းက အစ်၊ အက်၊ အတ်၊ အွတ်၊ အိတ်၊ အုတ်၊ အိုက်၊ အောက်ဆိုတဲ့ သရသံရှစ်သံနဲ့ တွဲတဲ့ဗျည်းသံတွေရောပေါ့။ အဲဒီရပ်သံနဲ့ ရိုးရိုးအောက်မြစ်သံနဲ့ နှစ်မျိုးခွဲလိုက်တာပါပဲ။ ဒီတော့ အဲဒီ ကသတ်၊ စသတ်၊ တသတ်၊ ပသတ် မပါတဲ့ အောက်မြစ်သံတွေက တစ်မျိုး၊ ရပ်သံတွေက တစ်မျိုးဆိုတော့ တက်ကျသံသုံးမျိုးမှာ တစ်မျိုး ထပ်တိုးသွားတာပေါ့။ သံပြေရယ်၊ အနိမ့်သက်သံ(အောက်မြစ်သံ)ရယ်၊ ရပ်သံ(က်၊ စ်၊ တ်၊ ပ် ပါတဲ့ အသံ)ရယ်၊ ဝစ္စပေါက်သံရယ် လေးမျိုး ဖြစ်သွားတာပေါ့။ 'က-ကာ-ကား' ဆိုတဲ့ သုံးမျိုးအပြင် 'ကပ်'ဆိုတဲ့ ရပ်သံတိုးလာတဲ့အတွက် တက်ကျသံလေးမျိုး ဖြစ်သွား တာပါ။ ကဲ... ဆက်ကြသေးတာပေါ့"

"တက်ကျသံ ဘာသာစကား မဟုတ်တဲ့ ဘာသာစကားပြောသူတွေက တက်ကျသံ ဘာသာစကားကို ပြောတဲ့အခါ တက်ကျသံကွဲအောင် ခွဲပြောရတာ အင်မတန်ခက်တယ်လို့ ပြောကြတယ်ကွဲ့"

စာမျက်နှာ ၁၈ မှ

လုပ်သားများရဲ့အခြေအနေ၊ လူငယ်များရဲ့ ကျောင်းအပြီး လုပ်ငန်းခွင်ကူးပြောင်းမှုပုံစံများစတဲ့ အသေးစိတ်အချက်အလက်များကို သိရှိခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမှာ နှိုင်းယှဉ်နိုင်တဲ့ စာရင်းဇယားများ၊ ယခင်ကမပေးပို့နိုင်ခဲ့တဲ့ စာရင်းဇယားများကို ရရှိခဲ့ပြီးဖြစ်ပါတယ်။

**မေး ။ ။ ၂၀၁၅ ခုနှစ် လုပ်သားအင်အားစစ်တမ်းမှ ကောက်ယူရရှိတဲ့ စာရင်းအင်းအချက်အလက်တွေကို ဘယ်နေရာမှာ အသုံးချနိုင်ပါသလဲဆိုတာ ရှင်းပြပေးပါ။**

ဖြေ ။ ။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနဲ့ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း အနှစ်ချုပ်အစီရင်ခံစာကို ၂၉-၈-၂၀၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး၊ ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားပြီး ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် လုပ်သားအင်အားစစ်တမ်းမှ ရရှိထားတဲ့ အသေးစိတ်စာရင်းအင်း အချက်အလက်များသည် နိုင်ငံတော်၏ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ မူဝါဒများချမှတ်ရာမှာ များစွာအထောက်အကူဖြစ်စေပါတယ်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် မြန်မာနိုင်ငံစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics- NSDS) အောက်ရှိ လုပ်ငန်းအဖွဲ့ ရှစ်ဖွဲ့အနက် လုပ်ငန်းအဖွဲ့ သုံးဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အဆိုပါလုပ်ငန်းအဖွဲ့များမှ လိုအပ်သော အလုပ်အကိုင်ဆိုင်ရာ စာရင်းအင်းများကိုလည်း ပံ့ပိုးပေးခဲ့ပါတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် -SDGs ဆိုင်ရာ အညွှန်းကိန်းများကိုလည်း ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ပံ့ပိုးပေးသွားရမှာ ဖြစ်ပါတယ်။ UN အဖွဲ့အစည်းများဖြစ်သည့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ် (World Bank)၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ System of National Account (SNA)၊ ပညာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများအခြေအနေကို လေ့လာစိစစ်အကဲဖြတ်ခြင်း (OOSCI)၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDG)၊ အာဆီယံနှင့် နိုင်ငံတကာ စာရင်းအင်းစာစောင်များ၊ စီးပွားရေးတက္ကသိုလ်မှ စာတမ်းပြုစုသည့် ဘွဲ့ယူကျောင်းသားများမှ မေးမြန်းတောင်းခံလာတဲ့ အချက်အလက်များကို ပြန်ကြားပေးပို့လျက်ရှိပါတယ်။

**မေး ။ ။ အခြားနိုင်ငံများရဲ့ လုပ်သားအင်အား စစ်တမ်း ကောက်ယူမှုအခြေအနေကို ပြောပြပေးပါ။**

ဖြေ ။ ။ အာဆီယံနိုင်ငံများဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့မှာ နှစ်စဉ်စစ်တမ်းကောက်ယူလျက်ရှိပြီး မလေးရှားနိုင်ငံမှာတော့ လစဉ်သတ်မှတ် အိမ်ထောင်စုတွေကို လိုအပ်တဲ့အပိုင်းလိုက် ကောက်ယူလျက်ရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့မှာ တစ်နှစ်ကို (၄) ကြိမ် လိုအပ်တဲ့အပိုင်းလိုက်ခွဲပြီး စစ်တမ်းကောက်ယူလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

**မေး ။ ။ အခြားဝန်ကြီးဌာနများနဲ့ ပြင်ပအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်မှု အခြေအနေကို သိလိုပါတယ်။**

ဖြေ ။ ။ ယခုစစ်တမ်းကောက်ယူရန်အတွက် နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီကို မြန်မာနိုင်ငံ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) အောက်ရှိ စစ်တမ်းများနဲ့ စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့မှာပါဝင်တဲ့ စာရင်းအင်းနှင့် သက်ဆိုင်သည့် ဦးစီးဌာန ၁၉ ဌာနနဲ့ ပြင်ပစာရင်းအင်းအဖွဲ့အစည်း သုံးဖွဲ့မှ စုစုပေါင်းအဖွဲ့ဝင် ၄၃ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီဝင်များရဲ့အကြံပြုချက်များနဲ့ အညီ မေးခွန်းလွှာကို ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်းစစ်တမ်းမှ စာရင်းကောက် ကွက်များနဲ့ မြေပုံတို့ကို ရွေးချယ်ပေးခဲ့ပါတယ်။ စာရင်းကောက်ကွက်ရွေးချယ်ပေးတဲ့နေရာမှာ ယခင်စစ်တမ်းကောက်ယူစဉ်က ရွေးချယ်ခဲ့တဲ့ Master Sampling Frame ရဲ့ Replicate 1 နဲ့ Replicate 3 မှ မဟုတ်ဘဲ Master Sampling Frame ရဲ့ Replicate 2 နဲ့ Replicate 4 တို့မှ ရွေးချယ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

**မေး ။ ။ စတင်ကောက်ယူနေပြီဖြစ်တဲ့ လုပ်သားအင်အား စစ်တမ်းကနေ ဘယ်လိုအကျိုးကျေးဇူးတွေ ရလာမလဲ။**

ဖြေ ။ ။ ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကနေ လုပ်သားအင်အားဆိုင်ရာ အဓိက အညွှန်းကိန်းတွေဖြစ်တဲ့ စုစုပေါင်း လူဦးရေနဲ့ ကျားမအချိုး၊ အသက်ငါးနှစ်နဲ့အထက် စာတတ်မြောက်မှုနဲ့ ပညာရေးအဆင့်၊ အသက် ၁၅ နှစ်နဲ့အထက် အလုပ်လက်ရှိများရဲ့ အဓိက အလုပ်အကိုင်အခြေအနေ၊ အလုပ်ချိန် နာရီနဲ့ ဝင်ငွေ၊ အသက် ၁၅ နှစ်နဲ့အထက် အလုပ် လက်ရှိများရဲ့ ဒုတိယအလုပ်၏ အလုပ်အကိုင်အခြေအနေနှင့် အလုပ်ချိန်နာရီ၊ အသက် ၁၅ နှစ်နဲ့အထက် အလုပ်လက်ရှိ (Employment)၊ အလုပ်လက်မဲ့ (Unemployment) နဲ့ လုပ်သားအင်အား(Labour Force) အပါအဝင် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (Underemployed)၊ လုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်မှု အခြေ အနေ(Labour underutilization) တို့ကို ရရှိနိုင်မှာဖြစ်ပါတယ်။

**မေး ။ ။ စာရင်းအချက်အလက်တွေကို ဘယ်အချိန်မှာ ထုတ်ပြန်သွားဖို့ရှိပါသလဲ။**

ဖြေ ။ ။ စာရင်းဇယားများထုတ်ယူရာမှာ ပထမ သုံးလမှာ ကောက်ယူခဲ့တဲ့ အချက်အလက်တွေကို ဇွန်လမှာ ပြည်ထောင်စု အဆင့်ထုတ်ပြန်မှာဖြစ်ပြီး ဒုတိယ သုံးလ ကောက်ယူခဲ့တဲ့ အချက်အလက်တွေကို ဒီဇင်ဘာမှာ ပြည်ထောင်စုအဆင့် ထုတ်ပြန်သွားမှာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်အတွက် လုပ်သားအင်အားစစ်တမ်း အစီရင်ခံစာအသေးစိတ်ကို နှစ်ကြိမ်ကောက်ယူခဲ့သော အချက်အလက်တွေနဲ့ အခြေခံပြီး တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ မြို့ပြ၊ ကျေးလက် အဆင့်အထိ ထုတ်ပြန်သွားပါမယ်။

**မေး ။ ။ လုပ်သားအင်အားစစ်တမ်း ကောက်ယူမှုနဲ့ပတ်သက်ပြီး အခြားဘာများပြောကြားလိုပါသလဲ။**

ဖြေ ။ ။ လုပ်သားအင်အားစစ်တမ်းဆိုတာ တစ်ကြိမ်သာ ကောက်ယူရတဲ့ စစ်တမ်းမျိုး မဟုတ်ပါဘူး။ နိုင်ငံရဲ့ လုပ်သား ဈေးကွက်ဆိုင်ရာ အချက်အလက်တွေ (Labour Market Information) ပုံမှန်ရဖို့ နှစ်စဉ်ပုံမှန်ကောက်ယူရန် လိုအပ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံလုပ်သားအင်အားစစ်တမ်းကို ကောက်ယူခဲ့ပေမယ့် နှစ်အကြာကြီးနေမှ ၂၀၁၅ ခုနှစ်မှာ လုပ်သားအင်အားစစ်တမ်းကို နောက်တစ်ကြိမ် ကောက်ယူခဲ့ခြင်းဖြစ်ရာ ဝန်ထမ်းတွေရဲ့ လုပ်ဆောင်နိုင်မှု အရည်အသွေး အပေါ်မှာလည်း မူတည်နေတဲ့အတွက် စာရင်းအင်း အတွေ့အကြုံ ရှိသူ၊ စာရင်းအင်းဆိုင်ရာ Software အသုံးပြုနေသူများ လိုအပ်နေပါသေးတယ်၊ စစ်တမ်းအတွေ့အကြုံရရှိစေဖို့ အတွေ့အကြုံရှိတဲ့နိုင်ငံတွေကို စေလွှတ်တာ၊ စာရင်းအင်းဆိုင်ရာ ခေတ်မီနည်းပညာများကို အသုံးပြုတာ၊ ပြည်သူတွေအနေနဲ့ စစ်တမ်းအတွေ့အကြုံ၊ စာရင်းကောက် အတွေ့အကြုံတွေသိရှိနိုင်မှုအားနည်းတာဖြစ်လို့ ပြည်သူတွေ ပိုသိလာအောင် Awareness တွေ ပေးဖို့ လိုအပ်နေပါတယ်။

ခ ရီး သွား ဆောင်း ပါး

# ပခုက္ကူဆီသို့ ...

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်**

ဧရာဝတီမြစ်ပေါ် ဖြတ်သန်းတိုက်ခတ်လာသောလေက အေးမြမြရှိနေသည်။ နံနက် ၆ နာရီခန့်ရှိသော်လည်း အအေးဓာတ်က သိသာစွာ မခံစားရ။ ကားမောင်းနေသော အရှိန်ကြောင့် တိုးဝင်လာသည့် လေအေးက နေသာထိုင်သာရှိစေသည်။ ဧရာဝတီမြစ်ရေပြင်ပေါ်တွင် ရေယာဉ်အချို့ ခုတ်မောင်းနေသည်ကိုလည်း လှမ်းမြင်ရသည်။ မြစ်အတွင်းအချို့နေရာ၌ သောင်ထွန်းနေသည်ကိုလည်း သတိပြုမိပြန်သည်။ သက်တမ်းရင့်လာသော မြစ်မင်းရောလည်း ဇရာထောက်လာပြီးလားဟု အတွေးဝင်မိသည်။ သက်တမ်းကြောင့်ရော၊ လူတွေကြောင့်ပါ မြစ်ကြောင်း တိမ်ကော၊ ကွေ့ကောက်၊ သောင်ထွန်းခြင်းများ ဖြစ်ပေါ်လာခြင်းဖြစ်မည်။

ဧရာဝတီတံတား(ပခုက္ကူ)ပေါ် ကားဖြင့်ဖြတ်သန်းရင်း မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ဖြတ်တံတားများအနက် အရှည်ဆုံးဖြစ်သော ၃ ဒသမ ၄ ကီလိုမီတာ ရှည်သည့် ပခုက္ကူတံတားကို ၂၀၀၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပြီးစီးခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်၌ စတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းများကို ပြန်အမှတ်ရနေမိပြန်သည်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းဒေသများကို ဆက်စပ်ပေးကာ ဟန်ချက်ညီအောင် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သည့်အပြင် အိန္ဒိယ- မြန်မာ-ထိုင်း အဝေးပြေးလမ်းမ၏ လမ်းအစိတ်အပိုင်းတစ်ခုအဖြစ်လည်း ပါဝင်နေသည်ဖြစ်ရာ ဧရာဝတီတံတား (ပခုက္ကူ)က အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချိတ်ဆက်သွားလာနိုင်၍ ဒေသတွင်း နိုင်ငံများနှင့် ကုန်သွယ်နိုင်ရန် အကျိုးပြုသည့်တံတားလည်း ဖြစ်နေသည်။

အတွေးများဝေနေသဖြင့် ပခုက္ကူမြို့သို့ ဝင်ရောက်လာသည်ကို သတိမထားမိလိုက်။ မြို့အဝင်ကြိုဆိုရေးဆိုင်းဘုတ်ကို ကျော်ဖြတ်လာခဲ့ပြီးနောက် မော်တော်ကားများ၊ ဆိုင်ကယ်များနှင့် လှုပ်ရှားသွားလာနေကြသည့် မြို့သူမြို့သားများကို တွေ့ရသည်။ လမ်းမကြီး ဘေးတစ်ဖက်တစ်ချက်၌ တိုက်တာနေအိမ် ကောင်းကောင်းများကို တွေ့မြင်ရပြီး ဈေးဆိုင်များလည်း ရောင်းချနေပြီဖြစ်ရာ စည်ကားလျက်ရှိသည်။ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်တွင် ပါဝင်သော ပခုက္ကူမြို့က မြို့ကြီးပြကြီးအသွင် ပီပီပြင်ပြင်ရှိနေပြီး တိုးတက်ဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။

ပခုက္ကူမြို့သည် ရှေးယခင်က ရွာတစ်ရွာအဖြစ်သာ တည်ရှိခဲ့ပြီး ကုန်းဘောင်ခေတ်ဦးအချိန်က ပုဂံဝန်၏ လက်အောက်ခံရွာ ဖြစ်ခဲ့သည်။ ပခုက္ကူသည် ဘိုးတော်ဘုရားလက်ထက် ပခန်းနယ်နိမိတ်ကျောက်တိုင်အဖြစ် ပခန်းအုတ်ဂူကို စိုက်ထူခဲ့ရာမှ ပခုက္ကူဟု ဖြစ်လာခဲ့ကြောင်း သမိုင်းမှတ်တမ်းအချို့၌ ဖော်ပြထားသည်။

ပခုက္ကူနှင့်ပတ်သက်ပြီး အခြားမှတ်တမ်းမှတ်ရာများတွင် ၁၈၁၉ ခုနှစ် စက်တင်ဘာ ၁၅ ရက်၌ ပခုက္ကူသွေးသောက် ဦးပွင့်က နေပြည်တော်သို့မြင်းဆက်သခဲ့ကြောင်း တွေ့ရှိရသကဲ့သို့ ညောင်ကန်ဆရာတော် ဦးဗုဒ်သည်လည်း ဘုတလင်မှ ရွှေစက်တော်သို့ ဘုရားဖူးကြွရောက်စဉ် ၁၈၂၀ ပြည့်နှစ် ဧပြီ ၂၈ ရက်၌ ပခုက္ကူတွင် တစ်ည ကျိန်းစက်ခဲ့ကြောင်း သမိုင်းမှတ်တမ်း၌ လေ့လာခဲ့ဖူးသည်။ ရန္တပို စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့သူ ဂျွန်ကရော့ဖို့ဒ်သည် ၁၈၂၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ပခုက္ကူသို့ရောက်ရှိခဲ့ပြီး ပခုက္ကူသည် လူဦးရေများပြားပြီး အင်းဝနှင့် အောက်မြန်မာနိုင်ငံကို ဆက်စပ်ပေးရာ ပွဲဈေးဖြစ်ကာ ကုန်တင်လှေကြီးများ ရပ်နားရာဆိပ်ကမ်းလည်းဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်ကို ပြန်အမှတ်ရမိပြန်သည်။ မင်းတုန်းမင်း လက်ထက် ၁၈၇၄ ခုနှစ်က ပခုက္ကူဆိပ်ကမ်းဟု ရေးမှတ်ခဲ့သည်ကိုတွေ့ရပြီး အရောင်းအဝယ်စည်ကားရာ နေရာဖြစ်ကြောင်း ရေးမှတ်ခဲ့ကြသည်။

လက်ရှိအခြေအနေတွင်လည်း ပခုက္ကူမြို့က အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာလျက်ရှိသည်ကို တွေ့မြင်ရသည်။ ပခုက္ကူမြို့ရှိ အဆင့်မြင့်ပညာရပ်များသင်ကြားရာ ကွန်ပျူတာတက္ကသိုလ်ကို ကားဖြင့်လိုက်လံလေ့လာကြည့်ရှုမိသည်။ ကျောင်းပိတ်ရက်ဖြစ်နေ၍ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ သွားလာလှုပ်ရှားမှုကို မတွေ့ရ။ တက္ကသိုလ်ပညာရပ်များကို ဒေသခံများ အလွယ်တကူ အဆင်ပြေစွာ တက်ရောက် သင်ယူနိုင်ကြပြီဖြစ်ရာ လူငယ်များအတွက် အဆင်ပြေစေမည်မှာ အမှန်ပင်။

ပခုက္ကူမြို့သည် ပုဂံမြို့အနောက်မြောက်ဘက် ကီလိုမီတာ ၃၀ အကွာ၌ ရှိနေသလို လမ်းပန်းဆက်သွယ်ရေးလည်း အဆင်ပြေသဖြင့် ခရီးသွားဧည့်သည် အများအပြား လာရောက်ကြသည်။ ပခုက္ကူမှ မင်းတပ်မြို့အထိ မော်တော်ကားဖြင့် သွားရောက်နိုင်သည်ဖြစ်ရာ ခရီးသွားလာရေးလည်း အဆင်ပြေသည်။ ပုဂံနှင့်နီးသလို မုံရွာနှင့်လည်း ၈၇ ကီလိုမီတာ ကွာဝေးသည်။ ရန်ကုန်နှင့် ပခုက္ကူမြို့သည် ၅၁၈ ကီလိုမီတာ ကွာဝေးပြီး မန္တလေးမြို့နှင့် ၁၂၆ ကီလိုမီတာ ကွာဝေးကာ ပုသိမ်မြို့နှင့် ၅၁၈ ကီလိုမီတာ၊ မော်လမြိုင်မြို့နှင့် ကီလိုမီတာ ၆၀၀ ကွာဝေးကြောင်း သိရသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်ဖြစ်ရာ မြန်မာနိုင်ငံအရပ်ရပ်သို့ ပခုက္ကူမြို့မှ ဖြန့်ကြက်သွားလာနိုင်ပေသည်။ ပခုက္ကူမြို့ အရှေ့တောင်ဘက်တွင် ဧရာဝတီမြစ် စီးဆင်းနေပြီး မြစ်ကမ်းဆိပ်မြို့လည်းဖြစ်ရာ ကုန်းလမ်း၊ ရေလမ်း သွားလာနိုင်သည်။ ပခုက္ကူမြို့ မြောက်ဘက်တွင် မြိုင်မြို့နယ်၊ အရှေ့တောင်ဘက်တွင် ညောင်ဦးမြို့နယ်၊ အနောက်ဘက်တွင် ဆိပ်ဖြူမြို့နယ်နှင့် အနောက်မြောက်ဘက်တွင် ပေါက်မြို့နယ်တို့ နယ်နိမိတ်ချင်းထိစပ်နေကြောင်း သိရသည်။

ကျွန်တော်တို့ ပခုက္ကူမြို့ရှိ တန်ခိုးကြီးဘုရားဖြစ်သော သီဟိုဠ်ရှင်ဘုရားသို့ ရောက်ရှိခဲ့သည်။ နံနက်ပိုင်းအချိန်ဖြစ်သော်လည်း ဘုရားဖူးများကို တွေ့ရသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက်သော ဘုရားဖူးကားသုံးစီးခန့်လည်း ရောက်ရှိနေရာ စည်ကားနေသည်။ ကျွန်တော်တို့ သီဟိုဠ်ရှင်ဘုရားကို ဖူးမြော်ဦးချပြီးနောက် လိုက်လံလေ့လာမိသည်။ သီဟိုဠ်ရှင်ဘုရားကို အလောင်းစည်သူမင်းက ခရစ်နှစ် ၁၁၁၇ ခုနှစ် နိုဝင်ဘာလတွင် တည်ထားကိုးကွယ်ခဲ့သည့် မတ်တပ်ရပ် ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။ ကြည်ညိုသပ္ပာယ်စရာကောင်းသည့် ဗုဒ္ဓရုပ်ပွားတော်လည်းဖြစ်ရာ အထပ်ထပ်အခါခါ စိတ်ထဲမှ ဖူးမြော်နေမိသည်။

သီဟိုဠ်ရှင်ဘုရားမှာ သီဟိုဠ်ဘုရင် ဒေဝါနံ ပိယတိဿမင်းကြီးအား အသောကရာမမင်းက ပေးအပ်သော ဒက္ခိဏသာခါ မဟာဗောဓိသစ်တော်ဖြင့် အလောင်းစည်သူမင်းက ထုလုပ်ကိုးကွယ်ခဲ့ခြင်းဖြစ်ရာ ဘွဲ့တော်အမည်ကလည်း သီဟိုဠ်ရှင်ဘုရားဟု အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းအချို့၌ လေ့လာမှတ်သားခဲ့ရဖူးသည်ကို ပြန်အမှတ်ရနေမိသည်။ ရုပ်ပွားတော်သုံးဆူ ရှိသည်ဖြစ်ရာ အငယ်ဆုံးဗုဒ္ဓရုပ်တုတော်မှာ အလောင်းစည်သူမင်း၏ ကုသိုလ်တော်ဖြစ်ပြီး ကျန်ဗုဒ္ဓရုပ်တုတော်နှစ်ဆူမှာ မြင်သာကျေးရွာသူကြီး၏ ကောင်းမှုများဖြစ်သည်ဟု သိရသည်။ သီဟိုဠ်ရှင်ဘုရားကို ဖူးမြော်ပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။ သီဟိုဠ်ရှင်ဘုရားပွဲတော်ကို နှစ်စဉ်မေလကုန်နှင့် ဇွန်လဆန်းတို့တွင် ကျင်းပမြဲဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် စည်ကားကြောင်း၊ အညာထွက်ကုန်များပေါများပြီး ဈေးချိုကြောင်း သိရသည်။

ပခုက္ကူမြို့တွင် ဗုဒ္ဓဘာသာစာပေများပို့ချသည့် စာသင်တိုက်ကြီးများရှိရာ ကျမ်းဂန်တတ် သာမဏေကျော်များ မွေးမြူသင်ကြားပေးရာနေရာလည်း ဖြစ်သည်။ ခေတ်အဆက်ဆက်ကပင် ဗုဒ္ဓစာပေများကို လက်ဆင့်ကမ်းသင်ကြားပေးခဲ့ရာမြို့ဖြစ်ပြီး ယခုထက်တိုင် သစ်သားများဖြင့်သာ တည်ဆောက်ထားသော သက်တမ်းရင့် ဘုန်းတော်ကြီးကျောင်းဟောင်းများကို လေ့လာတွေ့ရှိနိုင်နေသေးသည်။

ကျွန်တော်တို့ မော်တော်ယာဉ်ဖြင့် ပညာရေးကောလိပ်၊ ပခုက္ကူတက္ကသိုလ်များဘက်သို့ သွားရောက်ခဲ့သည်။ ကျောင်းပိတ်ရက်မို့လားမသိ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ သွားလာလှုပ်ရှားနေသည့် ပုံရိပ်များကို မတွေ့မြင်ရသော်လည်း မိမိတို့ရပ်ရွာဒေသအတွင်း တက္ကသိုလ်အဆင့်မြင့်ပညာရပ်များကို သင်ကြားခွင့်ရရှိခြင်းမှာ ကံကောင်းခြင်းတစ်ရပ်ပင်ဖြစ်ပြီး မည်သို့ပင်ဖြစ်စေ အနာဂတ်အတွက် အသင့်ဖြစ်စေမည့် ပညာတတ်လူငယ်များအား မွေးထုတ်လေ့ကျင့်ပေးရာ တက္ကသိုလ်များပင်ဖြစ်သည်ဟု တွေးနေမိသည်။

တက္ကသိုလ်များကို ကားဖြင့်လှည့်ပတ်ကြည့်ပြီးနောက် ပခုက္ကူမြို့ ရွှေကူကြီးဘုရားသို့ သွားရောက်ခဲ့သည်။ ရွှေကူကြီးဘုရားတွင် ဘုရားဖူးအနည်းငယ်သာ တွေ့ရသဖြင့် နံနက်ပိုင်းဖြစ်၍ လာရောက်မှုနည်းနေခြင်းဖြစ်မည်ဟု ထင်မိသည်။ ရွှေကူကြီးဘုရားတွင် ဘုရားတန်ဆောင်းအတွင်း ထူးခြားသော တံကဲတော်ကြီးကို တွေ့မြင်ရသည်။ ယမနေသစ်သားငါးတုံးဖြင့် ဗုဒ္ဓဖြစ်စဉ်တော်များအား သေသပ်လှပစွာ သရုပ်ဖော်ထားခြင်းဖြစ်ရာ အံ့အားသင့်ဖွယ်၊ စိတ်ဝင်စားဖွယ်ကောင်းသည်။ ရပ်ကြည့်နေသော ဘုရားဖူးအချို့က တံကဲတော်ကြီးသည် ဂင်းနစ်မှတ်တမ်းဝင်သည်ဟုလည်း ပြောဆိုနေသဖြင့် ကြားသိခဲ့ရသည်။ ဘုရားဖူးများ ထပ်ရောက်လာသဖြင့် ကျွန်တော်တို့ ရွှေကူကြီးဘုရားကို ဦးချဖူးမြော်ပြီး ပြန်ထွက်လာခဲ့သည်။



သီဟိုဠ်ရှင်ဘုရား

ပခုက္ကူမြို့က စီးပွားရေးမြို့အသွင် ပီပြင်စွာ တွေ့ရသည်။ ကုန်ရောင်းကုန်ဝယ်၊ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားသော်လည်း အသွားအလာများသဖြင့် အချို့နေရာများတွင် ဖုန်ထူလေသည်။ ပခုက္ကူမြို့ဈေးက ရောင်းဝယ်ဖောက်ကားမှုဖြင့် စည်ဝေလျက်ရှိသည်။ ပခုက္ကူမြို့ထွက် သနပ်ခါးတုံးများ၊ နှမ်းဖတ်ချဉ်များကို တွေ့ရသည်။ သနပ်ခါးတုံးများက ဈေးချိုသော်လည်း အတု၊ အစစ် မခွဲခြားတတ်သဖြင့် မဝယ်ခဲ့ရ။

ပခုက္ကူမြို့တွင်း လိုက်လံလေ့လာစဉ် ပခုက္ကူဇာတိဖြစ်သော စာရေးဆရာ ကျော်အောင်(ပေါင်းလောင်းရှင်ရွာ)၊ ရဲဘော်တင်ရွှေ၊ မြန်မာညွှန့်ဦးချစ်မောင်၊ ပခုက္ကူဦးအုံးဖေ(တင်းဂါတ်ရွာ)တို့ကို သတိရစိတ် ဖြစ်မိသည်။ သူတို့တတ်စွမ်းသည့် စွမ်းအားဖြင့် တိုင်းပြည်အတွက် တစ်တပ်တစ်အား အကျိုးပြုသွားသူများဖြစ်ရာ လေးစားရမည့်သူများပင်ဖြစ်သည်။ တစ်ဖန် ပခုက္ကူမြို့နယ်အတွင်း မြစ်ခြေမြို့ဇာတိ နိုင်ငံရေးသမား သခင်လှကွန်း(ရေနဲချပ်ရွာ)ကိုလည်း အမှတ်ရစိတ် ဖြစ်နေမိပြန်သည်။

ကျွန်တော်တို့ ပခုက္ကူမြို့တွင် အချိန်ရသမျှ လက်လှမ်းမီသည့် နေရာများသို့ သွားရောက်လေ့လာပြီးနောက် ပုဂံသို့ ဆက်လက်ထွက်ခွာရန် ဦးတည်လိုက်ရသည်။ ပခုက္ကူမြို့နှင့် ပုဂံသည် ကီလိုမီတာ ၃၀ ခန့်သာဝေးရာ သွားလာရေးအဆင်ပြေသဖြင့် တစ်ဆက်တည်း သွားရောက်ခြင်းဖြစ်သည်။ မည်သည့်အချိန် ရောက်ရောက်၊ ဘယ်နှစ်ခေါက်လာလာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေက နက်ရှိုင်းသော စိတ်ခံစားမှုကိုပေးကာ ကြိုဆိုနေဦးမည်ဟု ကြိုတင်ရင်ခုန်နေမိသည်က အမှန်ပင်။

**ပခုက္ကူမြို့သည် ရှေးယခင်က ရွာတစ်ရွာအဖြစ်သာ တည်ရှိခဲ့ပြီး ကုန်းဘောင်ခေတ်ဦးအချိန်က ပုဂံဝန်၏ လက်အောက်ခံရွာ ဖြစ်ခဲ့သည်။ ပခုက္ကူသည် ဘိုးတော်ဘုရားလက်ထက် ပခန်းနယ်နိမိတ် ကျောက်တိုင်အဖြစ် ပခန်းအုတ်ဂူကို စိုက်ထူခဲ့ရာမှ ပခုက္ကူဟု ဖြစ်လာခဲ့ပြီး ၁၉၇၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နေ့စွဲပါ ပုရပိုက်တစ်ခုတွင် ပခုက္ကူဟူသောအမည်ကို စတင်တွေ့ရှိရသည်ဟု သမိုင်းမှတ်တမ်းအချို့၌ ဖော်ပြထားသည်ကို ပြန်သတိရမိသည်။**



ရှေးဟောင်းကျောင်းတော်ကြီးကို တွေ့ရစဉ်

# မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Hong Liang နှင့် တွေ့ဆုံခြင်း

**တွေ့ဆုံမေးမြန်းသူ - ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ မြတ်စန္ဒီ၊ ဓာတ်ပုံ - ဝင်းစန္ဒီ**

ရန်ကုန် ဖေဖော်ဝါရီ ၄

**မိတ်ဆွေကောင်းကို ရွေးချယ်၍ရသော်လည်း အိမ်နီးချင်းကိုရွေးချယ်၍မရ ဆိုစကားနှင့်အညီ တရုတ်-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးသည် ဟန်မင်းဆက် ငှဝီမင်းလက်ထက်တွင် တရုတ်အဖွဲ့ဝင်များက မြန်မာနိုင်ငံသို့ဖြတ်၍ အာဖဂန်နစ္စတန်သို့ သွားရောက်ခဲ့သည့် သမိုင်းမှတ်တမ်းအရ လည်းကောင်း၊ တရုတ်ပြည် ဟန်မင်းဆက်လက်ထက် သက္ကရာဇ် ၈၀၁ ခုနှစ်တွင် ရှေးခေတ်မြန်မာ တူရိယာအဖွဲ့တစ်ဖွဲ့သည် ချန်အန်းမြို့တော်(ယခုစီအန်း)သို့ သွားရောက်ခဲ့သည့် သမိုင်းမှတ်တမ်းများအရ လည်းကောင်း နှစ်ပေါင်း ၂၀၀၀ခန့် သက်တမ်းရှည်ကြာခဲ့ပြီဖြစ်သည်။**



နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကလည်း ယန်စီနှင့် ဧရာဝတီကို သက်သေပြနိုင်သည်။ ၁၉၄၉ ခုနှစ်အောက်တိုဘာလ ၁ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ကြောင်း ကြေညာခဲ့ရာတွင် အစောဆုံး အသိအမှတ်ပြုခဲ့သည့်နိုင်ငံများထဲတွင် မြန်မာနိုင်ငံက ထိပ်ဆုံးကပါဝင်ခဲ့သည့်အပြင် ကုလသမဂ္ဂအဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံရေးအတွက်လည်း မြန်မာနိုင်ငံက တစ်လျှောက်လုံး ထောက်ခံတောင်းဆိုခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်း မြန်မာနိုင်ငံသို့ ၁၉၅၄ ခုနှစ် ဇွန်လအတွင်း ချစ်ကြည်ရေးခရီး လည်ပတ်ပြီးနောက်ပိုင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက်ကို နှစ်နိုင်ငံပူးတွဲ ကြေညာချက်ထုတ်ပြန်နိုင်ခဲ့သည်အထိ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် တိုးတက်ခိုင်မြဲသည်။

ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်ကြီးများကလည်း ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို အားသစ်လောင်းလျက်ရှိကြသည်။

သို့ဖြင့် လက်ရှိနှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ တရုတ်ရိုးရာ နှစ်သစ်ကူး အခါသမယတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျှန်နှင့် မြန်မာ့သတင်းစဉ်က သီးခြားတွေ့ဆုံ မေးမြန်းခဲ့ပါသည်။

**မေး။ ။ လက်ရှိ တရုတ်-မြန်မာ ဆက်ဆံရေးအပေါ် သံအမတ်ကြီးရဲ့သဘောထားအမြင်ကိုသိရှိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံအစိုးရသစ်ဖွဲ့စည်းပြီးနောက်ပိုင်းမှာ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ မြန်မာနိုင်ငံကို လာရောက်ခဲ့ပါတယ်။ သူက မြန်မာနိုင်ငံကို ပထမဦးဆုံးရောက်တဲ့ နိုင်ငံခြားရေးဝန်ကြီးဖြစ်ပါတယ်။ အဲဒီခရီးစဉ်က တရုတ်-မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို တော်တော်အလေးထားတယ်လို့ ဖော်ပြထားပါတယ်။ ပြီးတော့ တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံအစိုးရသစ်ကို ထောက်ခံမှုကိုလည်း ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့ဩဂုတ်လတုန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်ရဲ့ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကို သွားရောက်ခဲ့ပါတယ်။ အဲဒီခရီးစဉ်ကတော့ အင်မတန်အောင်မြင်ပါတယ်။ ဒီခရီးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်က တရုတ်နိုင်ငံသမ္မတကြီး မစ္စတာရှီကျင့်ဖျင်၊ တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီခချန်၊ တရုတ်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌ မစ္စတာကျန်တယ်ကျန်းတို့နဲ့ ခင်မင်ရင်းနှီးစွာတွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

တရုတ်-မြန်မာနှစ်နိုင်ငံဟာ One Belt One Road စီမံကိန်းကိုအတူတကွ အကောင်အထည်ဖော်မယ်လို့ နှစ်နိုင်ငံခေါင်းဆောင်တွေက သဘောတူခဲ့ပါတယ်။ အဲဒါကတော့ တရုတ်နိုင်ငံဟာ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာပြီးတော့ မြန်မာနိုင်ငံရဲ့ ပြည်သူလူထုကို ပိုမိုအကျိုးစီးပွားပြုလုပ်နိုင်ပါတယ်။ ဖန်တီးနိုင်ပါတယ်။ ပြီးတော့ နှစ်နိုင်ငံအတူတကွ စီးပွားရေး၊ လယ်ယာစိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ဖို့အတွက် နှစ်နိုင်ငံခေါင်းဆောင်အကြီးအကဲတွေ သဘောတူညီချက်ရရှိခဲ့ပါတယ်။

ဒါ့အပြင် နှစ်နိုင်ငံခေါင်းဆောင်အကြီးအကဲတွေအနေနဲ့အရေးကြီးတဲ့ သဘောတူညီချက် တစ်ခုရှိပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးက မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မဖြစ်မနေအကျိုးပြုဖို့လိုပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနဲ့ မြန်မာနိုင်ငံရဲ့ ပြည်သူလူထု အဆင့်အတန်းမြှင့်တင်စေဖို့အတွက် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထောက်အကူပြုဖို့လိုပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ပြည်သူလူထုစားဝတ်နေရေး အဆင့်အတန်းမြှင့်တင်ဖို့အတွက် ထောက်ပံ့ကူညီဖို့ စီမံကိန်းတော်တော်များများကို အကောင်အထည်ဖော်ခဲ့ပါတယ်။

တရုတ်-မြန်မာ ချစ်ကြည်ရေးစာသင်ကျောင်း၊ တရုတ်-မြန်မာချစ်ကြည်ရေး Scolarshipနဲ့ တရုတ်-မြန်မာ ချစ်ကြည်ရေး သစ်တောတို့စတဲ့ စီမံကိန်းတွေကတော့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဖန်တီးနိုင်တဲ့စီမံကိန်းတွေဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်တုန်းက တရုတ်-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထားရှိတဲ့ နေ့ရက်ဖြစ်တဲ့ ဇွန်လ ၈ ရက်နေ့တုန်းက ပထမအကြိမ် တရုတ်- မြန်မာဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနေ့ အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ အဲဒီလို အခမ်းအနားကျင်းပပြီးတော့ ကျွန်တော်တို့ နှစ်နိုင်ငံပြည်သူလူထုကြားမှာ ဆက်ဆံရေး၊ ချစ်ကြည်ရေးကို တိုးမြှင့်နေပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းမှာ တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး တိုးမြှင့်ခဲ့ပါတယ်။ မြန်မာနိုင်ငံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကြီးဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ပြီးခဲ့တဲ့နှစ်က တရုတ်နိုင်ငံ ခရီးသွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်ကတော့ တရုတ်-မြန်မာနှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး တိုးမြှင့်ဖို့အတွက် အထောက်အကူပြုခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတော်အသွင်ကူးပြောင်းနေတဲ့ ကာလဖြစ်ပြီး ကောင်းမွန်တဲ့ အလားအလာရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်သူလူထုအားလုံးဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးက မြန်မာနိုင်ငံအတွက် အင်မတန်အရေးကြီးပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသရဲ့တည်ငြိမ်အေးချမ်းမှုနဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုလည်း အင်မတန် အရေးကြီးပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက တရုတ်နိုင်ငံ အစိုးရရဲ့အထူးသံတမန်ကတော့ မြန်မာနိုင်ငံအစိုးရ၊ မြန်မာနိုင်ငံတပ်မတော်နဲ့ မြန်မာနိုင်ငံ မြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အစွမ်းကုန်ကူညီပေးမယ်။ ဒီတွေ့ဆုံဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးကို အမျိုးသားပြန်လည်သင့်မြတ်ရေး အောင်မြင်နိုင်ပါတယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။ တရုတ်ဘက် အနေနဲ့ အရင်တုန်းကလိုပဲ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်ပြီး ထောက်ခံကူညီပေးမယ်။ ဒါကတော့ မြန်မာနိုင်ငံပြည်သူလူထုရဲ့ မျှော်လင့်ချက်ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ တာဝန်ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ လောကရဲ့မျှော်လင့်ချက်လည်းဖြစ်ပါတယ်။

ယခု တရုတ်-မြန်မာချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုနဲ့ မြန်မာနိုင်ငံ တည်ငြိမ်စွာ တိုးတက်ရေးတို့ ပေါင်းစပ်ခြင်းဟာ ကြာလေနက်ရှိုင်းလေဖြစ်တယ်၊ မြန်မာပြည်သူလူထုရဲ့ ရေရှည် အကျိုးစီးပွားနဲ့လည်း ပိုမိုကိုက်ညီတယ်လို့ ကျွန်တော်တို့ ပိုမိုသိရှိနားလည်ရပါတယ်။ မြန်မာနိုင်ငံ အင်အားတောင့်တင်းလာပြီးတော့ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ တရုတ်နိုင်ငံကတော့ ပိုမိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါတယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။

နှစ်သစ်မှာ တရုတ်-မြန်မာချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု ပိုပြီးဖွံ့ဖြိုးတိုးတက်နိုင်ပါစေ၊ အောင်မြင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**မေး။ ။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒေါ်လာသုံးသန်း လှူဒါန်းခဲ့တာသိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် တရုတ်နိုင်ငံရဲ့သဘောထားနဲ့ အနာဂတ်မှာ ဆက်လက်ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေကို သိပါရစေ။**

ဖြေ ။ ခုနက ကျွန်တော်ပြောသလိုပဲ ။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်တွေဟာ ကျွန်တော်တို့အနေနဲ့ ပထမဦးဆုံးလုပ်ငန်းက အားလုံးတွေ့ဆုံဆွေးနွေးဖို့ ကူးလူးဆက်ဆံဖို့အတွက် ပံ့ပိုးပေးမယ်။ တရုတ်နိုင်ငံအစိုးရ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ တရုတ်နိုင်ငံက ခန့်အပ်တဲ့ အထူးသံတမန်တွေနဲ့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး အားလုံးဝိုင်းဝန်းပြီးတော့ အဘက်ဘက်တွေ့ဆုံဆွေးနွေးဖို့အတွက်တိုက်တွန်းနေပါတယ်။ အခု ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးအကြီးဆုံး အချက်တစ်ချက်ကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး NCA စာချုပ်လက်မှတ်ရေးထိုးဖို့ပဲဖြစ်ပါတယ်။

NCAစာချုပ်လက်မှတ်ရေးထိုးပြီး စစ်ပွဲတွေကို အားလုံးရှောင်နိုင်ပါတယ်။ တရုတ်-မြန်မာ နယ်စပ်ဒေသပုံမှန်အေးချမ်းဖို့အတွက် အာမခံရှိနိုင်ပါတယ်။ ဒါဆို မြန်မာနိုင်ငံမြောက်ပိုင်းဒေသမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်မှာ တက်တက်ကြွကြွပါဝင်ပြီးတော့ NCA စာချုပ်ကိုအမြန်ဆုံးလက်မှတ်ရေးထိုးဖို့အတွက် တရုတ်ဘက်အနေနဲ့ တော်တော်အချိန်ကြာကြာ တိုက်တွန်းပါတယ်။ လက်နက်အင်အားတိုက်ခိုက်မှုနဲ့ သက်ဆိုင်ရာ ပြဿနာတွေကိုဖြေရှင်းလို့ မရပါဘူး၊ တိုက်ခိုက်မှုရှိရင် သက်ဆိုင်ရာပြဿနာတွေ ပိုမိုဆိုးရွားသွားမယ်၊ အဘက်ဘက်က တိုက်ခိုက်မှု များပြားလာမယ်ဆိုရင် ပိုမိုများပြားတဲ့ ပဋိပက္ခရှိလိမ့်မယ်။ တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူလူထုက ဆွေမျိုးပေါက်ဖော်ညီအစ်ကိုဖြစ်ပါတယ်။ ဒါဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုပြည်သူလူထုကတော့ ဆွေမျိုးပေါက်ဖော်ညီအစ်ကိုလည်းဖြစ်ပါတယ်။

ညီအစ်ကိုအချင်းချင်း တိုက်ခိုက်မှုရှိမယ်ဆိုရင် မိသားစုထဲမှာ ပဋိပက္ခမှုဖြစ်ပါတယ်။ ဒါဆိုရင် တစ်နိုင်ငံလုံးအသိုင်းအဝိုင်းဟာ အမြန်ဆုံးပဋိပက္ခရပ်စဲဖို့ လိုပါတယ်။ ဒီလက်နက်ကိုင်ပဋိပက္ခမှုရပ်စဲခြင်းဖြစ်စဉ်ကတော့ သက်ဆိုင်ရာအဖွဲ့တွေအချင်းချင်းပိုမိုသိရှိနားလည်ဖို့ လိုအပ်ပါတယ်။ တရုတ်ဘက်ကတော့ ဒီသက်ဆိုင်ရာအဖွဲ့အစည်းတွေကို ထိတွေ့ဆက်ဆံဖို့အတွက် တိုက်တွန်းခဲ့ပါတယ်။ အဲဒီလုပ်ငန်းဆောင်ရွက်တဲ့အခါ မြန်မာနိုင်ငံမြောက်ပိုင်း ဒေသမှာရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေက ဘာဖြစ်လို့ဒီလို NCA စာချုပ်ကို အခုအထိ လက်မှတ်မထိုးသေးသလဲဆိုတဲ့ အကြောင်းရင်းကို တွေ့ခဲ့ရပါတယ်။ အဓိကကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက အထင်ကွဲလွဲမှုရှိပါတယ်။ အဲဒီအခြေအနေအောက်မှာ ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံတွေ့ဆုံဆွေးနွေးဖို့အတွက် တရုတ်ဘက်ကတော့ တက်တက်ကြွကြွ တွန်းအားပေးနေပါတယ်။ နီးနီးကပ်ကပ် ပိုမိုထိတွေ့ဆက်ဆံတွေ့ဆုံဆွေးနွေးပြီးတော့အပြန်အလှန်သိရှိနားလည်မှုယုံကြည်မှုကိုတိုးမြှင့်နိုင်ပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွန်းအားပေးတဲ့အချိန်မှာ တိုင်းရင်းသား ပြည်သူလူထုစုစည်းနေထိုင်တဲ့ ဒေသမှာ စီးပွားရေး အလွန်နောက်ကျနေပါတယ်။ ပြည်သူလူထု စားဝတ်နေရေး အတွက်ခက်ခဲနေပါတယ်။ ကျွန်တော်တို့အလေးထားဖို့လိုပါတယ်။ အစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူလူထုတွေ စုစည်းနေထိုင်တဲ့ဒေသကိုပိုမိုဂရုစိုက်ဖို့ ထောက်ပံ့ကူညီပြီးတော့လည်း ဆင်းရဲနွမ်းပါးမှု လျှော့ချဖို့လည်းလိုပါတယ်။

တိုင်းရင်းသားလူမျိုးစုတွေ စုစည်းနေထိုင်တဲ့ ဒေသမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီးတော့ ပြည်သူလူထု စားဝတ်နေရေး အဆင့်အတန်းမြင့်တက်လာပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထောက်အကူပြုနိုင်ပါတယ်။

ပြည်သူလူထုကတော့ ဒီစစ်ပွဲတွေကိုဝင်ရောက်ဖို့အတွက် ဆန္ဒမရှိနိုင်ပါဘူး။ လောလောဆယ်မှာ ကျွန်တော်ကတော့ မြန်မာနိုင်ငံမြောက်ပိုင်းဒေသကလာရောက်တဲ့ လူငယ်တွေ တချို့နဲ့ တွေ့ဆုံခဲ့ပါတယ်။ သူတို့ကို မေးခဲ့ပါတယ်။ ဇာတိက ဘာဖြစ်လို့ ထွက်လာလဲပေါ့၊ ရန်ကုန်ကိုဘာလို့ လာသလဲပေါ့၊ သူတို့အဖြေကတော့ ရန်ကုန်ဟာ ပိုမိုများပြားတဲ့ အလုပ်အကိုင် အခွင့်အလမ်းရှိပါတယ်။ ပိုမိုကောင်းမွန်တဲ့ အလားအလာရှိပါတယ်လို့ ပြောကြားခဲ့ပါတယ်။ သူတို့တွေ ပြောကြားခဲ့တဲ့နောက်ပိုင်း ကျွန်တော်အများကြီးစဉ်းစားခဲ့ပါတယ်။မြန်မာနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီးတော့ လူငယ်တွေအတွက် ပိုမိုများပြားတဲ့ အခွင့်အလမ်းရှိပါတယ်။ ကောင်းမွန်တဲ့ အလားအလာရှိပါတယ်။ ဒီလက်နက်ကိုင်ပဋိပက္ခကိုလည်း လျှော့ချသွားနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကတော့ အချိန်ကြာဦးမယ်လို့ ကျွန်တော်တို့သိပါတယ်။ ဒါဆိုရင် အဲဒီလုပ်ငန်းဆောင်ရွက်တဲ့အခါ ကျွန်တော်တို့စိတ်ရှည်လက်ရှည်ယုံကြည်မှုရှိရှိ ဆောင်ရွက်ဖို့လိုပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပိုမိုထောက်ခံဖို့အတွက် ပြီးခဲ့တဲ့နှစ်တုန်းက တရုတ်-မြန်မာ နှစ်နိုင်ငံဟာ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာန ဦးဆောင်ပြီးတော့ (၂+၂)ဆွေးနွေးပွဲကိုစတင်ခဲ့ပါတယ်။ ဒီစနစ်ယန္တရားသစ်လက်ထက်မှာ တရုတ်-မြန်မာနှစ်နိုင်ငံအစိုးရနဲ့ တပ်မတော်က ပိုမိုနီးကပ်စွာထိတွေ့ ဆက်ဆံပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ ဒီစနစ်ယန္တရားဟာ တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်ဒေသရဲ့ တည်ငြိမ်အေးချမ်းမှုကို ပိုမိုပြီးတော့ ထိန်းသိမ်းနိုင်ပါတယ်။ တရုတ်ဘက်ကတော့ မြန်မာဘက်ကို ဒီလိုငြိမ်းချမ်းရေးဖြစ်စဉ်မှာ ထောက်ပံ့ကူညီမှုကိုလည်း ဖော်ပြနိုင်ပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထောက်ပံ့ကူညီဖို့အတွက် မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အတိုင်း တရုတ်အစိုးရက ကတိကဝတ်ပြုလုပ်ခဲ့ပါတယ်။ လာမယ့်သုံးနှစ်အတွင်းမှာ အမေရိကန် ဒေါ်လာ ၃ သန်းကို ထောက်ပံ့ကူညီပေးမယ်။ တရုတ်နိုင်ငံရဲ့ အဲဒီထောက်ပံ့ကူညီမှုကတော့ တခြားနိုင်ငံရဲ့ ထောက်ပံ့ကူညီမှုနဲ့မတူပါဘူး။ တရုတ်ဘက်ကို ဒီလိုမျိုးထောက်ပံ့ကူညီပြီးတော့ တခြားလိုအပ်ချက်၊ တောင်းဆိုချက်၊နိုင်ငံရေးတောင်းဆိုချက်မရှိပါဘူး။ ပြီးတော့ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အတိုင်း ကျွန်တော်တို့က ဆက်လက်ပြီး ထောက်ပံ့ကူညီဖို့ဆန္ဒရှိပါတယ်။

**မေး။ ။ တရုတ်-မြန်မာနှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအပေါ် သံအမတ်ကြီးရဲ့ သဘောထားအမြင်ကို သိပါရစေ။**

ဖြေ ။ ။ ပြီးခဲ့သည့်နှစ်ပေါင်း များစွာကတည်းက တရုတ်နိုင်ငံသည် မြန်မာနိုင်ငံရဲ့အကြီးဆုံး ကုန်သွယ်မှုမိတ်ဖက်နိုင်ငံအဖြစ်ရှိခဲ့ပါတယ်။ရင်းနှီးမြှုပ်နှံမှုပမာဏအကြီးဆုံးနိုင်ငံဖြစ်ပါတယ်။ပြီးခဲ့တဲ့ နှစ်ကတရုတ်-မြန်မာနှစ်နိုင်ငံကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာ ၁၀ဘီလီယံရှိပြီးငွေကြေး ကဏ္ဍမပါ၊ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာအမေရိကန်ဒေါ်လာ၄ဘီလီယံရှိပါတယ်။ တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအစစ်က ယခုစာရင်းတွေထက်ပိုများပါတယ်။ ပြည်သူလူထုချင်းမှာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေ တော်တော်များများရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတ နိုင်ငံကလာတဲ့ ရင်းနှီးမြှုပ်နှံမှုတော်တော်များများက တရုတ်ပြည်မကြီးကအပြင် ဟောင်ကောင်၊ မကာအိုနှင့် အာဆီယံနိုင်ငံကနေတစ်ဆင့် ဝင်ရောက်နေပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေးက တရုတ်နိုင်ငံရဲ့ စီးပွားရေးကို အပြန်အလှန်အထောက်အကူပြုနိုင်ပါတယ်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ကုန်ထုတ်စွမ်းအားပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်း စတဲ့ လုပ်ငန်းအတော်များများ အနာဂတ်မှာ နှစ်နိုင်ငံ ပိုမိုကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်လာမယ့် ကဏ္ဍတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံက မြောက်ပိုင်းကနေတောင်ပိုင်းဒေသအထိ စီးပွားရေးစင်္ကြံ ရှိပါတယ်။ မြန်မာနိုင်ငံ ပြည်သူလူထုရဲ့စီးပွားရေးလုပ်ငန်းတော်တော်များများက မြို့ကြီးတော်တော်များများ ဧရာဝတီမြစ်တစ်လျှောက်မှာရှိပါတယ်။ ဧရာဝတီမြစ်မြောက်ပိုင်းက တရုတ်နိုင်ငံနဲ့ ဆက်စပ်နေပါတယ်။ မြန်မာနိုင်ငံ အနာဂတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားတဲ့အခါ ဧရာဝတီမြစ် စီးပွားရေးစင်္ကြံ ကို မဖြစ်မနေ တိုးမြှင့်ဖို့လိုတယ်။ ဒီစင်္ကြံ ဟာ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးစတဲ့ အရေးပါတဲ့ မြို့ကြီးတွေကို ဖြတ်သန်းပါတယ်။ ဧရာဝတီမြစ်စီးပွားရေးစင်္ကြံ ကောင်းကောင်းမွန်မွန်နဲ့ တည်ဆောက်ပြီး တရုတ်-မြန်မာ စီးပွားရေးစင်္ကြံကို ထူထောင်နိုင်ပါတယ်။ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်မှုကို နှစ်နိုင်ငံ အစိုးရချင်း သဘောတူညီချက်ရရှိခဲ့ပါတယ်။ ဒီစင်္ကြံ ကတော့ တရုတ်-မြန်မာနှစ်နိုင်ငံ One Belt One Road ပူးပေါင်း ဆောင်ရွက်တဲ့ အရေးကြီးတဲ့စီမံကိန်း တစ်ခုပါ။

နှစ်နိုင်ငံ နယ်စပ်ဒေသဖြစ်တဲ့ မူဆယ်-ရွှေလီမှာနယ်စပ်ဒေသ စီးပွားရေးဇုန်တည်ဆောက်ဖို့အတွက် မြန်မာဘက်နဲ့ ညှိနှိုင်းနေပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက မူဆယ်-ရွှေလီဒေသကို သွားရောက်လေ့လာခဲ့ပြီး တွေ့ရတာကတော့ ကုန်သွယ်ရေး အရှိန်အဟုန်နဲ့ ဖွံ့ဖြိုး တိုးတက်နေပါတယ်။ ကုန်ထုတ်စွမ်းအား ပူးပေါင်းဆောင်ရွက်မှုလည်း တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်နေပါတယ်။ တရုတ်ကုမ္ပဏီက အပြည်ပြည်ဆိုင်ရာ တင်ဒါနစ်နဲ့ ယှဉ်ပြိုင်ပြီးတော့ ကျောက်ဖြူ အထူးစီးပွားရေးဇုန်ဖြစ်တဲ့ စက်မှုဇုန်နဲ့ ရေနက်ဆိပ်ကမ်းအကောင်အထည်ဖော်ခွင့်ရရှိခဲ့ပါတယ်။ အမြန်ဆုံး စတင်အကောင်အထည်ဖော်နိုင်ဖို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်မြို့မှာ အထူး စီးပွားရေးဇုန်အသစ်တည်ဆောက်ဖို့ တက်တက်ကြွကြွနဲ့ပြင်ဆင်နေတာတွေ့ရလို့ ကျွန်တော်တို့အနေနဲ့ အင်မတန် ဝမ်းသာပါတယ်။

*စာမျက်နှာ ၂၂ သို့*

# တပို့တွဲ ထမနဲပွဲနှင့် ဩဝါဒပါတိမောက်အခါတော်

**ဝိသဇ္ဇက(ပဲခူး)**

ထမနဲပွဲသည် တပို့တွဲလ၏ ရာသီပွဲဖြစ်၏။ ကောက်သစ်ဦးပေါ်ချိန်ဖြစ်၍ လဆန်းစချိန်မှ လပြည့်နေ့ထိတိုင် နိုင်ငံအနှံ့အပြား ကျေးလက်တောရွာအထိ တောင်သူလယ်သမားကြီးများ၊ ထမနဲထိုးပွဲများ ဆင်ယင်ကျင်းပလေ့ရှိ၏။ ထမနဲသည် ကောက်ညှင်းကို နှမ်း၊ နှမ်းဆီ၊ အုန်းသီး၊ မြေပဲ၊ ချင်းစသည်တို့ဖြင့် စီမံပြုလုပ်ထားသောချိုဆိမ့်မွှေးသည့်မြန်မာအစားအစာတစ်မျိုးဖြစ်၏။ ကောက်ညှင်းကို ထပ်ပြန်တလဲလဲကော်ပတ်စာများနှဲ့ဘိအလား နှဲ့ရသောကြောင့် ထမနဲဟု အဓိပ္ပာယ်ရှိရှိမှည့်ခေါ်ထားခြင်းဖြစ်၏။ နှမ်းဆီနှင့် နှမ်းနိုင်နိုင်ထည့်ရသည်ကို အကြောင်းပြုပြီး နှမ်းမနဲဟုလည်း အမည်တစ်မျိုးတွင်သေး၏။ အချို့အရပ်ဒေသများတွင် ထမနဲကို ယာဂုဟု ခေါ်ဝေါ်ကြ၏။

ရှေးခေတ်က ထမနဲထိုးလျှင် ပထမကောက်ညှင်းဆန်လေးပြည်ကို ရေစင်အောင် ဆေးထားရ၏။ ဆီတစ်ပိဿာကို ဒယ်အိုးတွင်ထည့်ကာ ချင်းသုံးကျပ်သားနှင့် ဆီသတ်ပြီး ကောက်ညှင်းထည့် နှပ်ရသည်။ ကောက်ညှင်းနှပ်၍ ဆီပြန်လျှင် ဖိုမှချပြီး ကြေအောင်နှဲ့ရ၏။ နှဲ့ရာတွင် ယောက်မနှစ်လက်ဖြင့် ပွတ်ချေရ၏။ ကြေသွားသော ကောက်ညှင်းတွင် မြေပဲရှစ်ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ သား၊ ဆားခုနစ်ကျပ်သားနှံ့အောင်ထည့်၍မွှေလျှင် ထမနဲ ဖြစ်၏။

မျက်မှောက်ခေတ်တွင် အများဆုံး ထမနဲထိုးနေကြသည်မှာ "ထမနဲထိုးရန်ဖို့ စာချိုးလို့မှာခဲ့မယ်။ တစ်စိတ်ဆန်သည်ကောက်ညှင်းကိုလ၊ တစ်ပိဿာဆီကို သွင်းတယ်။ ချင်းကသုံးဆယ်၊ အုန်းသီးက လည်းကောင်းနှယ်၊ နှမ်းရယ်က တစ်ခွက်ပဲ။ မြေပဲမှာအတူပါလို့၊ ဆန်ပေါ်မှာ ရေနစ်သစ်ကယ်နှင့် ဆားအချိန်တစ်ဆယ်ဖြစ်တယ်။ ထိုးစနစ်ထမနဲ"ဟု ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးက နည်းပေးမှတ်တမ်းပြုထားသည့်အတိုင်း ထိုးနေကြပြီး ထိုနည်းဖြင့် ထမနဲထိုးရာ၌ ပထမဒယ်အိုးတွင် ဆီသတ်ပါ။ ထို့နောက် ကောက်ညှင်းဆန်ထည့်ပြီး နီကျွတ်အောင်လှော်ပေးပါ။ ပြီးလျှင် ရေလက်နှစ်ဆစ်ထည့်၍ နှပ်ပါ။ ရေခန်းလျှင် မီးဖိုမှချပြီး ဆားထည့်၍ ကြေအောင်နယ်ရ၏။ ကြေသွားသော ကောက်ညှင်းတွင် ချင်း၊ အုန်းသီး၊ နှမ်း၊ မြေပဲတို့ထည့်၍ နယ်ပြီးမွှေပေးလျှင် ထမနဲဖြစ်တော့၏။ ယခုခေတ်ထိုးနည်းနှင့် ရှေးဟောင်းထိုးနည်းတို့ အနည်း ငယ်ကွဲပြား၏။ အရေးကြီးဆုံးမှာ ထမနဲကြေစေရန် နာနာမွှေ ပေးရခြင်းဖြစ်၏။ သို့ဖြစ်၍ ထမနဲထိုးကြရာတွင် အားကောင်း မောင်းသန်သော ယောက်ျားကြီးများက ခါးတောင်းကျိုက် ကာ ချွေးဒီးဒီးကျအောင် ထိုးကြရခြင်းဖြစ်၏။

မြန်မာဘုရင်တို့သည် တပို့တွဲလတွင် ထမနဲပွဲနှင့်အတူ ယာဂုပွဲကိုပါနန်းတော်တွင်း၌ ရာသီပွဲအဖြစ် စဉ်လာမပျက် ကျင်းပခဲ့ကြ၏။ သီပေါမင်းလက်ထက် ယာဂုပွဲတော်ကျင်းပပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ တွေ့ရ၏။ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် နန်းတော်၌သာမဟုတ် နေပြည်တော်တစ်ရပ်လုံးတွင် ကျင်းပပြုလုပ်ကြ၏။ ရွှေမြို့တော်လေးပြင် လေးရပ်လုံးရှိ အိမ်ရှိ လူကုန် တရုတ်၊ ကုလား လူမျိုးခြားမှစ၍ သူတော်သီလ စသည့် ဇော်ဂျီ၊ ကျွန်သီးတော်၊ တောင်ထန်းစဏ္ဍာစုသေး၊ စုနုပ်တို့ပါမကျန် လူဦးရေစာရင်းကို စုထိန်းစုအုပ်၊ အရပ်အုပ်၊ သွေးကြီး၊ သွေးခေတ်အကွက်ခေါင်းကြီးတို့ထံမှ တောင်းယူတော်မူ၏။

လူတစ်ကိုယ်လျှင် ဆန်တစ်စလယ်ကျစီနှင့်ဆီ၊ ဆား၊ နှမ်းစသည့် အစုံပေးတော်မူ၏။ အတွင်းတော်က ယာဂုကျိုသည်နှင့်တစ်ပြိုင်နက် အမြောက်သံကြား အခါပေးသည်။ နေပြည်တော်တစ်ဝန်းလုံးရှိ လူအားလုံးတို့သည် အသီးသီး ယာဂုချက်ကျိုလုပ်ကိုင်စားသောက်ကြရ၏။ ထိုအချိန်က ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီးကိရိယာအစုံအတွက်ဘုရင်မင်းမြတ်၏ ကုန်ကျငွေပေါင်းမှာ တစ်သောင်းကျော်သည်ဟူ၏။

မျက်မှောက်ခေတ်ကာလတွင် မိမိတို့အင်အားအလိုက် ထမနဲပွဲကို တပျော်တပါး ကျင်းပပြုလုပ်လျက်ရှိ၏။ တစ်ဦးတစ်ယောက်တည်း အမြောက်အမြား အကုန်အကျခံကာ ပြုလုပ်သော ပုဂ္ဂလိကထမနဲပွဲရှိသကဲ့သို့ လေးဦးဖြစ်စေ၊ ငါးဦးဖြစ်စေ၊ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် စုပေါင်းပြုလုပ်သော ထမနဲပွဲလည်းရှိ၏။

တချို့သော ထမနဲပွဲတို့မှာ စိတ်ဝင်စားစရာ၊ ပျော်ရွှင်စရာကောင်းအောင် ပြိုင်ပွဲအသွင် ဖန်တီးပြီး ထမနဲထိုးကြ



သည်မှာ ရှုချင်စဖွယ်ရာ အလွန်ကောင်း၏။ ထမနဲထိုးနေစဉ် လူကြီး လူငယ် လုလင်ပျိုတို့က လေ့ကျင့်ထားသော ဒိုးပတ်ဝိုင်းများဖြင့် အလှည့်ကျသီဆိုကြပြီး ကပြကြသည်မှာ ကြားရမြင်ရသူတိုင်း ပျော်မြူးဖွယ်ရာဖြစ်၏။

"ချမ်းချက်လွန်ကဲ တပို့တွဲဟု၊ မြူရုံရောင်ပ ပြည့်သည့်လဝယ်၊ ပွဲမအရုံ၊ လုံးစုံသံဃာ စည်းဝေးရာ၌၊ ကျမ်းပါတိမုတ်၊ ရွှေနှုတ်တော်ညွှန်း" ဟူ၍ ကိုးခန်းပျို့တွင် ရှင်မဟာရဋ္ဌသာရအရှင်မြတ်က တပို့တွဲလ၏ ထူးကဲသည့် လက္ခဏာတစ်ရပ်ဖြစ်သော ဩဝါဒပါတိမောက်ဟောကြားခြင်းကို ညွှန်းဆိုထား၏။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့ ညဦးယံအခါတွင် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ မြတ်ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလန်နှင့် အရိယာသံဃာတော်မြတ်တစ်ထောင်မှ ကူးပြောင်းလာသော ရဟန္တာမြတ်များ စုံလင်စွာ ခစားလျက်ရှိစဉ် ပထမဆုံးအချိန် ဩဝါဒပါတိမောက်ကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။

မြတ်ဘုရားရှင်တို့ ဓမ္မာသုံးဆယ်ရှိကြောင်းကို ကျမ်းဂန်များတွင် ရှေးဆရာတို့က ပြဆိုထားပါ၏။ ထိုဓမ္မာသုံးဆယ်တွင် ဓမ္မတာတစ်ရပ်မှာ ဘုရားရှင်သည် ဩဝါဒပါတိမောက်ကို အင်္ဂါလေးရပ်နှင့်ပြည့်စုံသော အစည်းအဝေး၌သာ ဟောကြားတော်မူလေ့ရှိခြင်းဖြစ်ပါ၏။

ထိုရက်ထိုအခါသည် တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ ဧဟိဘိက္ခုအရှင်မြတ်များဖြစ်ခြင်း၊ ဆဠဘိညသမ္ဘာဒရဟန္တာများဖြစ်ခြင်း၊ မည်သူမျှ ပင့်ဖိတ်သူမရှိ၊ အစုံအလင်ကြွရောက်စုဝေးမိခြင်းဟူသော လေးပါးသောအင်္ဂါရပ်များနှင့် ပြည့်စုံနေစေ၏။

မြတ်ဘုရားရှင်သည် ဝါတော် ၂၀ တိုင်အောင် သီးခြားသိက္ခာပုဒ်များကို ပညတ်တော်မမူပါ။ သာသနာ့သမိုင်းတွင် ဥဒါန်းတွင်မည့် "ခန္တီပရမံတပေါတိတိက္ခာ" စသည်တို့ဖြင့် ဆုံးမတော်မူခဲ့ခြင်းဖြစ်ပါ၏။ ဤဩဝါဒပါတိမောက်ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်တို့သည် အသက်ထက်ဆုံး သံဃာအား ပြသဆုံးမတော်မူခဲ့ကြ၏။

သက်တော်တို မြတ်စွာဘုရားများမှ ပထမဗောဓိဟူသော ဝါတော် ၂၀ အတွင်းမှာသာ ဟောကြားပြသဆုံးမတော်မူကြခြင်းဖြစ်ပါ၏။ ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တစ်ကြိမ် ဝေဿဘူမြတ်စွာဘုရားနှင့် ကောဏာဂုံမြတ်စွာဘုရားတို့သည် တစ်နှစ်တစ်ကြိမ်၊ ကဿပမြတ်စွာဘုရားသည် ခြောက်လတစ်ကြိမ် ပြသဆုံးမတော်မူပါ၏။

ဂေါတမမြတ်စွာဘုရားကဲ့သို့သော သက်တော်တိုသည့် မြတ်စွာဘုရားတို့သည် ၁၅ ရက်တစ်ကြိမ် လပြည့်လကွယ်နေ့တိုင်း ဟောကြားတော်မူပါ၏။ ဝါတော် ၂၀ အတွင်းမှာ ဩဝါဒပါတိမောက်ဖြင့် သံဃာတော်တို့အား ဆုံးမတော်မူပါ၏။

ဂေါတမမြတ်စွာဘုရားရှင်သည် ဝါတော် ၂၀ တွင် ပထမဗောဓိအတွင်း၌ ဩဝါဒပါတိမောက်ဖြင့် သံဃာတော်တို့အား ဆုံးမဩဝါဒပေးတော်မူခြင်းဖြစ်၏။

ဝါတော် ၂၀ နောက်ပိုင်း ဒုတိယဗောဓိသို့ ရောက်သောအခါ မြတ်ဘုရားရှင်သည် မည်သည့်ပါတိမောက်ကိုမျှ မဟောမပြတော့ဘဲ တပည့်သံဃာတော်တို့အား အာဏာပါတိမောက်ကိုသာ လခွဲတစ်ကြိမ် ပြသစေခဲ့ပါ၏။

မြတ်ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ကိုးလပြည့်သည့်အခါ ကာလဖြစ်တွင် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်၌ ပထမအကြိမ် သံဃာအစည်းအဝေးကြီးကို ကျင်းပခဲ့ခြင်းဖြစ်၏။ ထိုအခါ ကာလက ဝေပုလ္လတောင်၊ ဝေဘာရတောင်၊ ပဏ္ဍဝတောင်၊ ဣသိဂိလိတောင်၊ ဂိဇ္ဈကူဋတောင် စသောတောင်ကြီးငါးလုံးတို့၏ အလယ်ရှိ ရာဇဂြိုဟ်မြို့တော်တွင် ဘုရင်ဗိမ္ဗိသာရမင်းကြီးလည်း သောတာပန်အရိယာ ဖြစ်နေပေ၏။ ဗိမ္ဗိသာရမင်းကြီးသည် သံဃအစည်းအဝေးကြီးကို ကြည်နူးဝမ်းသာဖြစ်နေလေ၏။

ကိလေသာကင်းသန့်ရှင်းသော သံဃအစည်းအဝေးကြီးဖြင့် ဝေဠုဝန်သည် ကျက်သရေရှိနေလေ၏။ ဟိမဝန္တာမှ တိုက်ခတ်လာသော အေးတမြမြရှိသော ဆောင်းနှောင်း၏ မြောက်လေပြေသည်လည်း ဝေဠုဝန်သံဃ အစည်းအဝေးကြီးကို ကြိုဆိုနေသကဲ့သို့ ရှိ၏။ တောင်တန်းကြီးများနှင့် ဝါးတောကြီးများ၏ ခိုတောင်လိုလို၊ ညိုမှောင်နေသည့် သဘာဝပေါ်ဝယ်၊ မြူလည်းမဆိုင်း၊ မီးခိုးလည်း မဝိုင်း၊ ဆီးနှင်းလည်း မသိုင်းသည့်အတွက်၊ အသူရိန်နှင့် တိမ်ကင်းစင်သည့်၊ ပုဏ္ဏမီလစန်းအခါမှာ၊ ဆွတ်ဖျန်းလိုက်သော ရောင်ခြည်တို့သည်၊ ငွေရည်ဘော်ရည်များ၊ သွန်းဖျန်းထားသကဲ့သို့၊ ဖွေးဖွေးဖြူလျက်ရှိပါတော့၏။

ဝါးတော်ကြီး၏ စိမ်းစိမ်းစိုစို ညို့ညို့မှောင်မှောင် အရောင်များ၏အတွင်းမှာ သံဃာတော်အရှင်သူမြတ် တစ်ထောင့်နှစ်ရာငါးဆယ်တို့၏ သင်္ကန်းတော်တို့မှ ထွက်လာသောဝါဝင်းသော ရွှေရောင်ခြည်တို့က လွှမ်းမိုးလျက်ရှိနေပါတော့၏။

ထောင့်နှစ်ရာ့ငါးဆယ်သော သံဃာတော်အရှင်မြတ်များသည် မြတ်ဘုရားဆီသို့ ဦးညွှတ်၍ နားစိုက်တော်မူကြပါ၏။ မြတ်ဘုရားကိုယ်တော်မှ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် တောတောင်၊ ရေမြေ၊ နေလနက္ခတ်တာရာတို့ကို လွှမ်းမိုးကာ ရှိနေလေ၏။ ခြောက်မျိုးသော ရောင်ခြည်တော်များသည် စကြဝဠာအနှံ့ပြန့်ပွားသွားသကဲ့သို့ မြတ်ဘုရားရှင်ဟောမြွက်သည့် ဩဝါဒပါတိမောက်ဒေသနာကို အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံတော်ဖြင့် အကနိဋ္ဌ ဗြဟ္မာပြည်သို့တိုင်အောင် လှုံ၍ညံ၍ရှိကာ တရားတော်မြတ်အားဟောကြားတော်မူချေပြီ။

**သူတစ်ပါးကိုပြစ်မှားစော်ကားစွပ်စွဲခြင်းနှင့် အချမ်းအပူစသည်ကို မျက်နှာမနွမ်း၊ မညှိုးပန်းအောင် ခံနိုင်စွမ်းရှိခြင်းသည် မွန်မြတ်သောသူတော်ကောင်းတို့ အကျင့်ပေတည်း။ တဏှာမှ လွတ်မြောက်ရာ နိဗ္ဗာန်တရားကို အမြတ်ဆုံးဟူ၍ ဘုရားအဆူဆူတို့သည် ဟောတော်မူကုန်၏။ တစ်ပါးသော သတ္တဝါကို သတ်ဖြတ်လေ့ရှိသူသည် ကိလေသာခပ်သိမ်းကို ငြိမ်းအေးစေသော ရဟန်းမြတ်မဖြစ်နိုင်ပါပေ။**

**အပြစ်ရှိဌြား ခပ်သိမ်းသောမကောင်းမှုများကို မပြုမလုပ်ရခြင်း၊ အပြစ်ကင်းဌြား ကောင်းမှုများကို ပြည့်စုံအောင် စုဆောင်းရခြင်း၊ မိမိစိတ်ကိုအညစ်အကြေး သုတ်သင်သန့်ရှင်းအောင်ပြုပြင်ရခြင်း၊ မကောင်းမှုရှောင်၊ ကောင်းမှုသွင်း၍ စိတ်ရင်းစင်ရိုး၊ ဤသုံးမျိုးသည် အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမဩဝါဒပါပေ။**

**သူတစ်ပါးတို့ကို မစွပ်စွဲခြင်း၊ သူတစ်ပါးတို့ကို မညှဉ်းဆဲမနှိပ်စက်ရခြင်း၊ သံဝရသီလနှင့် ဣန္ဒြေသံဝရသီလနှစ်ပါး၌ ထိန်းသိမ်းစောင့်ရှောက်ရခြင်း၊ ဆွမ်းခဲဖွယ်ဘောဇဉ်၌ ခံယူမှု၊ သုံးဆောင်မှု၊ ဤနှစ်ခုဝယ် အတိုင်းအရှည်ကို သိရခြင်း၊ လူနှင့်ဝေးကွာ အစွန်အဖျားကျရာ၊ ဆိတ်ငြိမ်ရာကျောင်း၌၊ ကိန်းအောင်း မွေ့လျော်ရခြင်း၊ သာမန်ထက်လွန်ကဲသော သမာဓိစိတ်၌ အမြဲအားထုတ်ရခြင်းစသော အကျင့်တရားခြောက်ပါးသည် ဆူဆူထွတ်ထားမြတ်ဘုရားတို့၏ လိုရင်းနှုန်းပြထုံးအရဖြင့် သုံးကြပါစေဆုံးမတော်မူပါပေ၏။**

*စာမျက်နှာ ၂၁ မှ*

ရန်ကုန်မြို့မှာရှိတဲ့ အထူးစီးပွားရေးဇုန်အသစ်တည်ဆောက်ရေးလုပ်ငန်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ တရုတ်ကုမ္ပဏီက တက်တက်ကြွကြွပါဝင်ဖို့အတွက် ဆန္ဒရှိပါတယ်။ အနာဂတ်မှာ ရန်ကုန်မြို့မှာရှိတဲ့ အထူးစီးပွားရေးဇုန်အသစ်နဲ့ ကျောက်ဖြူစီးပွားရေးဇုန် အောင်မြင်စွာတည်ဆောက်လာပြီး တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်မှာဖြစ်တည်လာမယ့် စီးပွားရေးဇုန်အချင်းချင်း အထောက်အကူပြုနိုင်ပါတယ်။

တရုတ်-မြန်မာ နှစ်နိုင်ငံ စီးပွားရေးစကြံ့က ပိုမိုကောင်းမွန်တဲ့ အလားအလာရှိပါတယ်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးလာဖို့အတွက် ပထမဆုံးလယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံ ပြည်သူလူထုအများက ကျေးလက်ဒေသမှာ နေထိုင်နေပါတယ်။ ဒါက တရုတ်နိုင်ငံ ပြီးခဲ့တဲ့နှစ် ၄၀ တွင်းအချိန်က အခြေအနေနဲ့အတူတူပါပဲ။ အဲဒီတုန်းက တရုတ်နိုင်ငံက ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ဝါဒစတင်တဲ့အချိန်မှာ အဓိကလုပ်ငန်းက လယ်ယာစိုက်ပျိုးရေးဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက လယ်ယာကဏ္ဍကစတင်ခဲ့တာပါ။ လယ်ယာစိုက်ပျိုးရေးကတော့ စီးပွားရေးအတွက် အင်မတန်အရေးကြီးတဲ့ အခြေခံဖြစ်ပါတယ်။ တရုတ်-မြန်မာနှစ်နိုင်ငံ လယ်ယာကဏ္ဍစီးပွားရေး ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးကို အရှိန်အဟုန်နဲ့ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းက တော်တော်ကောင်းမွန်တဲ့ အလားအလာရှိပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုက မြန်မာနိုင်ငံ ပြည်သူလူထုဝင်ငွေကို အမြန်ဆုံးတိုးတက်စေနိုင်တဲ့ နည်းလမ်းတစ်ခုပါ။ နှစ်စဉ်နှစ်တိုင်းမှာ တရုတ်နိုင်ငံကပြည်ပကိုသွားရောက်နေတဲ့ ခရီးသည် လူဦးရေအများကြီးရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က လူဦးရေ သန်း ၁၀၀ ကျော် ပြည်ပကို သွားခဲ့ပါတယ်။ တရုတ်က အာဆီယံနိုင်ငံကို သွားရောက်နေတဲ့ ခရီးသည် စုစုပေါင်း သန်း ၄၀ကျော်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကို တရုတ်က ခရီးသည်တွေ ၁၀ သန်းလောက် သွားရောက်နေပါတယ်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံအဆောက်အအုံကဏ္ဍ၊ မူဝါဒဥပဒေကဏ္ဍများ အခက်အခဲရှိပါတယ်။ ဒါတွေကိုလည်း အမြန်ဆုံးဖြေရှင်းဖို့လိုပါတယ်။ ဒါကတော့ တရုတ်-မြန်မာနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အင်မတန် အရေးကြီးပါတယ်။ တရုတ်-မြန်မာနှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ဖို့အတွက် ယခုနှစ် ဖေဖော်ဝါရီလနဲ့ မတ်လအတွင်းမှာ တရုတ်-မြန်မာခရီးသွားလုပ်ငန်းဖိုရမ်ကျင်းပဖို့ရှိပါတယ်။

**မေး။ ။ သံအမတ်ကြီးအနေနဲ့မြန်မာနိုင်ငံမှာ လာရောက်တာဝန်ထမ်းဆောင်ရမယ့်သတင်းကို ကြားသိချိန်မှာ စိတ်ထဲမှာဘယ်လိုရှိခဲ့သလဲ၊ စိန်ခေါ်မှုတွေကိုကျော်လွှားဖို့ ဘယ်လိုများ စိတ်ကူးရှိလဲ။**

ဖြေ။ ။ ကျွန်တော်က အခုထိ မြန်မာနိုင်ငံမှာ လာရောက်တာဝန်ထမ်းဆောင်တာ ၁ နှစ်နဲ့ ၆ လရှိပါပြီ။ ကျွန်တော်က မြန်မာနိုင်ငံမှာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရမယ်လို့ ကြားကတည်းက အင်မတန်စိတ်လှုပ်ရှားခဲ့ပါတယ်။ မြန်မာနိုင်ငံက အသွင်ကူးပြောင်းနေပါတယ်။ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းအများကြီးရှိပါတယ်။ တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် အင်မတန်ကောင်းမွန်တဲ့ အချိန်ကာလဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအနေနဲ့ပူးပေါင်း ဆောင်ရွက်မှုများများကြီး လုပ်နိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။

နှစ်နိုင်ငံပြည်သူလူထု တူညီတဲ့အကျိုးစီးပွားကို ဖန်တီးဖို့အတွက် အခွင့်အလမ်းအများကြီးရှိပါတယ်။ တကယ်တမ်းပြောရရင် ကျွန်တော်က မြန်မာနိုင်ငံကိုသိပါတယ်။ ကျွန်တော်က အရင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်းများစွာအတွင်း တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးကိစ္စကို ကိုင်ထားပါတယ်။ ကျွန်တော့်မိသားစုက မြန်မာနိုင်ငံနဲ့ ထူးခြားတဲ့ရေစက်ရှိပါတယ်။ ကျွန်တော့်ရဲ့ယောက္ခမက နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပထမဦးဆုံး အာရှရေးရာအထူးသံတမန်ဖြစ်ပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်ကို တွန်းအားပေးခြင်းလုပ်ငန်းကို အဓိက တာဝန်ယူပါတယ်။

ဒီတစ်ခေါက် မြန်မာနိုင်ငံကို လာရောက်တာဝန်ထမ်းဆောင်တဲ့အခါ အမျိုးသမီးနဲ့ ကလေးငယ်အတူတကွပါ လာခဲ့ပါတယ်။ ကျွန်တော့်အမျိုးသမီးကတော့ သံရုံးမှာ အလုပ်လုပ်နေပါတယ်။ သားကတော့ ကျောင်းတက်နေပါတယ်။ ကျွန်တော်တို့ မိသားစုအားလုံးက မြန်မာနိုင်ငံနဲ့ ရေစက်ရှိပါတယ်။ ကျွန်တော့်သားက မြန်မာနိုင်ငံကို တော်တော်သဘောကျပါတယ်။ ဒါက ထူးခြားတဲ့ရေစက်ဖြစ်ပါတယ်။ ဒီရေစက်ရှိပြီး ကျွန်တော့်အနေနဲ့ နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ဖို့၊ နှစ်နိုင်ငံ ပြည်သူလူထုအကျိုးစီးပွား ဖန်တီးဖို့အတွက် စဉ်ဆက်မပြတ်ကြိုးစားဖို့ မျှော်လင့်ပါတယ်။

ကျွန်တော်တို့က မြန်မာဘက်ရဲ့ လိုအပ်ချက်အတိုင်း အစွမ်းကုန် ကူညီထောက်ပံ့ပေးမယ်၊ တရုတ်-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးကြီးဆုံးက ကျွန်တော် နှစ်နိုင်ငံ ပြည်သူလူထုကြားမှာ ရိုးရာချစ်ကြည်ရေး၊ ဆက်ဆံရေးစဉ်ဆက်မပြတ် တိုးမြှင့်ဖို့လိုပါတယ်။ မြန်မာနိုင်ငံ အစိုးရကပြည်သူလူထု အကျိုးစီးပွားဖန်တီးတဲ့ အစိုးရဖြစ်ပါတယ်။ တရုတ်နိုင်ငံက အစိုးရကလည်း ပြည်သူလူထု အကျိုးစီးပွားဖန်တီးတဲ့အစိုးရဖြစ်ပါတယ်။ နှစ်နိုင်ငံပြည်သူလူထုတွေ တူညီတဲ့ အကျိုးစီးပွားကို ပိုမိုကောင်းမွန်စွာ၊ ပိုမိုများပြားစွာ ဖန်တီးဖို့အတွက် ကျွန်တော်တို့ တာဝန်ရှိပါတယ်။ နှစ်နိုင်ငံ ပြည်သူလူထု အချင်းချင်းချစ်ကြည်ပြီး စိတ်ရင်းစေတနာကို ပေါင်းစပ်ပြီး ပိုမိုတိုးမြှင့်ဖို့လိုပါတယ်။ ဒါကတော့ကျွန်တော်တို့ရဲ့ အခြေခံပဲဖြစ်ပါတယ်။ အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အင်မတန်လိုအပ်ပါတယ်။ ဒီကဏ္ဍမှာ လုပ်စရာအများကြီးရှိပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှုကတော့ နှစ်နိုင်ငံပြည်သူလူထုကို ပိုမိုများပြားတဲ့ အကျိုးစီးပွားဖန်တီးဖို့လိုပါတယ်။

ယခုလို အချိန်ပေးဖြေကြားပေးတဲ့အတွက် သံအမတ်ကြီးကို ကျေးဇူးတင်ပါတယ်။

C B BANK

" CB Bank မှ ဆွတ်ခူးရရှိသော ဆု(၂)ဆုအတွက်
Customer များ ဂုဏ်ယူဝမ်းမြောက်နိုင်ပါကြောင်း "

Best Digital Bank, Myanmar, 2016

Best Mobile Banking Application, Myanmar, 2016




ငွေသားကို အဓိကထားသုံးစွဲသည့် နိုင်ငံများတွင်ပါဝင်သော မြန်မာနိုင်ငံတွင် နည်းပညာကိုအခြေခံသည့် Digital စနစ်ဖြင့်ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ဦးဆောင်ဘဏ်တစ်ခုအနေဖြင့်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ Customer များ၏ လိုအပ်ချက်များအရ ဘဏ်သို့လာရောက်ရန် မလိုအပ်ဘဲ EASi Mobile Your Nearest Bank Agent Banking ဝန်ဆောင်မှုနှင့် EASi Mobile Your Nearest Bank Banking Application ဝန်ဆောင်မှု မှတဆင့် အခြားသောဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ၊ ငွေပေးချေမှုလုပ်ငန်းများကို အချိန်တိုအတွင်း လုံခြုံစိတ်ချပြီး ကုန်ကျစရိတ်သက်သာစွာဖြင့် မြန်မာနိုင်ငံရှိ
မိဘပြည်သူ
ညီအစ်ကို
မောင်နှမများ
လွယ်ကူလျင်မြန်စွာ
သုံးစွဲနိုင်စေရန်အတွက်
ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့်
World Finance မှ ပေးအပ်ချီးမြှင့်သော

" Best Digital Bank Myanmar 2016 " ဆုနှင့် " Best Mobile Banking Application Myanmar 2016 "ဆု(၂)ဆုကို CB Bank မှ တပြိုင်နက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပါသဖြင့် CB Bank ၏ Customer များဂုဏ်ယူဝမ်းမြောက် နိုင်ပါကြောင်းနှင့် နောင်တွင်လည်း CB Bank မှ ကောင်းမွန်သောဝန်ဆောင်မှုများကို ဆက်လက်အကောင်ထည်ဖော် ဆောင်ရွက်ပေးမည် ဖြစ်ပါသဖြင့် Customer များမှ ယုံကြည်စိတ်ချစွာဖြင့် ရေရှည်လက်တွဲဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

CB Bank မိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးအဝေးသင်တက္ကသိုလ်
# (၁၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

မန္တလေးအဝေးသင်တက္ကသိုလ်၏ ၂၀၁၅ ပညာသင်နှစ် ၂၀၁၅ ခုနှစ် အောက်တိုဘာ/ နိုဝင်ဘာလများတွင် ကျင်းပခဲ့ပြီးသော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စာမေးပွဲများကိုအောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် လျှောက်ထားပြီးသော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံ(အမျိုးသား)အနက်မှ မိမိကြိုက်နှစ်သက်ရာဝတ်စုံ အပြည့်အစုံဝတ်ဆင်၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း တက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

### (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်

အစမ်းလေ့ကျင့်ရက်

၁။ (၄-၃-၂၀၁၇)နေ့ (ပထမနေ့) နံနက် (၉း၀၀)နာရီ (၃-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၂ မှ ၁၀၅ ထိ<br>(အားလုံး) | တောင်ကြီး<br>ပင်လုံ၊ ကျိုင်းတုံ |
| | | ဒဿနိကဗေဒအထူးပြု | ၁ မှ ၅၅ ထိ<br>၁ မှ ၅၈ ထိ<br>(အားလုံး) | ရတနာပုံ<br>ကျောက်ဆည်<br>ရွှေဘို၊ ပခုက္ကူ |
| (ခ) | သိပ္ပံဘွဲ့ | ဓာတုဗေဒ | (အားလုံး) | တောင်ကြီး၊မကွေး၊လွိုင်ကော်၊ ရွှေဘို |
| (ဂ) | ဝိဇ္ဇာဘွဲ့ | စိတ်ပညာအထူးပြု | ၁ မှ ၄၈ ထိ<br>၁ မှ ၂၂ ထိ<br>၁ မှ ၃၇ ထိ<br>(အားလုံး) | မြစ်ကြီးနား<br>မုံရွာ<br>ရတနာပုံ<br>ကျောက်ဆည်၊ ကျိုင်းတုံ |
| | | အရှေ့တိုင်းပညာအထူးပြု | (အားလုံး) | ဌာနခွဲအားလုံး |

အစမ်းလေ့ကျင့်ရက်

၂။ (၄-၃-၂၀၁၇)နေ့ (ပထမနေ့) မွန်းလွဲ (၂း၀၀)နာရီ (၃-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁၀၆ မှ ၁၇၅ ထိ<br>၂ မှ ၆၅ ထိ | တောင်ကြီး<br>ကလေး |
| | | ပထဝီဝင်အထူးပြု | ၁ မှ ၆၁ ထိ<br>၁ မှ ၈၄ ထိ | ရတနာပုံ<br>မကွေး |
| (ခ) | သိပ္ပံဘွဲ့ | ဓာတုဗေဒ | ၁ မှ ၃၅ ထိ<br>(အားလုံး) | ရတနာပုံ<br>မုံရွာ ကျောက်ဆည် ပခုက္ကူ |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြု | ၅၆ မှ ၁၁၂ ထိ<br>၆၀ မှ ၁၀၉ ထိ<br>၁ မှ ၁၈ထိ<br>(အားလုံး) | ရတနာပုံ<br>ကျောက်ဆည်<br>ကလေး<br>လွိုင်ကော် |
| | | စိတ်ပညာအထူးပြု | ၃၈ မှ ၇၁ ထိ<br>၂၃ မှ ၄၇ ထိ<br>၄၉ မှ ၉၄ ထိ<br>(အားလုံး) | ရတနာပုံ<br>မုံရွာ<br>မြစ်ကြီးနား<br>လွိုင်ကော်၊ ဖန်းမော် |

အစမ်းလေ့ကျင့်ရက်

၃။(၅-၃-၂၀၁၇)နေ့ (ဒုတိယနေ့) နံနက် (၉း၀၀)နာရီ (၃-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁၇၆ မှ ၂၄၂ ထိ<br>၆၆ မှ ၁၄၀ ထိ | တောင်ကြီး<br>ကလေး |
| | | ပထဝီဝင်အထူးပြု | ၆၂ မှ ၁၁၆ ထိ<br>၈၅မှ ၁၇၂ ထိ | ရတနာပုံ<br>မကွေး |
| (ခ) | သိပ္ပံဘွဲ့ | ဓာတုဗေဒ | ၃၉ မှ ၉၁ထိ<br>(အားလုံး) | ရတနာပုံ<br>မိတ္ထီလာ၊ ကလေး |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြု | ၁၁၃ မှ ၁၇၀ ထိ<br>၁ မှ ၅၂ ထိ<br>၁၉ မှ ၃၃ ထိ<br>(အားလုံး) | ရတနာပုံ<br>မြစ်ကြီးနား<br>ကလေး<br>ကျိုင်းတုံ |
| | | စိတ်ပညာအထူးပြု | (အားလုံး)<br><br>၉၅ မှ ၁၄၃ ထိ<br>၇၂ မှ ၁၀၇ ထိ | တောင်ကြီး၊ မကွေး မိတ္ထီလာ၊<br>ကလေး<br>မြစ်ကြီးနား<br>ရတနာပုံ |

အစမ်းလေ့ကျင့်ရက်

၄။ (၅-၃-၂၀၁၇)နေ့ (ဒုတိယနေ့) မွန်းလွဲ (၂း၀၀)နာရီ (၃-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၂၄၃ မှ ၂၈၂ ထိ<br>၂ မှ ၈၅ ထိ<br>၁ မှ ၄၃ ထိ | တောင်ကြီး<br>မကွေး<br>မိတ္ထီလာ |
| | | ပထဝီဝင်အထူးပြု | ၁၁၇ မှ ၁၆၇ ထိ<br>၁၇၃မှ ၂၄၉ ထိ | ရတနာပုံ<br>မကွေး |
| (ခ) | သိပ္ပံဘွဲ့ | ဓာတုဗေဒ | (အားလုံး) | ဖန်းမော်၊ ရေနံချောင်း၊ မြင်းခြံ၊<br>မိုးညှင်း |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြု | ၁၇၁ မှ ၂၂၇ ထိ<br>၅၃ မှ ၁၀၁ထိ<br>(အားလုံး) | ရတနာပုံ<br>မြစ်ကြီးနား<br>ဖန်းမော် |
| (ဃ) | သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြု | (အားလုံး) | တောင်ကြီး၊ မုံရွာ၊ ဖန်းမော် |
| (င) | ဝိဇ္ဇာဘွဲ့ | စိတ်ပညာအထူးပြု | ၁၄၅ မှ ၁၉၃ ထိ<br>၁၀၉ မှ ၁၅၂ ထိ<br>(အားလုံး) | မြစ်ကြီးနား<br>ရတနာပုံ<br>လားရှိုး |

အစမ်းလေ့ကျင့်ရက်

၅။ (၆-၃-၂၀၁၇)နေ့ (တတိယနေ့) နံနက် (၉း၀၀)နာရီ (၃-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၂၈၃ မှ ၃၂၂ထိ<br>၈၆ မှ ၁၇၁ ထိ<br>၄၄ မှ ၁၀၀ ထိ | တောင်ကြီး<br>မကွေး<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၁ မှ ၅၉ ထိ<br>၁ မှ ၇၆ ထိ | မြစ်ကြီးနား<br>ပခုက္ကူ |
| (ခ) | သိပ္ပံဘွဲ့ | ဓာတုဗေဒ | (အားလုံး) | မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၁၆၈ မှ ၂၂၂ထိ<br>၂၅၂ မှ ၃၅၉ ထိ | ရတနာပုံ<br>မကွေး |
| (ဃ) | သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြု | (အားလုံး) | မြစ်ကြီးနား၊ပခုက္ကူ၊<br>ကျောက်ဆည်၊ ကလေး<br>ကျိုင်းတုံ |
| (င) | ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြု | (အားလုံး)<br>၁၀၂ မှ ၁၅၈<br>(အားလုံး) | တောင်ကြီး<br>မြစ်ကြီးနား<br>မိတ္ထီလာ၊ ပင်လုံ |

အစမ်းလေ့ကျင့်ရက်

၆။ (၆-၃-၂၀၁၇)နေ့(တတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ (၃-၃-၂၀၁၇)နံနက် ၁၀း၀၀နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁ မှ ၅၄ ထိ<br>၁၇၂ မှ ၂၈၇ ထိ<br>၁၀၁ မှ ၁၄၈ ထိ | မြစ်ကြီးနား<br>မကွေး<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၆၀ မှ ၁၁၉ ထိ<br>၇၇ မှ ၁၄၁ ထိ | မြစ်ကြီးနား<br>ပခုက္ကူ |
| (ခ) | သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြု | ၁ မှ ၄၁ထိ<br>(အားလုံး) | ရတနာပုံ<br>မကွေး၊ လွိုင်ကော် |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၂၂၃ မှ ၂၇၆ ထိ<br>၃၆၀ မှ ၄၇၁ ထိ | ရတနာပုံ<br>မကွေး |
| | | ဒဿနိကဗေဒအထူးပြု | ၁၅၉ မှ ၂၁၅ ထိ<br>၁ မှ ၂၆ ထိ<br>၁ မှ ၄၈ ထိ | မြစ်ကြီးနား<br>မုံရွာ<br>လားရှိုး |

အစမ်းလေ့ကျင့်ရက်

၇။ (၉-၃-၂၀၁၇)နေ့(ပထမနေ့)နံနက်(၉း၀၀)နာရီ (၈-၃-၂၀၁၇)နံနက် ၁၀း၀၀နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၅၅ မှ ၁၁၁ ထိ<br>၁ မှ ၄၅ ထိ<br>၁၄၉ မှ ၁၉၃ ထိ | မြစ်ကြီးနား<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၁၂၀ မှ ၁၈၂ ထိ<br>၁၄၂ မှ ၂၀၂ ထိ | မြစ်ကြီးနား<br>ပခုက္ကူ |
| (ခ) | သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြု | ၄၃ မှ ၉၅ ထိ<br>(အားလုံး) | ရတနာပုံ<br>ရွှေဘို၊ မြင်းခြံ |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၂၇၈ မှ ၃၄၂ ထိ<br>၄၇၂ မှ ၆၀၃ ထိ | ရတနာပုံ<br>မကွေး |
| | | ဒဿနိကဗေဒအထူးပြု | ၂၁၆ မှ ၂၇၃ ထိ<br>၂၇ မှ ၅၂ ထိ<br>၄၉ မှ ၉၇ ထိ | မြစ်ကြီးနား<br>မုံရွာ<br>လားရှိုး |

အစမ်းလေ့ကျင့်ရက်

၈။(၉-၃-၂၀၁၇)နေ့(ပထမနေ့)မွန်းလွဲ(၂း၀၀)နာရီ (၈-၃-၂၀၁၇)နံနက် ၁၀း၀၀နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁၁၃ မှ ၁၆၉ ထိ<br>၄၆ မှ ၉၇ ထိ<br>၁၉၄ မှ ၂၃၇ ထိ | မြစ်ကြီးနား<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၁၈၃ မှ ၂၄၅ ထိ<br>၂၀၄ မှ ၂၈၆ထိ | မြစ်ကြီးနား<br>ပခုက္ကူ |
| (ခ) | သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြု | (အားလုံး) | မိတ္ထီလာ၊ လားရှိုး၊ ရေနံချောင်း၊<br>မိုးညှင်း |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၃၄၅ မှ ၄၁၅ ထိ<br>၆၁၀ မှ ၆၉၅ ထိ | ရတနာပုံ<br>မကွေး |
| | | ဒဿနိကဗေဒအထူးပြု | ၂၇၄ မှ ၃၃၀ ထိ<br>(အားလုံး)<br>၉၈ မှ ၁၅၂ ထိ | မြစ်ကြီးနား<br>မကွေး<br>လားရှိုး |

အစမ်းလေ့ကျင့်ရက်

၉။ (၁၀-၃-၂၀၁၇)နေ့(ဒုတိယနေ့)နံနက် (၉း၀၀)နာရီ (၈-၃-၂၀၁၇)နံနက် ၁၀း၀၀နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁ မှ ၅၁ ထိ<br>၉၉ မှ ၁၄၄ ထိ<br>၂၃၈ မှ ၂၈၂ ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၂၄၆ မှ ၃၂၃ ထိ<br>၂၈၈ မှ ၃၇၆ထိ | မြစ်ကြီးနား<br>ပခုက္ကူ |
| (ခ) | သိပ္ပံဘွဲ့ | သင်္ချာအထူးပြု | ၁မှ ၃၀ ထိ<br>(အားလုံး) | မုံရွာ<br>မြစ်ကြီးနား၊ ဖန်းမော်၊ ကလေး |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၁ မှ ၆၂ ထိ<br>၇၀၀ မှ ၇၉၅ ထိ | တောင်ကြီး<br>မကွေး |
| | | သမိုင်းအထူးပြု | ၁ မှ ၄၉ ထိ<br>၁မှ ၅၂ ထိ | ရတနာပုံ<br>မုံရွာ |

အစမ်းလေ့ကျင့်ရက်

၁၀။ (၁၀-၃-၂၀၁၇)ရက်(ဒုတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ (၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၅၂ မှ ၁၀၃ ထိ<br>၁၄၅ မှ ၁၉၇ ထိ<br>၂၈၃ မှ ၃၂၈ ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၃၂၄ မှ ၄၀၄ ထိ<br>၃၇၇ မှ ၄၇၄ ထိ | မြစ်ကြီးနား<br>ပခုက္ကူ |
| (ခ) | သိပ္ပံဘွဲ့ | သင်္ချာအထူးပြု | ၃၁မှ ၆၁ ထိ<br>(အားလုံး) | မုံရွာ<br>မိုးညှင်း၊ မြင်းခြံ |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၆၃ မှ ၁၂၃ ထိ<br>၇၉၇ မှ ၈၈၄ ထိ | တောင်ကြီး<br>မကွေး |
| | | သမိုင်းအထူးပြု | ၅၀ မှ ၉၉ ထိ<br>၅၃မှ ၉၉ ထိ | ရတနာပုံ<br>မုံရွာ |

အစမ်းလေ့ကျင့်ရက်

၁၁။ (၁၁-၃-၂၀၁၇)ရက်(တတိယနေ့)နံနက် (၉း၀၀)နာရီ (၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁၀၄ မှ ၁၄၉ ထိ<br>၁၉၈ မှ ၂၄၅ ထိ<br>၃၂၉ မှ ၃၇၅ ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၄၀၅ မှ ၄၇၉ ထိ<br>၁ မှ ၅၁ ထိ | မြစ်ကြီးနား<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | သင်္ချာအထူးပြု | ၁မှ ၇၅ ထိ<br>၆၂မှ ၉၂ ထိ<br>(အားလုံး) | တောင်ကြီး<br>မုံရွာ<br>ကျိုင်းတုံ |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၁၂၄မှ ၁၈၆ ထိ<br>၈၈၆ မှ ၉၉၇ ထိ | တောင်ကြီး<br>မကွေး |
| | | သမိုင်းအထူးပြု | ၁၀၀ မှ ၁၅၃ ထိ<br>၁၀၁မှ ၁၆၀ ထိ | ရတနာပုံ<br>မုံရွာ |

အစမ်းလေ့ကျင့်ရက်

၁၂။ (၁၁-၃-၂၀၁၇)ရက်(တတိယနေ့)မွန်းလွဲ ၂း၀၀နာရီ ၈-၃-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁၅၀မှ၁၉၈ထိ<br>၂၄၆မှ ၂၈၉ထိ<br>၃၇၆မှ ၄၁၉ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၄၈၁မှ၅၀၄ထိ<br>၁မှ၄၄ထိ<br>၅၂မှ၉၈ထိ | မြစ်ကြီးနား<br>ရတနာပုံ<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | သင်္ချာအထူးပြု | ၇၆မှ ၁၄၁ထိ<br>(အားလုံး)<br>၁မှ ၃၃ထိ | တောင်ကြီး<br>ပခုက္ကူ<br>လားရှိုး |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၁၈၇မှ ၂၄၅ထိ<br>၉၉၈မှ ၁၁၁၅ထိ | တောင်ကြီး<br>မကွေး |
| | | သမိုင်းအထူးပြု | ၁၅၄မှ ၂၀၇ထိ<br>၁၆၂မှ ၂၁၈ထိ | ရတနာပုံ<br>မုံရွာ |

အစမ်းလေ့ကျင့်ရက်

၁၃။ (၁၄-၃-၂၀၁၇)ရက်(ပထမနေ့)နံနက် ၉း၀၀နာရီ ၁၃-၃-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁၉၉မှ၂၅၃ထိ<br>၂၉၀မှ ၃၄၁ထိ<br>၄၂၀မှ ၄၇၀ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၄၅မှ၁၀၁ထိ<br>၉၉မှ၁၅၃ထိ | ရတနာပုံ<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | သင်္ချာအထူးပြု | ၂မှ၄၇ထိ<br>၃၅မှ၆၇ထိ<br>၁မှ၂၁ထိ<br>(အားလုံး) | မကွေး<br>လားရှိုး<br>ကျောက်ဆည်<br>လွိုင်ကော် |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၂၄၇မှ၃၀၈ထိ<br>၁၁၁၆မှ ၁၂၃၇ထိ | တောင်ကြီး<br>မကွေး |
| | | သမိုင်းအထူးပြု | ၂၀၉မှ ၂၆၆ထိ<br>၂၁၉မှ၂၆၄ထိ | ရတနာပုံ<br>မုံရွာ |

အစမ်းလေ့ကျင့်ရက်

၁၄။ (၁၄-၃-၂၀၁၇)ရက်(ပထမနေ့) မွန်းလွဲ ၂း၀၀နာရီ ၁၃-၃-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၂၅၄မှ၃၀၄ထိ<br>၃၄၂မှ၃၉၁ထိ<br>၄၇၁မှ ၅၁၄ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၁၁၂မှ၁၇၉ထိ<br>၁၅၄မှ၂၀၁ထိ | ရတနာပုံ<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | သင်္ချာအထူးပြု | ၄၉မှ၁၀၉ထိ<br>၂၂မှ၆၁ထိ<br>၁မှ၃၄ထိ | မကွေး<br>ကျောက်ဆည်<br>မိတ္ထီလာ |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၃၀၉မှ၃၃၇ထိ<br>၁၂၄၀မှ၁၃၃၁ထိ<br>၁မှ၃၂ထိ | တောင်ကြီး<br>မကွေး<br>ရွှေဘို |
| | | သမိုင်းအထူးပြု | ၂၆၇မှ ၃၂၂ထိ<br>၂၆၅မှ၃၁၅ထိ | ရတနာပုံ<br>မုံရွာ |

အစမ်းလေ့ကျင့်ရက်

၁၅။ (၁၅-၃-၂၀၁၇)ရက်(ဒုတိယနေ့) နံနက် ၉း၀၀နာရီ ၁၃-၃-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၃၀၅မှ၃၅၅ထိ<br>၃၉၂မှ၄၄၂ထိ<br>၅၁၅မှ၅၆၁ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၁၈၀မှ၂၄၈ထိ<br>၂၀၂မှ၂၅၃ထိ | ရတနာပုံ<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | သင်္ချာအထူးပြု | ၃၅မှ၉၅ထိ<br>၁မှ၄၃ထိ<br>(အားလုံး) | မိတ္ထီလာ<br>ရွှေဘို<br>ရေနံချောင်း |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၃၄မှ၉၁ထိ<br>၁၃၃၃မှ၁၄၇၃ထိ | ရွှေဘို<br>မကွေး |
| | | သမိုင်းအထူးပြု | ၃၂၃မှ ၃၇၈ထိ<br>၃၁၇မှ၃၆၅ထိ | ရတနာပုံ<br>မုံရွာ |

အစမ်းလေ့ကျင့်ရက်

၁၆။ (၁၅-၃-၂၀၁၇)ရက်(ဒုတိယနေ့) မွန်းလွဲ ၂း၀၀နာရီ ၁၃-၃-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၃၅၆မှ၄၀၄ထိ<br>၄၄၃မှ၄၈၈ထိ<br>၅၆၂မှ၆၀၇ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၂၄၉မှ၃၁၄ထိ<br>၂၅၄မှ၃၀၀ထိ | ရတနာပုံ<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | သင်္ချာအထူးပြု | ၁မှ၇၆ထိ<br>၄၅မှ၈၇ထိ | ရတနာပုံ<br>ရွှေဘို |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၁၄၇၄မှ၁၅၈၇ထိ<br>၉၂မှ၁၅၀ထိ | မကွေး<br>ရွှေဘို |
| | | သမိုင်းအထူးပြု | ၃၇၉မှ ၄၃၆ထိ<br>၃၆၆မှ၄၂၀ထိ | ရတနာပုံ<br>မုံရွာ |

အစမ်းလေ့ကျင့်ရက်

၁၇။(၁၆-၃-၂၀၁၇)ရက်(တတိယနေ့) နံနက် ၉း၀၀နာရီ ၁၃-၃-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၄၀၅မှ၄၅၄ထိ<br>၄၈၉မှ၅၃၃ထိ<br>၆၀၈မှ၆၅၃ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၃၁၆မှ၃၈၃ထိ<br>၃၀၁မှ၃၅၁ထိ | ရတနာပုံ<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | သင်္ချာအထူးပြု | ၇၇မှ၁၄၁ထိ | ရတနာပုံ |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၁၅၈၈မှ၁၆၇၁ထိ<br>၁၅၁မှ၂၀၉ထိ | မကွေး<br>ရွှေဘို |
| (ဃ) | သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြု | (အားလုံး) | တောင်ကြီး၊ မုံရွာ၊မြစ်ကြီးနား၊<br>လွိုင်ကော်<br>လားရှိုး၊ကလေး |
| (င) | ဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြု | ၁မှ၄၆ထိ<br>၄၂၂မှ၄၈၃ထိ | မိုးညှင်း<br>မုံရွာ |

အစမ်းလေ့ကျင့်ရက်

၁၈။ (၁၆-၃-၂၀၁၇)နေ့ (တတိယနေ့) မွန်းလွဲ (၂း၀၀)နာရီ (၁၃-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၄၅၆ မှ ၅၁၁ ထိ<br>၅၃၄ မှ ၅၉၀ ထိ<br>၆၅၄ မှ ၆၉၈ ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၃၈၅မှ ၄၅၉ ထိ<br>၃၅၂ မှ ၄၁၂ ထိ | ရတနာပုံ<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | သင်္ချာအထူးပြု | ၁၄၃ မှ ၂၂၈ ထိ | ရတနာပုံ |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၁ မှ ၁၅၂ ထိ<br>၂၁၀ မှ ၂၆၅ ထိ | ပခုက္ကူ<br>ရွှေဘို |
| (ဃ) | သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြု | (အားလုံး) | မကွေး၊ကျောက်ဆည်၊ကျိုင်းတုံ၊<br>ရေနံချောင်း<br>မြင်းခြံ၊ မိုးညှင်း |
| (င) | ဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြု | ၄၇ မှ ၉၄ ထိ<br>၄၈၄ မှ ၅၄၂ ထိ | မိုးညှင်း<br>မုံရွာ |

အစမ်းလေ့ကျင့်ရက်

၁၉။ (၁၉-၃-၂၀၁၇)နေ့ (ပထမနေ့) နံနက် (၉း၀၀)နာရီ (၁၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၅၁၂ မှ ၅၆၁ ထိ<br>၅၉၃ မှ ၆၄၁ ထိ<br>၆၉၉ မှ ၇၅၀ ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၄၆၀ မှ ၅၂၇ ထိ<br>၄၁၃ မှ ၄၆၉ ထိ | ရတနာပုံ<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြု | (အားလုံး) | ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊<br>ရွှေဘို |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၁၅၅ မှ ၂၈၁ ထိ<br>၂၆၆ မှ ၃၂၂ ထိ | ပခုက္ကူ<br>ရွှေဘို |
| (ဃ) | သိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြု | (အားလုံး) | တောင်ကြီး၊ မကွေး၊ ဖန်းမော်၊<br>ရွှေဘို |
| (င) | ဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြု | ၉၅ မှ ၁၅၂ ထိ<br>၁ မှ ၅၂ ထိ | မိုးညှင်း<br>ရေနံချောင်း |

အစမ်းလေ့ကျင့်ရက်

၂၀။ (၁၉-၃-၂၀၁၇)နေ့ (ပထမနေ့) မွန်းလွဲ (၂း၀၀)နာရီ (၁၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၅၆၃ မှ ၆၂၀ ထိ<br>၆၄၂ မှ ၆၉၂ ထိ<br>၇၅၁ မှ ၇၉၈ ထိ | ရတနာပုံ<br>မုံရွာ<br>မိတ္ထီလာ |
| | | အင်္ဂလိပ်စာအထူးပြု | ၅၂၈ မှ ၅၉၄ ထိ<br>၄၇၀ မှ ၅၂၃ ထိ | ရတနာပုံ<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြု | (အားလုံး)<br>၁ မှ ၁၉ ထိ<br>(အားလုံး) | မြစ်ကြီးနား၊ မုံရွာ<br>ရတနာပုံ<br>မိတ္ထီလာ၊ ကလေး၊ ရေနံချောင်း |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၂ မှ ၆၄ ထိ<br>၂၈၃ မှ ၄၁၈ ထိ | ကျောက်ဆည်<br>ပခုက္ကူ |
| | | စီးပွားရေးပညာအထူးပြု | ၁ မှ ၃၈ ထိ<br>(အားလုံး) | တောင်ကြီး<br>ပင်လုံ |
| | | သမိုင်းအထူးပြု | ၁၅၃မှ ၂၀၇ ထိ<br>၅၃ မှ ၁၁၀ ထိ | မိုးညှင်း<br>ရေနံချောင်း |

စာမျက်နှာ ၂၅ သို့

စာမျက်နှာ ၂၄ မှ

အစမ်းလေ့ကျင့်ရက်
၂၁။ (၂၀-၃-၂၀၁၇)နေ့ (ဒုတိယနေ့) နံနက် (၉း၀၀)နာရီ (၁၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၆၂၁ မှ ၆၇၈ ထိ<br>၆၉၃ မှ ၇၄၁ ထိ<br>၁ မှ ၄၉ ထိ | ရတနာပုံ<br>မုံရွာ<br>ရွှေဘို |
| | | အင်္ဂလိပ်စာအထူးပြု | ၅၉၅ မှ ၆၆၄ ထိ<br>၅၂၄ မှ ၅၈၄ ထိ | ရတနာပုံ<br>မုံရွာ |
| (ခ) | သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြု | ၂၁ မှ ၄၅ ထိ<br>(အားလုံး) | ရတနာပုံ<br>ပခုက္ကူ၊ ကျောက်ဆည်၊<br>လှိုင်ကော်၊လားရှိုး၊<br>ကျိုင်းတုံ၊ မြင်းခြံ၊ မိုးညှင်း |
| (ဂ) | ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြု | ၄၁၉ မှ ၅၃၇ ထိ<br>၆၅ မှ ၁၂၅ ထိ | ပခုက္ကူ<br>ကျောက်ဆည် |
| | | စီးပွားရေးပညာအထူးပြု | ၃၉ မှ ၉၄ ထိ | တောင်ကြီး |
| | | သမိုင်းအထူးပြု | ၁ မှ ၄၈ ထိ<br>၁၁၁ မှ ၁၇၀ ထိ | ရွှေဘို<br>ရေနံချောင်း |

အစမ်းလေ့ကျင့်ရက်
၂၂။ (၂၀-၃-၂၀၁၇)နေ့ (ဒုတိယနေ့) မွန်းလွဲ (၂း၀၀)နာရီ (၁၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၆၈၀ မှ ၇၃၂ ထိ<br>၇၄၂ မှ ၇၉၆ ထိ<br>၅၀ မှ ၁၀၂ ထိ | ရတနာပုံ<br>မုံရွာ<br>ရွှေဘို |
| | | အင်္ဂလိပ်စာအထူးပြု | ၆၆၅ မှ ၇၃၂ ထိ<br>၃ မှ ၈၂ ထိ | ရတနာပုံ<br>မကွေး |
| | | စီးပွားရေးပညာအထူးပြု | ၉၅ မှ ၁၃၀ ထိ<br>၁ မှ ၆၄ ထိ<br>၂ မှ ၂၅ ထိ | တောင်ကြီး<br>မကွေး<br>ဖန်းမော် |
| | | ပထဝီဝင်အထူးပြု | ၅၃၈ မှ ၆၅၁ ထိ<br>၁၂၆ မှ ၁၈၇ ထိ | ပခုက္ကူ<br>ကျောက်ဆည် |
| | | သမိုင်းအထူးပြု | ၄၉ မှ ၉၆ ထိ<br>၁၇၁ မှ ၂၃၇ ထိ | ရွှေဘို<br>ရေနံချောင်း |

အစမ်းလေ့ကျင့်ရက်
၂၃။ (၂၁-၃-၂၀၁၇)နေ့ (တတိယနေ့) နံနက် (၉း၀၀)နာရီ (၁၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁၀၃ မှ ၁၇၂ ထိ<br>၇၉၈ မှ ၈၇၆ ထိ | ရွှေဘို<br>မုံရွာ |
| | | အင်္ဂလိပ်စာအထူးပြု | ၇၃၃ မှ ၈၀၆ ထိ<br>၈၃ မှ ၁၇၂ ထိ | ရတနာပုံ<br>မကွေး |
| | | စီးပွားရေးပညာအထူးပြု | ၁၃၁ မှ ၁၇၄ ထိ<br>၆၅ မှ ၁၁၉ ထိ<br>၂၆ မှ ၅၃ ထိ | တောင်ကြီး<br>မကွေး<br>ဖန်းမော် |
| | | ပထဝီဝင်အထူးပြု | ၆၅၂ မှ ၇၅၉ ထိ<br>၁၈၈ မှ ၂၅၀ ထိ | ပခုက္ကူ<br>ကျောက်ဆည် |
| | | သမိုင်းအထူးပြု | ၉၇ မှ ၁၄၆ ထိ<br>၂၃၈ မှ ၂၉၁ ထိ | ရွှေဘို<br>ရေနံချောင်း |

အစမ်းလေ့ကျင့်ရက်
၂၄။ (၂၁-၃-၂၀၁၇)ရက်(တတိယနေ့) မွန်းလွဲ ၂း၀၀နာရီ ၁၈-၃-၂၀၁၇ရက် နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁၇၃မှ၂၄၅ထိ<br>၈၇၇မှ၉၅၀ထိ | ရွှေဘို<br>မုံရွာ |
| | | အင်္ဂလိပ်စာအထူးပြု | ၈၀၇မှ၈၈၅ထိ<br>၁၇၄မှ၂၅၆ထိ | ရတနာပုံ<br>မကွေး |
| | | စီးပွားရေးပညာအထူးပြု | ၁မှ၅၀ထိ<br>၁၂၀မှ၁၉၆ထိ | ရတနာပုံ<br>မကွေး |
| | | ပထဝီဝင်အထူးပြု | ၂၅၂မှ၃၂၂ထိ<br>၇၆၀မှ၈၇၉ထိ | ကျောက်ဆည်<br>ပခုက္ကူ |
| | | သမိုင်းအထူးပြု | ၁၄၉မှ ၂၀၀ထိ<br>၂၉၄မှ ၃၅၉ထိ | ရွှေဘို<br>ရေနံချောင်း |

အစမ်းလေ့ကျင့်ရက်
၂၅။ (၂၄-၃-၂၀၁၇)ရက်(ပထမနေ့) နံနက် (၉း၀၀)နာရီ ၂၃-၃-၂၀၁၇ရက် နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၂၄၇မှ ၃၂၅ထိ<br>၄မှ ၁၄၆ထိ | ရွှေဘို<br>ပခုက္ကူ |
| | | အင်္ဂလိပ်စာအထူးပြု | ၈၈၆မှ ၉၆၄ထိ<br>၂၅၇မှ၃၅၈ထိ | ရတနာပုံ<br>မကွေး |
| | | စီးပွားရေးပညာအထူးပြု | ၅၁မှ ၁၀၄ထိ<br>၂၀၀မှ၂၇၃ထိ | ရတနာပုံ<br>မကွေး |
| | | ပထဝီဝင်အထူးပြု | ၃၂၃မှ၄၀၄ထိ<br>၈၈၀မှ၉၉၁ထိ | ကျောက်ဆည်<br>ပခုက္ကူ |
| | | သမိုင်းအထူးပြု | ၂၀၁မှ ၂၅၂ထိ<br>၃၆၀မှ ၃၇၆ထိ<br>၁မှ၃၂ထိ | ရွှေဘို<br>ရေနံချောင်း<br>မြင်းခြံ |

အစမ်းလေ့ကျင့်ရက်
၂၆။ (၂၄-၃-၂၀၁၇)ရက်(ပထမနေ့) မွန်းလွဲ ၂း၀၀နာရီ ၂၃-၃-၂၀၁၇ရက် နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၃၂၆မှ၃၉၆ထိ<br>၁၄၉မှ၂၄၉ထိ | ရွှေဘို<br>ပခုက္ကူ |
| | | အင်္ဂလိပ်စာအထူးပြု | ၉၆၅မှ၁၀၄၂ထိ<br>၃၆၁မှ၄၃၁ထိ | ရတနာပုံ<br>မကွေး |
| | | စီးပွားရေးပညာအထူးပြု | ၁၀၆မှ၁၅၈ထိ<br>၂၇၄မှ၃၄၂ထိ | ရတနာပုံ<br>မကွေး |
| | | ပထဝီဝင်အထူးပြု | ၄၀၆မှ၄၇၅ထိ<br>၁မှ၆၈ထိ | ကျောက်ဆည်<br>မုံရွာ |
| | | သမိုင်းအထူးပြု | ၂၅၃မှ ၃၀၆ထိ<br>၃၃မှ ၉၀ထိ | ရွှေဘို<br>မြင်းခြံ |

အစမ်းလေ့ကျင့်ရက်
၂၇။ (၂၅-၃-၂၀၁၇)ရက်(ဒုတိယနေ့) နံနက် (၉း၀၀)နာရီ ၂၃-၃-၂၀၁၇ရက် နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၃၉၇မှ၄၈၁ထိ<br>၂၅၀မှ၃၉၇ထိ | ရွှေဘို<br>ပခုက္ကူ |
| | | အင်္ဂလိပ်စာအထူးပြု | ၂မှ၆၉ထိ<br>၄၃၂မှ၅၂၇ထိ | တောင်ကြီး<br>မကွေး |
| | | စီးပွားရေးပညာအထူးပြု | ၁၅၉မှ၁၈၂ထိ<br>၁မှ၄၁ထိ<br>၃၄၃မှ၄၀၁ထိ | ရတနာပုံ<br>ကျောက်ဆည်<br>မကွေး |
| | | ပထဝီဝင်အထူးပြု | ၄၇၆မှ၅၃၉ထိ<br>၆၉မှ၁၃၀ထိ | ကျောက်ဆည်<br>မုံရွာ |
| | | သမိုင်းအထူးပြု | ၃၀၈မှ ၃၅၆ထိ<br>၉၁မှ ၁၄၀ထိ | ရွှေဘို<br>မြင်းခြံ |

အစမ်းလေ့ကျင့်ရက်
၂၈။ (၂၅-၃-၂၀၁၇)ရက်(ဒုတိယနေ့) မွန်းလွဲ (၂း၀၀)နာရီ ၂၃-၃-၂၀၁၇ရက် နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၄၈၂ မှ ၅၅၉ ထိ<br>၁ မှ ၇၂ ထိ | ရွှေဘို<br>မြင်းခြံ |
| | | အင်္ဂလိပ်စာအထူးပြု | ၇၀ မှ ၁၃၈ ထိ<br>၅၂၈ မှ ၆၂၂ ထိ | တောင်ကြီး<br>မကွေး |
| | | စီးပွားရေးပညာအထူးပြု | ၁၃၈ မှ ၂၀၉ ထိ<br>၄၂ မှ ၈၃ ထိ<br>၄၀၅ မှ ၄၈၄ ထိ | ရတနာပုံ<br>ကျောက်ဆည်<br>မကွေး |
| | | ပထဝီဝင်အထူးပြု | ၅၄၂ မှ ၆၀၄ ထိ<br>၁၃၁ မှ ၁၉၂ ထိ | ကျောက်ဆည်<br>မုံရွာ |
| | | သမိုင်းအထူးပြု | ၃၅၇ မှ ၄၁၄ ထိ<br>၂ မှ ၅၃ ထိ | ရွှေဘို<br>ကလေး |

အစမ်းလေ့ကျင့်ရက်
၂၉။ (၂၆-၃-၂၀၁၇)ရက်(တတိယနေ့) နံနက် (၉း၀၀)နာရီ ၂၃-၃-၂၀၁၇ရက် နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၅၀၆ မှ ၆၃၅ ထိ<br>၇၃ မှ ၁၄၇ ထိ | ရွှေဘို<br>မြင်းခြံ |
| | | အင်္ဂလိပ်စာအထူးပြု | ၁၄၀ မှ ၂၁၃ ထိ<br>၆၃၁ မှ ၇၀၆ ထိ | တောင်ကြီး<br>မကွေး |
| | | စီးပွားရေးပညာအထူးပြု | ၈၄ မှ ၁၅၁ ထိ<br>၄၈၅ မှ ၅၂၃ ထိ | ကျောက်ဆည်<br>မကွေး |
| | | ပထဝီဝင်အထူးပြု | ၆၀၅ မှ ၆၆၀ ထိ<br>၁၉၃ မှ ၂၆၅ ထိ | ကျောက်ဆည်<br>မုံရွာ |
| | | သမိုင်းအထူးပြု | ၄၁၅ မှ ၄၇၃ ထိ<br>၅၄ မှ ၁၀၂ ထိ | ရွှေဘို<br>ကလေး |

အစမ်းလေ့ကျင့်ရက်
၃၀။ (၂၆-၃-၂၀၁၇)နေ့ (တတိယနေ့) မွန်းလွဲ (၂း၀၀)နာရီ (၂၃-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၆၃၇ မှ ၆၈၈ ထိ<br>၁၄၈ မှ ၂၀၁ ထိ<br>၁ မှ ၃၈ ထိ | ရွှေဘို<br>မြင်းခြံ<br>ဖန်းမော် |
| | | အင်္ဂလိပ်စာအထူးပြု | ၇၀၇ မှ ၈၃၃ ထိ<br>၁ မှ ၇၀ ထိ | မကွေး<br>လားရှိုး |
| | | စီးပွားရေးပညာအထူးပြု | ၁၅၂ မှ ၂၀၇ ထိ<br>၄ မှ ၇၄ ထိ | ကျောက်ဆည်<br>မုံရွာ |
| | | ပထဝီဝင်အထူးပြု | ၁ မှ ၅၅ ထိ<br>၂၆၆ မှ ၃၂၇ ထိ | မိုးညှင်း<br>မုံရွာ |
| | | သမိုင်းအထူးပြု | ၄၇၄ မှ ၅၃၄ ထိ<br>၁၀၃ မှ ၁၇၉ ထိ | ရွှေဘို<br>ကလေး |

အစမ်းလေ့ကျင့်ရက်
၃၁။ (၂၉-၃-၂၀၁၇)နေ့ (ပထမနေ့) နံနက် (၉း၀၀)နာရီ (၂၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁ မှ ၄၅ ထိ<br>၂၀၂ မှ ၂၇၆ ထိ<br>၃၉ မှ ၆၇ ထိ | လားရှိုး<br>မြင်းခြံ<br>ဖန်းမော် |
| | | အင်္ဂလိပ်စာအထူးပြု | ၈၃၄ မှ ၉၂၁ ထိ<br>၇၁ မှ ၁၃၉ ထိ | မကွေး<br>လားရှိုး |
| | | စီးပွားရေးပညာအထူးပြု | ၂၀၈ မှ ၂၆၅ ထိ<br>၇၅ မှ ၁၇၀ ထိ | ကျောက်ဆည်<br>မုံရွာ |
| | | ပထဝီဝင်အထူးပြု | ၅၆ မှ ၁၁၃ ထိ<br>၃၂၈ မှ ၃၇၂ ထိ<br>၂ မှ ၃၄ ထိ | မိုးညှင်း<br>မုံရွာ<br>ကလေး |
| | | သမိုင်းအထူးပြု | ၁ မှ ၅၂ ထိ<br>၁ မှ ၆၄ ထိ | လားရှိုး<br>မကွေး |

အစမ်းလေ့ကျင့်ရက်
၃၂။ (၂၉-၃-၂၀၁၇)နေ့ (ပထမနေ့) မွန်းလွဲ (၂း၀၀)နာရီ (၂၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၄၆ မှ ၁၁၃ ထိ<br>၂၇၇ မှ ၃၅၀ ထိ | လားရှိုး<br>မြင်းခြံ |
| | | အင်္ဂလိပ်စာအထူးပြု | ၁၄၀ မှ ၂၂၁ ထိ<br>၉၂၅ မှ ၁၀၂၃ထိ | လားရှိုး<br>မကွေး |
| | | စီးပွားရေးပညာအထူးပြု | ၂၆၆ မှ ၂၉၃ ထိ<br>၁ မှ ၂၅ ထိ<br>၁၇၁ မှ ၂၅၂ထိ | ကျောက်ဆည်<br>မိတ္ထီလာ<br>မုံရွာ |
| | | ပထဝီဝင်အထူးပြု | ၃ မှ ၂၀ ထိ<br>၃၅ မှ ၁၂၇ ထိ<br>၁၁၄ မှ ၁၅၃ထိ | ဖန်းမော်<br>ကလေး<br>မိုးညှင်း |
| | | သမိုင်းအထူးပြု | ၅၃ မှ ၁၀၆ ထိ<br>၆၅ မှ ၁၂၈ ထိ | လားရှိုး<br>မကွေး |

အစမ်းလေ့ကျင့်ရက်
၃၃။ (၃၀-၃-၂၀၁၇)နေ့ (ဒုတိယနေ့) နံနက် (၉း၀၀)နာရီ (၂၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာ | မြန်မာစာအထူးပြု | ၁၁၄ မှ ၁၉၁ ထိ<br>၃၅၁ မှ ၄၂၂ ထိ | လားရှိုး<br>မြင်းခြံ |
| | | အင်္ဂလိပ်စာအထူးပြု | ၂၂၂ မှ ၂၅၂ ထိ<br>၁ မှ ၅၈ ထိ<br>၁ မှ ၆၄ ထိ | လားရှိုး<br>ကလေး<br>ကျောက်ဆည် |
| | | စီးပွားရေးပညာအထူးပြု | ၂၆ မှ ၅၆ ထိ<br>၂၉၄ မှ ၃၃၁ ထိ<br>၂၅၄ မှ ၃၄၂ ထိ | မိတ္ထီလာ<br>ကျောက်ဆည်<br>မုံရွာ |
| | | ပထဝီဝင်အထူးပြု | ၂၁ မှ ၈၀ ထိ<br>၁ မှ ၆၈ ထိ | ဖန်းမော်<br>မြင်းခြံ |
| | | သမိုင်းအထူးပြု | ၁ မှ ၄၅ ထိ<br>၁၂၉ မှ ၂၁၂ ထိ | တောင်ကြီး<br>မကွေး |

အစမ်းလေ့ကျင့်ရက်
၃၄။ (၃၀-၃-၂၀၁၇)နေ့ (ဒုတိယနေ့) မွန်းလွဲ (၂း၀၀)နာရီ (၂၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁၉၂ မှ ၂၂၇ ထိ<br>၄၂၃ မှ ၄၉၁ ထိ<br>၁ မှ ၃၇ ထိ | လားရှိုး<br>မြင်းခြံ<br>မိုးညှင်း |
| | | အင်္ဂလိပ်စာအထူးပြု | ၆၅ မှ ၁၇၄ ထိ<br>၅၉ မှ ၁၀၇ ထိ | ကျောက်ဆည်<br>ကလေး |
| | | စီးပွားရေးပညာအထူးပြု | ၅၇ မှ ၁၁၅ ထိ<br>၃၄၅ မှ ၄၁၃ ထိ | မိတ္ထီလာ<br>မုံရွာ |
| | | ပထဝီဝင်အထူးပြု | ၈၄ မှ ၁၄၄ ထိ<br>၇၀ မှ ၁၄၁ ထိ | ဖန်းမော်<br>မြင်းခြံ |
| | | သမိုင်းအထူးပြု | ၄၆ မှ ၇၀ ထိ<br>၂၁၃ မှ ၃၄၆ ထိ<br>၁ မှ ၂၆ ထိ | တောင်ကြီး<br>မကွေး<br>ဖန်းမော် |

အစမ်းလေ့ကျင့်ရက်
၃၅။ (၃၁-၃-၂၀၁၇)နေ့ (တတိယနေ့) နံနက် (၉း၀၀)နာရီ (၂၈-၃-၂၀၁၇) နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၁ မှ ၃၆ ထိ<br>၄၉၂ မှ ၅၆၇ ထိ<br>၃၈ မှ ၇၂ ထိ | ကျောက်ဆည်<br>မြင်းခြံ<br>မိုးညှင်း |
| | | အင်္ဂလိပ်စာအထူးပြု | ၁ မှ ၄၇ ထိ<br>၁၇၇ မှ ၂၇၀ ထိ | မိတ္ထီလာ<br>ကျောက်ဆည် |
| | | စီးပွားရေးပညာအထူးပြု | ၁၁၆ မှ ၁၈၆ ထိ<br>၄၂၁ မှ ၅၁၂ ထိ | မိတ္ထီလာ<br>မုံရွာ |
| | | ပထဝီဝင်အထူးပြု | ၁ မှ ၆၅ ထိ<br>၁ မှ ၃၃ ထိ<br>၁၄၂မှ ၁၇၆ ထိ | လားရှိုး<br>ရေနံချောင်း<br>မြင်းခြံ |
| | | သမိုင်းအထူးပြု | ၁ မှ ၄၆ ထိ<br>၂၈မှ ၈၆ ထိ | မိတ္ထီလာ<br>ဖန်းမော် |

အစမ်းလေ့ကျင့်ရက်
၃၆။ (၃၁-၃-၂၀၁၇)ရက်(တတိယနေ့) မွန်းလွဲ (၂း၀၀)နာရီ ၂၈-၃-၂၀၁၇ရက် နံနက်(၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
| (က) | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ၃၇ မှ ၇၃ ထိ<br>၅၆၈ မှ ၆၃၃ထိ<br>၇၄ မှ ၁၁၅ ထိ | ကျောက်ဆည်<br>မြင်းခြံ<br>မိုးညှင်း |
| | | အင်္ဂလိပ်စာအထူးပြု | ၄၈ မှ ၁၀၁ ထိ<br>၂၇၁ မှ ၄၁၃ထိ | မိတ္ထီလာ<br>ကျောက်ဆည် |
| | | စီးပွားရေးပညာအထူးပြု | ၅၁၄ မှ ၅၇၇ထိ<br>၁ မှ ၅၉ ထိ<br>၁ မှ ၁၃ ထိ | မုံရွာ<br>မြစ်ကြီးနား<br>ကျိုင်းတုံ |
| | | ပထဝီဝင်အထူးပြု | ၆၆ မှ ၁၂၉ ထိ<br>၃၄ မှ ၉၇ ထိ | လားရှိုး<br>ရေနံချောင်း |
| | | သမိုင်းအထူးပြု | ၄၇ မှ ၉၉ ထိ<br>၁ မှ ၅၄ ထိ | မိတ္ထီလာ<br>ကျောက်ဆည် |

အစမ်းလေ့ကျင့်ရက်
၃၇။ (၃-၄-၂၀၁၇)ရက်(ပထမနေ့) နံနက် (၉း၀၀)နာရီ ၂-၄-၂၀၁၇ရက် နံနက် (၁၀း၀၀)နာရီ

| စဉ် | ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ဌာနခွဲ |
|---|---|---|---|---|
